# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## ပန်ဆင်သူအကျိုးကို ဆောင်နိုင်

တရားကိုစောင့်သူသည် တရား၏ တစ်ဖန်စောင့်ရှောက်ခြင်းကို ခံစားရသကဲ့သို့ ကောင်းစွာဟောကြားအပ်သော မြတ်စွာဘုရား၏ စကားတော်သည် လိုက်နာကျင့်ကြံသူအား အကျိုးကို ဆောင်နိုင်၏။ အဘယ်ကဲ့သို့နည်းဟူမူကား အဆင်းအနံ့နှင့် ပြည့်စုံသော ပန်းသည် ပန်ဆင်သူအား အကျိုးကို ဆောင်နိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၂)


၁၃၈၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက် | ၂၀၁၈ ခုနှစ်၊ ဇူလိုင် ၁၇ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၂၈၈)


# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂျပန်ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်နိုင်ငံက မြန်မာနိုင်ငံအတွက် ဖွံ့ဖြိုးမှုအကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စရပ်များ၊ ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ လျှပ်စစ်နှင့် ဆောက်လုပ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ရန်ကုန်မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ◆

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဆင့္ဂမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် အတွင်းရေးမှူးအဖွဲ့အဖွဲ့ဝင်များ၊ အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်အစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့၊ နိုင်ငံရေးပါတီများအစုအဖွဲ့တို့မှ ခေါင်းဆောင်များနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❒



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

သတင်းစဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဆင့္ဂမနေ့တွင် ကျေးဇူးတင်စကားပြောကြားစဉ်။

သတင်းစဉ်




မြန်မာ့အလင်း

# ခိုင်မာသောတွဲမြဲလက်တို့၏ ဟန်ချက်ညီခြေလှမ်းများ

လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအပါအဝင် ပြည်ထောင်စုကြီး တစ်ရပ်လုံး၏ အမျိုးသားခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည်မှာ (၇၁) နှစ်ပြည့်တော့မည် ဖြစ်ပါသည်။ သို့သော် ယနေ့အချိန်အထိ ပြည်တွင်း ငြိမ်းချမ်းရေး အပြည့်အဝ မရရှိသေးခြင်းနှင့်အတူ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အပေါ် အခြေခံသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို မတည်ဆောက်နိုင်သေးခြင်းသည် တိုင်းပြည်၏အနာဂတ်အတွက် အဟန့်အတားတစ်ရပ် ဖြစ်နေပါသည်။ စိတ်အားတက်စရာကောင်းသည်မှာ ဤအဟန့်အတားအား ကျော်လွှားနိုင်မည့် ခိုင်မာသော တွဲမြဲလက်တို့၏ ဟန်ချက်ညီခြေလှမ်းတို့ကို အသေအချာမြင်တွေ့လာရခြင်း ဖြစ်ပါသည်။

(၁၇)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ **UPDJC** အစည်းအဝေး၌ ဤပူးတွဲကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက ဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်စနစ်အပေါ် အခြေခံသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အား တည်ဆောက်နိုင်ရေးအတွက် ခိုင်ခိုင်မာမာ မြဲမြဲမြံမြံ လက်တွဲလျက် ဟန်ချက်ညီညီ လျှောက်လှမ်းကြိုးပမ်းနေသည်ကို တင်ပြခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေက မူလရည်ရွယ်ချက်ထားသည့်အတိုင်း ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှုပြီး လွတ်လပ်မှု၊ တန်းတူညီမျှရှိမှုနှင့် တရားမျှတမှုတို့ကိုအခြေခံလျက် ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်အပေါ်အခြေခံသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ထူထောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေသည်တို့ကို ရှင်းလင်းတင်ပြခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးက ကျင်းပလျက်ရှိသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၌ ပါဝင်သင့်ပါဝင်ထိုက်သည့် ပုဂ္ဂိုလ်များအားလုံး ပါဝင်လာသည်ကို အလေးအနက်ထား ပြောကြားခဲ့ပါသည်။

မိမိတို့အချင်းချင်း အပေးအယူ အလျှော့အတင်း ပြုလုပ်ရမည်ဟူသော ပြည်ထောင်စုဝန်ကြီး၏ တိုက်တွန်းစကားသည် ငြိမ်းချမ်းရေးဆွေးနွေးမှု၏ သော့ချက်ကို ထောက်ပြလိုက်ခြင်း ဖြစ်ပါသည်။ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ **(UPDJC)** ၏ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းက "ပြည်တွင်းငြိမ်းချမ်းရေးဆွေးနွေးပွဲကို ဆက်လက်ကျင်းပနိုင်တာက အင်မတန်မှ ကျွန်တော်တို့ကံကောင်းတယ်လို့ ပြောချင်ပါတယ်။ နှစ်ပေါင်း (၇၀)အတွင်းမှာ ဒီလိုညီလာခံမျိုးမရှိခဲ့ဘူး" ဟု ပြောကြားခဲ့ခြင်းသည် လည်းကောင်း၊ ဤပူးတွဲကော်မတီ **(UPDJC)** ၏ ဒုတိယဥက္ကဋ္ဌတစ်ဦးဖြစ်သော ဦးသုဝေက "**UPDJC** ရဲ့ ဦးဆောင်မှုနဲ့ ငြိမ်းချမ်းရေးဟာ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်အောင်မြင်လျက်ရှိပါတယ်" ဟု ပြောကြားခဲ့ခြင်းသည် လည်းကောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၏ သမိုင်းတွင်မည့်ခြေလှမ်းတို့ကို လှစ်ဟဖော်ပြနေပါသည်။ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၂) အဖြစ် လက်မှတ်ရေးထိုးနိုင်ရန် တင်သွင်းသည့် ကဏ္ဍလေးခု၏ အချက် (၁၄)ချက်၌ နိုင်ငံရေးကဏ္ဍတွင်ပါရှိသည့် စကားလုံးအချို့ကို ပြင်ဆင်ခဲ့ရပြီး ဝိဝါဒကွဲပြားမှုများရှိခဲ့သော်လည်း အပြီးသတ်၌ သဘောတူညီမှု ရရှိခဲ့ခြင်းသည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် ဖုံးလွှမ်းလျက်ရှိသော ပြည်ထောင်စုစိတ်ဓာတ်ကို ရည်ညွှန်းဖော်ပြနေပါသည်။ ဤညီလာခံ၌ နိုင်ငံရေးကဏ္ဍ လေးချက်၊ စီးပွားရေးကဏ္ဍ တစ်ချက်၊ လူမှုရေးကဏ္ဍ ခုနစ်ချက်၊ မြေယာနှင့် သဘာဝဝန်းကျင်ကဏ္ဍ နှစ်ချက် စုစုပေါင်း ၁၄ ချက်တို့အား ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း(၂)အဖြစ် လက်မှတ်ရေးထိုးရန် သဘော တူညီခဲ့ခြင်းသည် ခိုင်မာသောတွဲမြဲလက်တို့၏ ဟန်ချက်ညီခြေလှမ်းတို့ကို အားမာန်အပြည့် မီးမောင်းထိုး တင်ပြလိုက်ခြင်းဖြစ်ပါကြောင်း လေးနက်စွာ တင်ပြအပ်ပါသည်။ ။

## အမျိုးသားလွှတ်တော်သို့ လာရောက်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၁၆**

ရန်ကုန်စီးပွားရေးတက္ကသိုလ် အသုံးချဘောဂဗေဒဌာနမှ တာဝန်ယူဖွင့်လှစ်သော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာ မဟာဘွဲ့သင်တန်းတွင် တက်ရောက်နေသော အချိန်ပြည့်/အချိန်ပိုင်း သင်တန်းသား သင်တန်းသူ စုစုပေါင်း ၁၇၆ ဦးတို့သည် အမျိုးသားလွှတ်တော်သို့ ဇူလိုင် ၁၆ ရက်တွင် လာရောက်လေ့လာကြကြောင်း သိရသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော်အစည်းအဝေး စတင်ကျင်းပသည့်ရက်မှ ယနေ့အထိ အမျိုးသားလွှတ်တော်သို့ လာရောက်သည့် ဧည့်သည်စုစုပေါင်းမှာ ပြည်တွင်းဧည့်သည် ၁၅၄၉၄ ဦးနှင့် ပြည်ပဧည့်သည် ၁၆၁၆ ဦးရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလုပ်ငန်းအားအရင်းအမြစ်ဦးစီးဌာန၊ ဆေးတက္ကသိုလ် (မကွေး) ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာခင်ဇော် ကို အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း ကော့မှူးမြို့နယ် ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇူလိုင် ၁၆**

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် ဝန်ကြီးများအဖွဲ့သည် ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်သို့ ရောက်ရှိပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်စေရေး လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေးအတွက် လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



ဝန်ကြီးချုပ်နှင့် ဝန်ကြီးများအဖွဲ့သည် အောင်ဇမ္ဗူဘုန်းတော်ကြီးသင် ပညာရေးကျောင်းသို့ သွားရောက်ခဲ့ပြီး ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တကေတုမာလာအား ဖူးမြော်ကြည်ညိုပြီး ဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ ထို့နောက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဖွင့်လှစ်သော ဟိုတယ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုသင်တန်းကျောင်း (HCTA) ကျောင်း၊ Hospitality And Catering Training Academy မှ ကျောင်းအုပ်ဆရာကြီး ဦးသော်ဇင်မောင်မောင်နှင့် တွေ့ဆုံ၍ ကျောင်း၏ လိုအပ်ချက်များ မေးမြန်းခဲ့ကာ ကျောင်းဝင်းအတွင်း ကြည့်ရှုခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့သည်။

ယင်းနောက် ကော့မှူးမြို့နယ် အားကစားခန်းမ ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများ၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း ဖွင့်လှစ်သော ရွှေလျားစာကြည့်တိုက် လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများ၊ ဘုရားလမ်းရပ်ကွက်ရှိ အခြေခံပညာ မူလတန်းလွန်ကျောင်း ပတုပ်စာသင်ကျောင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မြို့တွင်းလမ်းများကောင်းမွန်စေရေး၊ စာသင်ကျောင်းများ သန့်ရှင်းသာယာလှပစေရေး၊ လမ်းတံတားများ ကောင်းမွန်စေရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မွန်းလွဲ ၁၂ နာရီခွဲတွင် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများနှင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**နိုင်လင်းကျော်(ဒလ)၊ ကျော်သူရ**

## အွန်လိုင်းစုံစမ်း ထောက်လှမ်းမှုဆွေးနွေးပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၁၆**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) တို့ပူးပေါင်းပြီး အွန်လိုင်းစုံစမ်းထောက်လှမ်းမှုဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် မန္တလေးမြို့ Hotel Mandalay ၌ ကျင်းပသည်။

အခမ်းအနားသို့ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်အောင်နှင့် ဖိတ်ကြားထားသည့် အရာရှိကြီးများ၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့အခြေစိုက် အရှေ့တောင်အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC) မှ Programme Coordinator Mr. Zhiqiang Tao နှင့် နည်းပြ ငါးဦး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ လက်တွေ့လုပ်ငန်းခွင် ဆောင်ရွက်နေသော အရာရှိ ၂၄ ဦး၊ စုစုပေါင်း ၃၈ ဦး တက်ရောက်သည်။




အလုပ်ရုံ ဆွေးနွေးပွဲအခမ်းအနားတွင် ဗဟိုအဖွဲ့၊ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့၊ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်အောင် (ဝဲပုံ)နှင့် UNODC မှ Programme Coordinator Mr. Zhiqiang Tao တို့က အဖွင့်အမှာစကား ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မှောင်ခိုဈေးကွက်အတွင်း တရားမဝင် မူးယစ်ဆေးဝါးနှင့် ပရိကာဆာ သယ်ဆောင်ရောင်းဝယ်မှုနေရာများကို စုံစမ်းဖော်ထုတ် တရားစွဲဆိုနိုင်ရေးလုပ်ငန်းနှင့် စွမ်းရည်များ တိုးတက်မြင့်မားလာစေရန်၊ အွန်လိုင်း မူးယစ်ဆေးဝါးမှုခင်းများအတွက် မှုခင်းလေ့လာချက်များကို မျှဝေပြီး ဒစ်ဂျစ်တယ် မှုခင်းဆေးပညာနှင့် ပတ်သက်သော နည်းပညာများကို ဆွေးနွေးကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲနှင့် ပြည်သူလူထုကျန်းမာရေးအသိပညာပေး ဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၆**

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲနှင့် ပြည်သူလူထု ကျန်းမာရေးအသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၀ ရက်(သောကြာနေ့)မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပမည်ဖြစ်သည်။

စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲတွင် ပါမောက္ခ ခင်ပြုံးကြည်၊ ပါမောက္ခ ထင်အောင်စော၊ ပါမောက္ခ မာမာကြည်၊ ပါမောက္ခ ယဉ်ယဉ်စိုး၊ တွဲဖက်ပါမောက္ခ နိုင်ဦးနှင့် တွဲဖက်ပါမောက္ခ သန်းဝင်းတို့က ဟောပြောမည်ဖြစ်ပြီး ပြည်သူလူထု ကျန်းမာရေး အသိပညာပေးဟောပြောပွဲတွင် ပါမောက္ခခင်ပြုံးကြည်က "အသည်းရောင်ရောဂါ ဘီနှင့် စီရောဂါများအကြောင်း သိကောင်းစရာ"၊ ပါမောက္ခ ယဉ်ယဉ်စိုး က "သားဆက်ခြားခြင်း သိမှတ်စရာများ"၊ တွဲဖက်ပါမောက္ခနိုင်ဦးက "သွေးလွန်တုပ်ကွေးရောဂါကာကွယ်ပါ"၊ တွဲဖက် ပါမောက္ခသန်းဝင်းက" သိမှတ်စရာအဖြာဖြာ အစာအိမ်ရောဂါဆိုသည်မှာ ခေါင်းစဉ်တို့ဖြင့် ဟောပြောမည်ဖြစ်ကြောင်း၊ ဆရာဝန်အားလုံးနှင့် စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

**ဗထူး**

## လေဖိအားနည်းရပ်ဝန်း အိန္ဒိယသြရိဿကမ်းခြေဝင်ရောက်

**နေပြည်တော် ဇူလိုင် ၁၆** - မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ သြရိဿကမ်းခြေသို့ ရွေ့လျားဝင်ရောက်ခဲ့ပြီး ဖြစ်သည်။

**မိုး/ဇလ**

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၁၆** - စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့် တောင်ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

**မိုး/ဇလ**



# လုံ့လဝီရိယ လျှော့လို့မဖြစ်

ခြင်္သေ့မင်းများဟာ တောကောင်ကို လိုက်တဲ့နေရာမှာ ကြီးတာငယ်တာ ပမာနမထားဘဲနဲ့ ကြီးကြီးငယ်ငယ် လုံ့လစိုက်တဲ့နေရာမှာ အဲဒီအတိုင်းပဲ လုံ့လစိုက်သွားတယ်။ အဲဒီလိုထုံးအတိုင်းပဲ ကျွန်တော်တို့က ပန်းတိုင်ရောက်တဲ့အထိ အောင်မြင်လာတဲ့တိုင်အောင် ကျွန်တော်တို့က ကြိုးစားမှု၊ အားထုတ်မှုကို လျှော့လို့မဖြစ်နိုင်ဘူး။ လုံ့လဝီရိယကို လျှော့လို့မဖြစ်နိုင်ဘူး။ ဆတက်ထမ်းပိုးသာ ကျွန်တော်တို့လုပ်ဖို့လိုတယ်။

(၁၉၄၇ ခုနှစ်၊ ဇူလိုင် ၁၃ ရက် မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးကြီး၌ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

◆ *ရှေ့စုံးမှ*

ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးစိုးဝင်းနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာဂျပန်နိုင်ငံသံအမတ်ကြီး H. E. Mr. Ichiro MARUYAMA လည်း တက်ရောက်သည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိ ဦးဆောင်သည့် အဖွဲ့နှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

သတင်းစဉ်

❒ *ရှေ့စုံးမှ*

အဖွဲ့ဝင်များ၊ အစုအဖွဲ့အသီးသီးမှ ပါဝင်သင့်ပါဝင်ထိုက်သူများ၊ လေ့လာသူများ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညီလာခံတွင် ဦးဆောင်သဘာပတိအဖြစ် ပဒိုစောကွယ်ထူးဝင်းက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ဒုတိယ




**ညီလာခံ ဦးဆောင်သဘာပတိ ပဒိုစောကွယ်ထူးဝင်း အဖွင့်အမှာစကားပြောကြားစဉ်။** သတင်းစဉ်

ဗိုလ်ချုပ်ကြီးတင်မောင်ဝင်း၊ ဦးကျော်တင့်ဆွေ၊ ဒေါ်နီနီရွှေလျှန်းနှင့် ဦးမြင့်စိုးတို့က ဆောင်ရွက်ကြသည်။

### ဆွေးနွေးငြင်းခုံအဖြေရှာနိုင်

ရှေးဦးစွာ ညီလာခံဦးဆောင်သဘာပတိ ပဒိုစောကွယ်ထူးဝင်းက အဖွင့်အမှာစကားပြောကြားရာတွင် တစ်ချိန်က မိမိတို့ အမျိုးသားများ၏ နိုင်ငံရေးလိုလားချက်၊ ရပ်တည်ချက်များကို ရရှိရန်အတွက် လက်နက်ကိုင်နည်း၊ တော်လှန်ရေးနည်းလမ်းနှင့် အသက်ပေါင်းများစွာရင်းပြီး ရုန်းကန်တိုက်ပွဲဝင်ရာမှ အခုလို အတူတကွ ပဋိပက္ခဖြစ်ပွားဖက်များအကြား မျက်နှာချင်း ဆိုင်ပြီး၊ တန်းတူရည်တူဆွေးနွေး ငြင်းခုံအဖြေရှာနိုင်သည့် အဆင့်တစ်ဆင့်ကို ရောက်ရှိလာနိုင်အောင် အမြော်အမြင်ရှိရှိဆောင်ရွက်ခဲ့သော နိုင်ငံတော်၏ ခေါင်းဆောင်များအားလုံးကို တိုင်းရင်းသားပြည်သူများ၏ကိုယ်စား အထူးကျေးဇူးတင်ရပါသည်ဟု ပြောကြားလိုပါကြောင်း။

### သဘောတူညီချက်များ ဆုံးဖြတ်နိုင်ခဲ့

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးကို ၆ ရက်တာအတွင်း၊ ညီလာခံကို အောင်အောင်မြင်မြင်နှင့် ကျင်းပနိုင်ခဲ့ပါကြောင်း၊ ညီလာခံတက်ရောက်သည့် အစုအဖွဲ့အသီးသီးမှ ခေါင်းဆောင်ကိုယ်စားလှယ်များတို့က တက်တက်ကြွကြွ ဆွေးနွေးငြင်းခုံအဖြေရှာပြီး သဘောတူညီချက်များကို ဆုံးဖြတ်ချမှတ်နိုင်ခဲ့သည့်အတွက် ပါဝင်ဆွေးနွေးသော အဖွဲ့အစည်းအသီးသီးမှ ခေါင်းဆောင်၊ ကိုယ်စားလှယ်များ အားလုံးကိုလည်း အထူးကျေးဇူးတင်ရပါကြောင်း။

### ရလဒ်များကို ဆက်လက်ဆောင်ရွက်

ယခုကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁) ရာစုပင်လုံတတိယအစည်းအဝေးက နိုင်ငံရေးသဘောတူညီချက်ရရှိမှုမှာ အချက်အားဖြင့်မများသော်လည်း အနှစ်သာရအားဖြင့် အနာဂတ်ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်သည်ရှင်သန်ပြီး ပိုမိုကောင်းမွန်သောရလဒ်များကို ဆက်လက်ပြီး ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

### လုပ်ငန်းအဆင့်ဆင့် တိုးတက်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ တတိယအစည်းအဝေးတွင် ကဏ္ဍအလိုက်ဆွေးနွေးမှုမှ ရရှိသည့် သဘောတူဆုံးဖြတ်ချက်များကို ညီလာခံမှအတည်ပြုပြီး ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂)ကို ချုပ်ဆိုနိုင်မည်ဖြစ်သည့်အတွက်ကြောင့်လည်း NCA အကောင်အထည်ဖော်မှုလုပ်ငန်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးတည်ဆောက်မှု၏ လုပ်ငန်းအဆင့်တစ်ဆင့် တိုးတက်အောင်မြင်မှုဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပါကြောင်း။

### ကောင်းမွန်သည့်အနာဂတ်အမွေ

ယခုကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံ တတိယအစည်းအဝေးသည် တိုင်းပြု ပြည်ပြု၊ တိုင်းကျိုးပြည်ကျိုးဆောင်သောလုပ်ငန်းကို ထမ်းရွက်သည့် ညီလာခံဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် မိမိတို့ပြည်ထောင်စု၏ ဂုဏ်ရောင်ပြောင်သည့် အနာဂတ်သမိုင်းကို ညီညီညွတ်ညွတ် ရေးသားသော ညီလာခံဖြစ်ပါကြောင်း၊ မိမိတို့၏ ဆောင်ရွက်မှု၊ ဆုံးဖြတ်မှုများ၊ရေးသားမှုများသည် အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့်အမွေအနှစ်၊ ကောင်းမွန်သည့်အနာဂတ်ကိုထားခဲ့ရန် လိုအပ်ပါကြောင်း၊ မိမိတို့၏ရေးသားဆောင်ရွက်မှုသည် နောင်လာမည့်မျိုးဆက်သစ် လူငယ်များအတွက် ကောင်းမွန်သည့်အနာဂတ်အမွေကို ပေးစွမ်းမှုမရှိလျှင် မိမိတို့သည် သမိုင်း၏တရားခံများ ဖြစ်သွားနိုင်ပါကြောင်း။

### ပြည်သူတစ်ရပ်လုံး၏ အကျိုး

အနာဂတ်ပြည်ထောင်စု၏ တည်ငြိမ်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးသည် ယနေ့အနာဂတ်ပြည်ထောင်စု၏ ကံကြမ္မာကို ဖန်တီးသည့် မိမိတို့၏လက်ထဲတွင်ရှိပါကြောင်း၊ မိမိတို့၏အမြော်အမြင်ကြီးမှု၊ ပြည်ထောင်စုအပေါ်စိတ်ရင်းစေတနာရှိမှုနှင့် သမာသမတ်ကျမှုအပေါ် မူတည်ပါကြောင်း၊ မိမိတို့၏ ပြောဆိုဆွေးနွေးမှု၊ ငြင်းခုံအဖြေရှာမှုများသည် မိမိတို့ပြည်ထောင်စု၏အကျိုး၊ မိမိတို့တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ အကျိုးအတွက်ဖြစ်သည်ဟု ယုံကြည်ပါကြောင်း။

ဤညီလာခံမှ မိမိတို့သင်ခန်းစာအများကြီးရရှိမည်ဟု ယုံကြည်ပါကြောင်း၊ ဤသင်ခန်းစာများမှတစ်ဆင့် အနာဂတ်နိုင်ငံရေး ဆွေးနွေးပွဲများကို ပိုမိုကောင်းမွန်အောင် လုပ်နိုင်မည့် အစီအစဉ်များကို ချမှတ်မည်ဟုယုံကြည်ပါကြောင်း၊ လာမည့် ၂၀၁၈ ခုနှစ်မကုန်မီကျင်းပမည့် စတုတ္ထအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစု ပင်လုံကို များစွာအထောက်အကူပြုနိုင်မည်ဟု ခံယူပါကြောင်း။

### ကွာခြားသည့်ကောက်ချက်ချမှုများရှိ

မိမိတို့နိုင်ငံ၏ ဖြစ်ပေါ်မှုသမိုင်းဖြစ်စဉ် ဖြစ်တည်မှုများကို သုံးသပ်သည့်နေရာတွင် မတူညီသော ရပ်တည်မှု၊ ချဉ်းကပ်မှု ရှုထောင့်မှနေပြီး သုံးသပ်သည့်အတွက် မတူညီသည့်အမြင် ကွာခြားသည့်ကောက်ချက်ချမှုများရှိပါကြောင်း၊ မတူညီသည့်အမြင်၊ သုံးသပ်မှု၊ ကောက်ချက်ချ၊ အဖြေထုတ်မှုများကြောင့် သဘောထားကွဲလွဲမှုကို ဖြစ်စေပြီး ပဋိပက္ခဖြစ်မှုများ ဖြစ်ခြင်းဖြစ်ပါကြောင်း၊ ခြုံပြီးပြောရလျှင် ဒီမိုကရေစီ ဆိတ်သုဉ်းခြင်းနှင့် အမျိုးသားတန်းတူရေး ဆိတ်သုဉ်းခြင်းတို့ကြောင့် ဆိုနိုင်ပါကြောင်း။

*စာမျက်နှာ ၄ သို့*



**သဘာပတိ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း နိဂုံးချုပ်အမှာစကားပြောကြားစဉ်။** သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိအား နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့ညနေ ၄ နာရီတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအတွက် ဂျပန်နိုင်ငံမှ အကူအညီပေးဆောင်ရွက်ရန်ရှိသည့် စီမံချက်များအနက်မှ ဦးစားပေးစီမံချက် ၆၀ ကျော်အား အကောင်အထည်ဖော်သွားမည့် ကိစ္စ၊ ရန်ကုန်မြို့တော် မြို့ပြဖွံ့ဖြိုးရေး စီမံကိန်း၊ ရန်ကုန်မြို့ပတ်ရထားစီမံကိန်းအပါအဝင် ရန်ကုန်မြို့တွင်း သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိသည့်စီမံကိန်းများ၊ ရန်ကုန်မြို့တွင်း ယာဉ်သွားလာမှုချောမွေ့စေရေးအတွက် GPS စနစ်ထိန်းချုပ်ရေးစခန်းများ တည်ဆောက်ရေးကိစ္စ၊ ဟံသာဝတီနိုင်ငံတကာ လေယာဉ်ကွင်း တည်ဆောက်ရေးကိစ္စ၊ မြန်မာ- ဂျပန် သက်မွေးဝမ်းကျောင်း ပညာသင်ကျောင်း ဖွင့်လှစ်ရေးကိစ္စအပါအဝင် စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည့် စီမံချက်များနှင့်ပတ်သက်သည့် တိုးတက်မှုများအား အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

မြန်မာနိုင်ငံ၏ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်နိုင်ငံမှ ၂၀၁၆-၂၀၂၀ အတွက် ၅ နှစ်တာကာလအတွင်း ဂျပန်ယန်းငွေ ၈၀၀ ဘီလီယံ ပံ့ပိုးသွားရန် ကတိပြုထားသည်။

ထို့ပြင် ဂျပန်နိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စတွင် ပါဝင်ကူညီဆောင်ရွက်ပေးသွားမည့် လုပ်ငန်းများကိုလည်း ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိအား လက်ခံတွေ့ဆုံစဉ်။ သတင်းစဉ်



နိုင်ငံရေးကဏ္ဍအခြေခံမူ အဆိုပြုချက်ကို ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး(ငြိမ်း) တင်သွင်းစဉ်။



လူမှုရေးကဏ္ဍအခြေခံမူ အဆိုပြုချက်ကို ဦးနိုင်ငံလင်း တင်သွင်းစဉ်။



လွှတ်တော်အစုအဖွဲ့က ထောက်ခံကြောင်းအဆိုကို ဦးမင်းဦး တင်သွင်းစဉ်။



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့က ထောက်ခံကြောင်းအဆိုကို နိုင်အောင်မငေး တင်သွင်းစဉ်။

*စာမျက်နှာ ၃ မှ*

ယနေ့ မိမိတို့နိုင်ငံ၌ ဖြစ်ပွားသည့် ဖြစ်ပွားဆဲလက်နက်ကိုင်ပဋိပက္ခများသည် လူမျိုးရေး၊ အမျိုးသားရေးကိုအခြေခံသည့် နိုင်ငံရေး ပဋိပက္ခအကျိုးဆက်များဖြစ်ပါကြောင်း။

အထူးသဖြင့် ဤလက်နက်ကိုင်ပဋိပက္ခများသည် တိုင်းရင်းသားနယ်မြေအတွင်းတွင် ရှိနေပါသေးကြောင်း၊ ယင်းပဋိပက္ခများ အားလုံးချုပ်ငြိမ်းသွားရန် မိမိတို့ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ယင်းလက်နက်ကိုင်ပဋိပက္ခများကို ဖြစ်ပွားစေသည့် အခြေခံအမျိုးသားနိုင်ငံရေး ပြဿနာများကို ဖြေရှင်းသွားရမည်ဖြစ်ပါကြောင်း၊ ပင်လုံစိတ်ဓာတ်ဖြင့် အမျိုးသားတန်းတူရေးကိုဖော်ဆောင်ပြီး ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်ရမည်ဟု တင်ပြလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကဏ္ဍအလိုက် အခြေခံမူ အဆိုပြုချက်များကို တင်သွင်းကြရာ နိုင်ငံရေးကဏ္ဍအခြေခံမူအဆိုပြုချက်ကို တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ် ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (ငြိမ်း) က လည်းကောင်း၊ စီးပွားရေးကဏ္ဍအခြေခံမူ အဆိုပြုချက်ကို အစိုးရအစုအဖွဲ့ကိုယ်စားလှယ် ဦးလှမောင်ရွှေ က လည်းကောင်း၊ လူမှုရေးကဏ္ဍအခြေခံမူအဆိုပြုချက်ကို နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ် ဦးနိုင်ငံလင်းကလည်းကောင်း၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍအခြေခံမူ အဆိုပြုချက်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ကိုယ်စားလှယ် ခွန်မြင့်ထွန်းကလည်းကောင်း ဖတ်ကြားတင်သွင်းကြသည်။

ယင်းနောက် အစိုးရအစုအဖွဲ့ကိုယ်စားလှယ် ဦးကျော်ကျော်ဟန်၊ လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ် ဦးမင်းဦး၊ တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ် ဗိုလ်ချုပ်စိုးနိုင်ဦး၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အစုအဖွဲ့ကိုယ်စားလှယ် နိုင်အောင်မငေးနှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့ကိုယ်စားလှယ် စောထွန်းအောင်မြင့်တို့က ကဏ္ဍအလိုက်တင်သွင်းသည့် အခြေခံမူ အဆိုပြုချက်အချက် ၁၄ ချက်ကိုထောက်ခံဆွေးနွေးကြသည်။

ထို့နောက် ဦးဆောင်သဘာပတိ ပဒိုစောကွယ်ထူးဝင်းက ကဏ္ဍအလိုက်တင်ပြလာသည့် နိုင်ငံရေးကဏ္ဍ အဆိုပြုချက် ၄ ချက်၊ စီးပွားရေးကဏ္ဍအဆိုပြုချက် ၁ ချက်၊ လူမှုရေးကဏ္ဍ အဆိုပြုချက် ၇ ချက်၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ အဆိုပြုချက် ၂ ချက် စုစုပေါင်း ၁၄ ချက်အပေါ် အစိုးရအစုအဖွဲ့၊ လွှတ်တော်အစုအဖွဲ့၊ တပ်မတော်သားအစုအဖွဲ့၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအစုအဖွဲ့နှင့် နိုင်ငံရေးပါတီများ အစုအဖွဲ့တို့မှ ထောက်ခံတင်ပြပြီးဖြစ်သဖြင့် ကဏ္ဍအလိုက် အဆိုပြုချက်အခြေခံမူများအားလုံးကို တပေါင်းတစည်းတည်း အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) မှ တင်သွင်းလာသောစာတမ်းများအား UPDJC အတွင်းရေးမှူးအဖွဲ့ဝင် ဦးမျိုးဝင်းက မှတ်တမ်းတင်နိုင်ရန် ညီလာခံသို့ အဆိုပြုတင်သွင်းရာ ဦးဆောင်သဘာပတိက မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစု ပင်လုံတတိယအစည်းအဝေးမှ အတည်ပြုထားသော သဘောတူညီချက် ၁၄ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အစိုးရအစုအဖွဲ့ကိုယ်စားလှယ် ဒေါက်တာ တင်မျိုးဝင်း၊ လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ် ဦးအောင်စိုး၊ တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ် ဗိုလ်ချုပ်စန်းမြင့်၊

*စာမျက်နှာ ၅ သို့*



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးမှ အတည်ပြုထားသော သဘောတူချက် ၁၄ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် အစိုးရအစုအဖွဲ့ကိုယ်စားလှယ် ဒေါက်တာတင်မျိုးဝင်း၊ လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ် ဦးအောင်စိုး၊ တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ် ဗိုလ်ချုပ်စန်းမြင့်၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ ကိုယ်စားလှယ် ဒေါက်တာ လျန်မှုန်းဆာခေါင်းနှင့် နိုင်ငံရေးပါတီအစုအဖွဲ့ကိုယ်စားလှယ် ဦးသုဝေတို့ လက်မှတ်ရေးထိုးကြစဉ်။ သတင်းစဉ်

# ပြည်တွင်းသတင်း





နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တာဝန်ရှိသူများ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဆင္ဒမနေ့သို့ တက်ရောက်စဉ်။ သတင်းစဉ်

ညီလာခံများတွင်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ဆိုင်ရာ အခြေခံမူများကို ချမှတ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး တိုက်တွန်း**

တိုင်းပြည်၏ အင်အားသည် ပြည်တွင်းမှာသာ ရှိပါကြောင်း၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးကို တကယ်ချစ်လျှင် နိုင်ငံ၏ တိုးတက်မှုလမ်းကြောင်းတွင် အဟန့်အတားဖြစ်စေသည့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို အချိန်မဆိုင်းဘဲ ပယ်ရှားပစ်ရန် စိတ်ရင်းစေတနာမှန်နှင့် ဆက်လက်ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)လက်မှတ် မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကိုလည်း အမြန်ဆုံးပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိုလည်း တိုက်တွန်းလိုပါကြောင်း။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ပြီးပြတ်စေရေး ဆက်လက်ဆောင်ရွက်**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် မိမိတို့အားလုံး၏ ကြိုးပမ်းဆွေးနွေးဆောင်ရွက်မှုများမှ ရရှိသည့်ရလဒ်ကောင်းများကို အနာဂတ်နိုင်ငံတော်အတွက်၊ အနာဂတ်မြန်မာ့မျိုးဆက်များအတွက် လေးလေးနက်နက်ခံယူပြီး စိတ်ရင်းစေတနာမှန်မှန်ဖြင့် အောင်မြင်ပြီးမြောက်အောင် စုပေါင်းကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံအစည်းအဝေး၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များပြီးပြတ်စေရေး ဆက်လက်ဆောင်ရွက်သွားကြပါဟု အလေးထား တိုက်တွန်းပြောကြားလိုပါကြောင်း ပြောကြားသည်။

*စာမျက်နှာ ၄ မှ*

တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ကိုယ်စားလှယ် ဒေါက်တာလျန်မှုန်းဆာခေါင်းနှင့် နိုင်ငံရေးပါတီအစုအဖွဲ့ ကိုယ်စားလှယ် ဦးသုဝေတို့က လက်မှတ်ရေးထိုးကြသည်။

**လက်မှတ်ရေးထိုး**

ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း (၂)တွင် အသိသက်သေအဖြစ် အစိုးရအစုအဖွဲ့တိုင်းရင်းသားကိုယ်စားလှယ် ဦးထုံဖူးဒဂုဏ်၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့တိုင်းရင်းသားကိုယ်စားလှယ် နန်းစေးအွာ၊ နိုင်ငံရေးပါတီအစုအဖွဲ့တိုင်းရင်းသားကိုယ်စားလှယ် တာမြင့်ကျော်၊ အစိုးရအစုအဖွဲ့ပါဝင်သင့်ပါဝင်ထိုက်သူကိုယ်စားလှယ် ဦးကျော်ဝင်း၊ တိုင်းရင်းသားလက်နက်ကိုင်အစုအဖွဲ့ ပါဝင်သင့်ပါဝင်ထိုက်သူကိုယ်စားလှယ် ဦးလှကျော်အောင်နှင့် နိုင်ငံရေးပါတီအစုအဖွဲ့ပါဝင်သင့်ပါဝင်ထိုက်သူကိုယ်စားလှယ် နန်းခမ်းအုံတို့ လက်မှတ်ရေးထိုးကြသည်။

**(သဘာတူညီချက် ၁၄ ချက်၊ အစုအဖွဲ့ကိုယ်စားလှယ်များ၏ လက်မှတ်များ၊ အသိသက်သေများ၏ လက်မှတ်များကို စာမျက်နှာ-၈ တွင် ဖော်ပြထားပါသည်)**

**ကြေညာချက်ဖတ်ကြား**

ယင်းနောက် ဦးဆောင်သဘာပတိက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၏ သဘောထားထုတ်ပြန် ကြေညာချက်ကို ညီလာခံသို့ ဖတ်ကြားတင်ပြသည်။

**(ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး၏ သဘောထားထုတ်ပြန်ကြေညာချက်ကို စာမျက်နှာ-၇ တွင် ဖော်ပြထားပါသည်)**

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကျေးဇူးတင်စကား ပြောကြားသည်။

**(နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ကျေးဇူးတင်စကားကို စာမျက်နှာ-၆တွင် ဖော်ပြထားပါသည်)**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ဆင္ဒမနေ့သို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ သတင်းစဉ်

**ညှိနှိုင်းသဘောတူညီမှုရရှိ**

ယင်းနောက် ညီလာခံသဘာပတိ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်းက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကို ကျင်းပနိုင်ခြင်းသည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေးနှင့် နောင်မျိုးဆက်လူငယ်များအတွက် ကောင်းမြတ်သည့် ငြိမ်းချမ်းရေးကို လက်ဆင့်ကမ်းနိုင်ရန်အတွက် အရွေ့တစ်ခုပင် ဖြစ်ပါကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် နိုင်ငံရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍအသီးသီးတို့မှ အခြေခံမူဝါဒ ၃၇ ချက်ကို ညှိနှိုင်းဆွေးနွေး သဘောတူညီမှုရရှိခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း(၁)အဖြစ် ချုပ်ဆိုနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ ယခု ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင်လည်း နိုင်ငံရေးကဏ္ဍမှ အခြေခံမူ ၄ ချက်၊ စီးပွားရေးကဏ္ဍမှ အခြေခံမူ ၁ ချက်၊ လူမှုရေးကဏ္ဍမှ အခြေခံမူ ၇ ချက်နှင့် မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍမှ အခြေခံမူ ၂ ချက် စုစုပေါင်း ၁၄ ချက်တို့ကို ညှိနှိုင်းဆွေးနွေးသဘောတူညီမှု ရရှိနိုင်ခဲ့ပြီး ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း(၂)အဖြစ် ချုပ်ဆိုနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

**ပေါ်ပေါက်လာ**

မိမိတို့နိုင်ငံ၌ ဖြစ်ပွားခဲ့ရသည့်၊ ဖြစ်ပွားနေဆဲဖြစ်သည့် လက်နက်ကိုင်ပဋိပက္ခများဖြစ်ပွားခြင်း၏ မူလအရင်းခံဇာစ်မြစ်ကို လေ့လာကြည့်လျှင် ကိုလိုနီခေတ် ဗြိတိသျှလက်ထက်ကတည်းက ကျင့်သုံးခဲ့သည့် သွေးခွဲအုပ်ချုပ်မှုစနစ်ကြောင့်နှင့် နိုင်ငံရေး၊ အယူဝါဒရေး၊ လူမျိုးရေး၊ ဘာသာရေးတို့ကို အခြေခံပြီး ပေါ်ပေါက်လာသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း။

**အခြေခံမူများချမှတ်နိုင်ရန် ကြိုးပမ်း**

တပ်မတော်အနေဖြင့် ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်၏ ပြည်တွင်းငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွင် ထဲထဲဝင်ဝင်ပူးပေါင်းပါဝင်ပြီး အပြုသဘောဆောင်သည့် ဆောင်ရွက်ချက်များ၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုမပြိုကွဲရေးအတွက် ဆောင်ရွက်ချက်များကိုသာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ဆက်လက်ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေး

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာသည်။

**အချက်ပေါင်း ၅၁ ချက် ထည့်သွင်းနိုင်ခဲ့**

ယနေ့ကျင်းပပြီးစီးသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးမှ သဘောတူညီချက် ၁၄ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး ယခင်ကျင်းပခဲ့သည့် ဒုတိယအစည်းအဝေးတွင် သဘောတူညီချက် ၃၇ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် ပြည်ထောင်စု သဘောတူစာချုပ်တွင် အချက်ပေါင်း ၅၁ ချက် ထည့်သွင်းနိုင်ခဲ့ပြီဖြစ်သည်။

**သတင်းအဖွဲ့**

# ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်ရတာဖြစ်တဲ့အတွက် အချိန်ယူစိတ်ရှည်သည်းခံပြီး ရလဒ်ထွက်အောင် ညှိနှိုင်းရတဲ့လုပ်ငန်းစဉ်မှာ စိန်ခေါ်မှုတွေကတော့ အများကြီးရှိနေ

နေပြည်တော် ဇူလိုင် ၁၆

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဆင့်မနေ့တွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် ကျေးဇူးတင်စကား အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

- **အခက်အခဲအမျိုးမျိုး၊ သဘောထားကွဲပြားမှု အမျိုးမျိုးရှိနေတဲ့ကြားမှာ အခုလို ရလဒ်ကောင်းတွေ ထွက်ပေါ်လာခဲ့တာကိုက ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ရှေ့ကိုဆက်လက်ပြီး ရွေ့နေတယ်ဆိုတဲ့ သင်္ကေတတစ်ခုပဲဖြစ်**
- **အခက်အခဲတွေကို ကျော်လွှားနိုင်ဖို့အတွက် အဓိကကျတဲ့ အင်အားစုတွေ အားလုံးကြားထဲမှာ တိကျပြတ်သားတဲ့ အနာဂတ်အတွက် ဘုံရည်မှန်းချက်တစ်ခုရှိလာဖို့ အရေးကြီး**

### နှုတ်ခွန်းဆက်

ဒီကနေ့ ညီလာခံကိုတက်ရောက်နေကြတဲ့ ဦးဆောင်သဘာပတိ၊ သဘာပတိအဖွဲ့ဝင်များ၊ UPDJCအဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်တော်ကြီးများရှင့်-

ခြောက်ရက်တာ ကျင်းပပြုလုပ်ခဲ့တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးကတော့ ဒီကနေ့ ပြည်ထောင်စုသဘောတူစာချုပ်ရဲ့ အစိတ်အပိုင်း(၂)ကို လက်မှတ်ရေးထိုးနိုင်ခြင်းနဲ့ အောင်မြင်စွာ မှတ်တိုင်စိုက်ထူနိုင်ခဲ့ပါပြီ။ ပြည်ထောင်စုသဘောတူစာချုပ်၊ အစိတ်အပိုင်း(၂)မှာ အခြေခံမူ(၁၄)ချက်သာ ရရှိခဲ့တယ်ဆိုပေမယ့်လည်း ဒီအခြေခံမူတွေရရှိလာအောင် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေနဲ့ အစုအဖွဲ့အလိုက် တင်သွင်းလာတဲ့စာတမ်းတွေကို အခြေခံပြီး လုပ်ငန်းကော်မတီ အစည်းအဝေး၊ UPDJC အစည်းအဝေးနဲ့ ညီလာခံအစည်းအဝေးတွေမှာ အကျေအလည်ဆွေးနွေးညှိနှိုင်းပြီး ရရှိလာခဲ့တာဖြစ်တဲ့အတွက် အစုအဖွဲ့အားလုံး သဘောတူညီမှုတွေရရှိအောင် ရှာဖွေနိုင်ခဲ့တာဟာ ကျွန်မတို့အတွက် ဝမ်းမြောက်စရာ၊ ဂုဏ်ယူစရာဖြစ်နေမှာပါ။ ညီလာခံရဲ့ ခြောက်ရက်တာကာလအတွင်းမှာ တစ်ဦးနဲ့တစ်ဦး အပြန်အလှန်လေးစားမှု၊ အပြန်အလှန်နားလည်မှုတွေနဲ့ ဆွေးနွေးခဲ့ကြပြီး ဘုံသဘောတူညီချက်တွေ ရှာဖွေနိုင်ခဲ့ပြီဖြစ်တဲ့အတွက် ကျွန်မတို့အားလုံးရဲ့ အခြေအနေကို ကိုယ်စီကိုယ်စီ သိရှိထားကြပြီလို့လည်း ယုံကြည်ပါတယ်။

### ညီလာခံတတိယအစည်းအဝေး၏ ရလဒ်များအပေါ် အသိအမှတ်ပြုခြင်း

**သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများရှင့်-**

ကျွန်မတို့ရဲ့ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးမှာ စုစုပေါင်းအချက်(၁၄)ချက်ကို သဘောတူနိုင်ခဲ့ကြပါတယ်။ နိုင်ငံရေးကဏ္ဍ(၄)ချက်၊ စီးပွားရေးကဏ္ဍ(၁)ချက်၊ လူမှုရေးကဏ္ဍ(၇)ချက်နဲ့ မြေယာကဏ္ဍ(၂)ချက်တို့ ဖြစ်ကြပါတယ်။ လုံခြုံရေးကဏ္ဍမှာတော့ ဒီတစ်ကြိမ်မှာ သဘောတူညီမှုတွေရရှိအောင် မညှိနှိုင်းနိုင်ခဲ့ပါ။

ဒီအချက်တွေကိုကြည့်လိုက်ရင် နှစ်မျိုးတွေ့ရှိနိုင်ပါတယ်။ တစ်မျိုးက တိုင်းရင်းသားတွေလိုချင်တဲ့အရာတွေ၊ စိုးရိမ်နေတဲ့အချက်တွေကို လက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိပေမယ့်လည်း ပိုမိုသေချာတဲ့စကားလုံး အသုံးအနှုန်းတွေနဲ့ ထည့်သွင်းခဲ့တဲ့အချက်တွေ ဖြစ်ပါတယ်။ နောက်တစ်မျိုးကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ မပါရှိသေးတဲ့အချက်တွေကို ပြည်ထောင်စုသဘောတူညီမှုတစ်ရပ်အနေနဲ့ ထည့်သွင်းခဲ့ကြတာ ဖြစ်ပါတယ်။ အခုသဘောတူညီလိုက်တဲ့အချက်တွေက ပြည်ထောင်စုသဘောတူစာချုပ်ရဲ့အစိတ်အပိုင်းတွေပဲ ဖြစ်ပါတယ်။ နောင်တစ်ချိန်မှာ ပြီးပြည့်စုံတဲ့ ပြည်ထောင်စု သဘောတူစာချုပ်ကြီး ချုပ်ဆိုနိုင်ဖို့အတွက် နောက်ထပ်တက်လှမ်းလိုက်တဲ့ ခြေလှမ်းသစ်တွေလည်း ဖြစ်ပါတယ်။

အချို့ကလည်း ရရှိခဲ့တဲ့အချက်တွေ နည်းနေသေးတယ်လို့ မြင်ပါလိမ့်မယ်။ ပြန်ကြည့်လိုက်ရင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံရဲ့ဒုတိယအကြိမ်နဲ့ တတိယအကြိမ် အစည်းအဝေးတွေအကြားမှာ အချိန်ကာလအားဖြင့် (၁)နှစ် ကျော်ကြာမြင့်ခဲ့တာကို အားလုံးသိရှိထားပြီး ဖြစ်ပါတယ်။ ညီလာခံတတိယအစည်းအဝေး ကျင်းပနိုင်ဖို့ကို အများကြီး ညှိနှိုင်းတိုင်ပင် ကြိုးပမ်းခဲ့ရတာ ဖြစ်ပါတယ်။ အခက်အခဲအမျိုးမျိုး၊ သဘောထားကွဲပြားမှု အမျိုးမျိုးရှိနေတဲ့ကြားမှာ အခုလိုရလဒ်ကောင်းတွေ ထွက်ပေါ်လာခဲ့တာကိုက ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ရှေ့ကိုဆက်လက်ပြီး ရွေ့နေတယ်ဆိုတဲ့ သင်္ကေတတစ်ခုပဲ ဖြစ်ပါတယ်။ သဘောတူညီချက်တွေ နည်းကောင်းနည်းမယ်၊ သို့သော်လည်း ကျွန်မတို့အားလုံး အပြန်အလှန်နားလည်မှုနဲ့ ကြိုးပမ်းအားထုတ်နိုင်ခဲ့ကြလို့ အားလုံးပိုင်ဆိုင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ် ရှေ့ဆက်နိုင်အောင် လုပ်ဆောင်နိုင်ခြင်းဟာ ဒီညီလာခံကြီးရဲ့ အဓိကအနှစ်သာရပဲ ဖြစ်ပါတယ်။ ဒီကနေ့ လက်မှတ်ရေးထိုးနိုင်ခဲ့တဲ့ အစိတ်အပိုင်း(၂)သဘောတူညီချက်တွေဟာ ကျွန်မတို့ ညီလာခံကြီး ရပ်တန့်မနေဘူး၊ နောက်ပြန်လှည့်မသွားဘူး၊ ရှေ့ကို ခက်ခက်ခဲခဲ တက်လှမ်းနေတယ် ဆိုတာကို အထင်အရှားဖော်ပြနေတာပါ။

တစ်ချိန်တည်းမှာပဲ NCA လက်မှတ်ရေးထိုးနိုင်ခြင်း မရှိသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေဟာ ကျွန်မတို့ရဲ့ ဖိတ်ကြားချက်အရ ညီလာခံကို တက်ရောက်ခဲ့ကြပါတယ်။ ညီလာခံအစည်းအဝေးတွေမှာ ဆွေးနွေးညှိနှိုင်းခဲ့ကြတာတွေကို လက်တွေ့မြင်တွေ့သိရှိခွင့်ရရှိခဲ့ကြပါတယ်။ ဒါ့အပြင် ဒီအဖွဲ့အစည်းကကိုယ်စားလှယ်တွေဟာ အစိုးရပိုင်း၊ တပ်မတော်ပိုင်းနဲ့ သီးခြားတွေ့ဆုံမှုတွေ ပြုလုပ်ခဲ့ပါတယ်။ ဒီလိုတွေ့ဆုံရာမှာ လွတ်လပ်ပွင့်လင်းစွာ၊ ရင်းနှီးစွာဆွေးနွေးညှိနှိုင်းနိုင်ခဲ့ပြီး ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်နိုင်စေမယ့် အလားအလာကောင်းတွေ များစွာရရှိခဲ့တဲ့အတွက် အားလုံးအတွက် ဝမ်းမြောက်ဖွယ်ရာဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ဒါဟာလည်း ကျွန်မတို့ရဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -(၂၁)ရာစုပင်လုံ၊ တတိယအစည်းအဝေးရဲ့ ရလဒ်ကောင်းတွေထဲက တစ်ခုဆိုတာကို တွေ့ရှိနိုင်ကြမှာပါ။

တစ်ဆက်တည်းမှာပဲ (၂၁)ရာစုပင်လုံညီလာခံကြီးကို စောင့်ကြည့်နေကြတဲ့ တိုင်းရင်းသားပြည်သူတွေအားလုံးရဲ့ မျှော်လင့်ချက်တွေကို မေးမှိန်မသွားစေဖို့အတွက် ကျွန်မတို့ အားလုံး ညှိနှိုင်းတိုင်ပင်ပြီး ညီလာခံကြီးရဲ့ သဘောထား ထုတ်ပြန်ချက်ကို သဘောတူထုတ်ပြန်နိုင်ခဲ့ပါတယ်။ ဒီသဘောထား ထုတ်ပြန်ချက်မှာ အဓိကအားဖြင့် ၂၀၁၈ ခုနှစ်အတွင်း နောက်ထပ်ညီလာခံ (၁)ကြိမ်၊ ၂၀၁၉ ခုနှစ်အတွင်း ညီလာခံ (၂)ကြိမ်၊ စုစုပေါင်း ညီလာခံ(၃)ကြိမ် ကျင်းပနိုင်ရေး၊ ဒီညီလာခံ (၃)ကြိမ်မှာ ဒီမိုကရေစီနဲ့ဖက်ဒရယ်ဆိုင်ရာ အခြေခံမူတွေကို အခြေခံအုတ်မြစ်အဖြစ် ချမှတ်နိုင်ရေး၊ ဆက်လက်ကျင်းပမယ့် ညီလာခံတွေမှာ အခြေခံမူတွေကို အုတ်မြစ်အဖြစ် ချမှတ်နိုင်ရေးအတွက် အစုအဖွဲ့အသီးသီးက ကြိုးပမ်းဆောင်ရွက်ရေးဆိုတဲ့ ရည်မှန်းချက်တွေကို ညီလာခံရဲ့သန္နိဋ္ဌာန်အဖြစ် ချမှတ်လိုက်တာ ဖြစ်ပါတယ်။ ညီလာခံကြီးကနေ တိုင်းရင်းသားပြည်သူတွေကို၊ ရှေ့ဆက်ပြီး ဘာတွေလုပ်မယ်ဆိုတာကို တရားဝင်ထုတ်ပြန်ကြေညာ အသိပေးလိုက်တာပါပဲ။ ဘာတွေပဲဖြစ်လာဖြစ်လာ၊ ဘယ်လို အခက်အခဲတွေပဲကြုံကြုံ ကျွန်မတို့အားလုံး လက်မလျှော့ဘူး၊ ပိုမိုခိုင်မာတဲ့ ခြေလှမ်းတွေကို ဆက်လက်ပြီး လျှောက်လှမ်းသွားမယ်ဆိုတာကို တစ်စည်းတလုံးတည်း တစ်စိတ်တစ်ဝမ်းတည်း ပြသလိုက်တာပဲ ဖြစ်ပါတယ်။ ဒီလို နိုင်ငံရေးအနှစ်သာရပြည့်ဝတဲ့ နိုင်ငံရေးသန္နိဋ္ဌာန်ကို ညီလာခံရဲ့သဘောထားအဖြစ် ထုတ်ပြန်နိုင်ခဲ့ခြင်းအတွက်လည်း ကျွန်မအနေနဲ့ များစွာဝမ်းမြောက်ရပါကြောင်း ပြောကြားလိုပါတယ်။

### အခက်အခဲများနှင့် ရှေ့ဆက်မည့်ခရီး

**သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများရှင့်-**

ဒီညီလာခံကြီးမှာ ငြိမ်းချမ်းရေးအတွက် ဆွေးနွေးညှိနှိုင်းမှုတွေ ပြုလုပ်ကြတဲ့အခါ အားလုံးသဘောတူညီနိုင်တဲ့ အချက်တွေရှိသလို၊ အားလုံးသဘောတူညီဖို့ခက်တဲ့ အချက်တွေကိုလည်း တွေ့ရပါတယ်။ ဆွေးနွေးမှုတွေမှာ ပါဝင်ကြတဲ့ အစုအဖွဲ့တွေမှာ နောက်ခံသမိုင်းတွေမတူသလို၊ အနာဂတ်ကို ပုံဖော်ပုံခြင်းလည်း မတူကြပါဘူး။ ဒီလို မတူညီတဲ့အမြင်တွေကြားထဲကနေ ဆွေးနွေးညှိနှိုင်းမှုတွေ လုပ်ရတာဖြစ်တဲ့အတွက် အချိန်ယူစိတ်ရှည်သည်းခံပြီး ရလဒ်ထွက်အောင် ညှိနှိုင်းရတဲ့ လုပ်ငန်းစဉ်မှာ စိန်ခေါ်မှုတွေကတော့ အများကြီးရှိနေပါတယ်။

လုံခြုံရေးကဏ္ဍကို ညှိနှိုင်းကြရာမှာ အဘက်ဘက်က သတိကြီးစွာနဲ့ ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။ လုံခြုံရေးကဏ္ဍမှာ ရလဒ်ထွက်နိုင်ဖို့က ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အများကြီးအရေးကြီးပါတယ်။ ပြီးပြည့်စုံတဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးသဘောတူညီမှုဖြစ်ဖို့ဆိုတာ လုံခြုံရေးကဏ္ဍဆိုင်ရာ သဘောတူညီချက်တွေ ပါဝင်မှုဖြစ်မှာပါ။ ဒီအခက်အခဲတွေ ပြေလည်အောင် ဖြေရှင်းနိုင်ဖို့ဆိုရင် ကျွန်မတို့ရဲ့နိုင်ငံရေးဆွေးနွေးမှုမူဘောင်၊ ဖွဲ့စည်းတည်ဆောက်မှုနဲ့ ဒီဇိုင်းတွေကို အရှိအတိုင်း ရဲရဲတင်းတင်း ပြန်လည်သုံးသပ်ပြီး ပိုမိုကောင်းမွန်တဲ့ လုပ်ငန်းစဉ်ဖြစ်ပေါ်လာအောင် ကျွန်မတို့ ဆက်လက်ပြီး ကြိုးပမ်းကြရဦးမှာ ဖြစ်ပါတယ်။

ရှေ့ကိုဆက်ပြီး အဆင်ပြေချောမွေ့အောင် လိုအပ်တဲ့ အပြောင်းအလဲတွေကို ဆက်လက်ဆောင်ရွက်ကြရာမှာ ညီလာခံကြီးရဲ့သဘောထား ထုတ်ပြန်ကြေညာချက်ပါအတိုင်း ပြည့်ဝအောင်မြင်စေဖို့အတွက် အားနည်းချက်တွေကို ပြုပြင်ရမယ်၊ အားသာချက်တွေကို ပိုမိုအားကောင်းအောင် အားဖြည့်ရမယ်၊ ကျွန်မတို့အစုအဖွဲ့တွေကြားမှာ ပို၍ပို၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ဖို့ လိုအပ်ပါတယ်။

ဒီအခက်အခဲတွေကို ကျော်လွှားနိုင်ဖို့အတွက် အဓိကကျတဲ့ အင်အားစုတွေ အားလုံးကြားထဲမှာ တိကျပြတ်သားတဲ့ အနာဂတ်အတွက် ဘုံရည်မှန်းချက်တစ်ခုရှိလာဖို့ အရေးကြီးပါတယ်။ တိကျပြတ်သားတဲ့ အနာဂတ်အတွက် ဘုံရည်မှန်းချက်အနေဖြင့် ဒီကနေ့ ညီလာခံအစည်းအဝေးကြီးက သဘောထားထုတ်ပြန်ကြေညာချက်ကို ထုတ်ပြန်လိုက်ပါပြီ။ ဆက်လက်ပြီးတော့ ကျွန်မတို့အားလုံးအနေနဲ့ အနာဂတ်အတွက် ဘုံရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်မယ့် ငြိမ်းချမ်းရေးမဟာဗျူဟာတစ်ခု ထွက်ပေါ်လာနိုင်ဖို့ လိုပါလိမ့်မယ်။ ဒီမဟာဗျူဟာကို အခြေခံပြီးတော့ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် (Political Framework)ကို သင့်လျော်ကောင်းမွန်အောင် ပြုပြင်ပြောင်းလဲကြဖို့ လိုပါတယ်။ UPDJC ပူးတွဲကော်မတီကလည်း လိုအပ်တဲ့အလုပ်အဖွဲ့တွေကို ဖွဲ့စည်းပေးထားပြီးဖြစ်တဲ့အတွက် အမြန်ဆုံး စတင်ဆောင်ရွက်သွားကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်မတို့နိုင်ငံရဲ့လက်နက်ကိုင်ပဋိပက္ခရဲ့အကြောင်းရင်းနောက်ခံတွေမှာ ကျွန်မတို့အချင်းချင်းအကြား မယုံကြည်မှုနဲ့ သံသယတွေပါဝင်နေပြီးတော့ ဒီကွာဟချက်တွေကြောင့်ပဲ ရန်လိုမှုနဲ့ မုန်းတီးမှုတွေ ဖြစ်ပေါ်လာခဲ့တာပါ။ ယုံကြည်မှုတည်ဆောက်ရေးကို မြှင့်တင်နိုင်ဖို့ အင်အားစုတွေရဲ့ ခေါင်းဆောင်တွေအကြားမှာ အလွတ်သဘောတွေ့ဆုံပြီး သဘောထားအမြင်တွေ ဖလှယ်ကြဖို့၊ ကွဲပြားခြားနားတဲ့ ရှုမြင်ချက်တွေကြားက တူညီတဲ့ဘုံရှုမြင်ချက်တွေ ရရှိအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက ခေါင်းဆောင်တွေနဲ့ တွေ့ဆုံရမှာလည်း ကျွန်မတို့အကြားမှာ ခေါင်းဆောင်တွေ၊ ဒါမှမဟုတ် ခေါင်းဆောင်တွေက ဆုံးဖြတ်ချက်ချမှတ်ပိုင်ခွင့် လွှဲအပ်လိုက်တဲ့ ကိုယ်စားလှယ်တွေ ပေါ့ပေါ့ပါးပါး အလွတ်သဘောတွေ့ဆုံကြဖို့ သဘောတူညီထားပြီး ဖြစ်ပါတယ်။ ခေါင်းဆောင်တွေအကြား အလွတ်သဘောသီးသန့်ဆွေးနွေးပွဲ အမြန်ဆုံးစတင်နိုင်ဖို့လည်း အစိုးရဘက်က အလေးအနက်ထား ဦးစားပေးဆောင်ရွက်သွားမှာ ဖြစ်ကြောင်း အသိပေးပြောကြားလိုပါတယ်။

အလားတူပါပဲ နိုင်ငံရေးဆွေးနွေးကြရင်းနဲ့ လိုလားချက်တွေ၊ တောင်းဆိုချက်တွေ သဟဇာတမဖြစ်ကြတဲ့အခါ အစိုင်အခဲတွေ စိတ်ခံစားချက်တွေ ဖြစ်ပေါ်လာတတ်ကြပါတယ်။ ဒီအစိုင်အခဲတွေက ငြိမ်းချမ်းရေးစားပွဲပေါ်ကနေ ကျော်လွန်ပြီး သက်ဆိုင်ရာ ပြည်သူလူထုအသိုင်းအဝိုင်းတွေဆီကို ကူးစက်သွားတတ်ကြပါတယ်။ သက်ဆိုင်ရာ ပြည်သူလူထု အသိုင်းအဝိုင်းတွေကြားထဲကို ကူးစက်သွားပြီး မကျေနပ်ချက်တွေ ပိုမြင့်မားလာတတ်သလို၊ မကျေနပ်ချက်တွေ မြင့်မားသထက်မြင့်မားလာတဲ့အခါမှာ နာကြည်းမှုနဲ့ မုန်းတီးမှုတွေအဖြစ် ရောက်ရှိလာတတ်ကြပါတယ်။ ငြိမ်းချမ်းရေးဟာ အောက်ခြေပြည်သူတွေအတွက် ပြည်သူတွေ တွေ့မြင်ခံစားနိုင်တဲ့၊ ထူးခြားကောင်းမွန်တဲ့ အပြောင်းအလဲတွေ ဖြစ်ပေါ်လာဖို့ အရေးကြီးပါတယ်။ ဒါ့ကြောင့် သက်ဆိုင်တဲ့ ဒေသခံပြည်သူတွေရဲ့အသံတွေကို ကျွန်မတို့ရဲ့(၂၁)ရာစုပင်လုံညီလာခံကြီးက နားထောင်ဖို့၊ ရင်ကြားစေ့ကြရာမှာ အောက်ခြေအဆင့်အထိ ပျံ့နှံ့ရောက်ရှိအောင် အစုအဖွဲ့အသီးသီးက ကြိုးပမ်းဆောင်ရွက်ပေးကြဖို့၊ ပဋိပက္ခဒေသက တိုင်းရင်းသား ပြည်သူတွေရဲ့လူမှုဘဝ အပြောင်းအလဲတွေ ဖြစ်ပေါ်လာအောင် ကျွန်မတို့အစိုးရအနေနဲ့ ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်တဲ့အတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်။

ကျွန်မတို့အစိုးရအနေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဘယ်လိုပုံဖော်သင့်တယ်၊ ဘာဖြစ်သင့်တယ်ဆိုတဲ့ ဦးဆောင်မှုကိုသာ အခြေခံတဲ့ပုံသဏ္ဌာန်နဲ့ ချဉ်းကပ်ဆောင်ရွက်နေတာ မဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဖြစ်စဉ်မှာပါရှိတဲ့ အဓိကအင်အားစုတွေအကြား သဟဇာတဖြစ်နိုင်တဲ့ ရလဒ်ကောင်းတွေထွက်ဖို့ ပံ့ပိုးအကျိုးဆောင်တဲ့ ညှိနှိုင်းဆောင်ရွက်မှုမျိုးနဲ့ ချဉ်းကပ်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ ရှုမြင်ချက်က

စာမျက်နှာ ၇ သို့

# ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ တတိယအစည်းအဝေး၏ သဘောထားထုတ်ပြန်ကြေညာချက်

(၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ နေပြည်တော်)

၁။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ တတိယအစည်းအဝေးကို နေပြည်တော်၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်နေ့မှ ၁၆ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။ ညီလာခံသို့ အစုအဖွဲ့အားလုံးမှ ညီလာခံကိုယ်စားလှယ် (၇၀၀) ဦး၊ အထူးဖိတ်ကြား၍ တက်ရောက်သူ(၂၉)ဦး၊ လေ့လာသူ (၂၀၄)ဦး၊ အကျိုးဆောင်(၂၇)ဦးနှင့် အထောက်အကူပြု(၁၅၂)ဦး တက်ရောက်ခဲ့ကြပြီး ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အဆင့်ဆင့်ကျင်းပပြုလုပ်ကာ ရရှိလာသော အဆိုပြုချက်များကို ပြည်ထောင်စုသဘောတူစာချုပ်၏ အစိတ်အပိုင်း(၂)အဖြစ် သဘောတူညီမှုရရှိကာ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

၂။ ထို့အပြင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ တတိယအစည်းအဝေးသို့ တက်ရောက်ကြသော ညီလာခံကိုယ်စားလှယ်များက အောက်ပါရည်မှန်းချက်များပြည့်ဝစေရေး ဦးတည်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သန္နိဋ္ဌာန်ပြုခဲ့ကြပါသည်-

(က) ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအစည်းအဝေးများကို နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နှင့်အညီ ၂၀၁၈ ခုနှစ်အတွင်း နောက်ထပ်(၁)ကြိမ်၊ ၂၀၁၉ ခုနှစ်အတွင်း (၂) ကြိမ် ကျင်းပနိုင်ရေး၊

(ခ) ဆက်လက်ကျင်းပမည့် ညီလာခံတစ်ကြိမ်စီသို့ ဦးတည်သည့်အဆင့်ဆင့်သော အစည်းအဝေးများကို အောင်မြင်စွာကျင်းပပြီး ညီလာခံ (၃) ကြိမ်တွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စု၏ အခြေခံအုတ်မြစ်အဖြစ် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများကို ချမှတ်နိုင်ရေး၊

(ဂ) ဆက်လက်ကျင်းပမည့် ညီလာခံများတွင် ဒီမိုကရေစီနှင့် ဖက်ဒရယ်ဆိုင်ရာ အခြေခံမူများကို အုတ်မြစ်အဖြစ်ချမှတ်နိုင်ရေးအတွက် အစုအဖွဲ့အသီးသီးက ကြိုးပမ်းဆောင်ရွက်ရေး။

(ဃ) ၂၀၂၀ ပြည့်နှစ်အတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ အစည်းအဝေးများကို လိုအပ်သလို ကျင်းပသွားနိုင်ရေး။

၃။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကိုရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ၊ ညီလာခံကိုယ်စားလှယ်များက ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

*စာမျက်နှာ ၆ မှ*

ယုံကြည်မှု၊ နားလည်မှုတွေနဲ့ပဲ ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မယ်ဆိုတာပါပဲ။ ဒါ့ကြောင့် ကျွန်မတို့အစိုးရရဲ့ချဉ်းကပ်မှုက ယုံကြည်မှုတွေ ပိုမိုအားကောင်းနိုင်ဖို့၊ နားလည်မှုတွေနဲ့ အဖြေရှာနိုင်စေဖို့ဆိုတဲ့ ကြိုးပမ်းအားထုတ်မှုမျိုးဖြစ်ကြောင်း ပြောကြားလိုပါတယ်။

### နိဂုံးချုပ်

**သဘာပတိကြီးနဲ့တကွ ညီလာခံကိုယ်စားလှယ်တော်ကြီးများရှင့်-**

နိဂုံးချုပ်အနေနဲ့ ကျွန်မတို့ ညီလာခံကိုယ်စားလှယ်တော်ကြီးတွေဟာ ဒီတစ်ခေါက်မှာ အကျေအလည် ဆွေးနွေးနိုင်ခဲ့တယ်ဆိုတာတွေ ကြားသိရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ နိုင်ငံရေးဆွေးနွေးပွဲမှာ ပါဝင်သူတွေအနေနဲ့ နားလည်မှုတွေ နက်ရှိုင်းလာဖို့၊ ရှေ့မျှော်မှန်းချက်တွေ တူညီလာဖို့ အကျေအလည်ဆွေးနွေး၊ သဘောထားများဖလှယ်နိုင်တဲ့ အခင်းအကျင်း၊ အချိန်တွေရရှိအောင် အားလုံးညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ ညီလာခံတစ်ခုနဲ့ တစ်ခုအကြားမှာ ပြန်လည်သုံးသပ်ပြီး ပြင်ဆင်မှုတွေ လုပ်ဆောင်ခဲ့တဲ့အတွက် ပိုမိုအဆင်ပြေကောင်းမွန်တဲ့ ညီလာခံအခင်းအကျင်းကို ပြောင်းလဲနိုင်ခဲ့ပေမယ့် ကျွန်မတို့အားလုံး ပိုမိုကောင်းမွန်၊ ပိုမိုအဆင်ပြေတဲ့ အခြေအနေတွေကို တိုးတက်ရောက်ရှိလာအောင် ဆက်ပြီးကြိုးပမ်းဆောင်ရွက်သွားရဦးမှာ ဖြစ်ပါတယ်။

ကျွန်မတို့အနေနဲ့ ခြေတစ်လှမ်းပြီးတစ်လှမ်း ရှေ့ကိုတက်လှမ်းနိုင်အောင် ကြိုးပမ်းကြရာမှာ လှမ်းလိုက်တဲ့ခြေလှမ်းခိုင်မာရေးဟာ အထူးပဲအရေးကြီးပါတယ်။ ကျွန်မတို့ လက်ရှိကြိုးပမ်းဆောင်ရွက်နေတာဟာ အနာဂတ်မှာ ဖြစ်ပေါ်လာမယ့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးအတွက် အခြေခံအုတ်မြစ်တွေ စိုက်ထူနိုင်ဖို့ ဖြစ်ပါတယ်။ အုတ်မြစ်ခိုင်မာတောင့်တင်းမှသာ အပေါ်ထပ်အဆောက်အအုံတွေ ထပ်ဆင့်တည်ဆောက်တဲ့အခါ ရေရှည်တည်တံ့ ခိုင်မြဲနိုင်မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် သဘောတူညီချက်တွေ နည်းခြင်း၊ များခြင်းထက် ကျွန်မတို့ အချင်းချင်းအကြားမှာ ကျေလည်ခြင်း၊ ဘုံလက်ခံခြင်း၊ ရေရှည်အတွက် ခိုင်မာခြင်းတွေက ပိုပြီးအရေးကြီးပါတယ်။ နောက်ညီလာခံမှာ ဒီထက်ပိုမိုကောင်းမွန်ပြည့်စုံတဲ့ အခြေခံမူတွေချမှတ်နိုင်အောင် အားလုံးဝိုင်းဝန်းကြိုးပမ်းအားထုတ်နိုင်ကြမယ်လို့လည်း ယုံကြည်ပါတယ်။

ခြောက်ရက်တာကျင်းပခဲ့တဲ့ ညီလာခံကြီးမှာ အပင်ပန်းခံပြီး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြတဲ့ UPDJC အတွင်းရေးမှူးများနဲ့ ကော်မတီဝင်များ၊ ညီလာခံကိုယ်စားလှယ်တော်ကြီးများ၊ အကျိုးဆောင်များနဲ့ အထောက်အကူပြုအဖွဲ့များအားလုံးကို ကျေးဇူးအထူးတင်ရှိကြောင်း အလေးအနက်ထား ပြောကြားလိုပါတယ်။ အားလုံးပဲ ကျန်းကျန်းမာမာ ချမ်းချမ်းသာသာနဲ့ ညီလာခံအစည်းအဝေးတွေ အောင်မြင်စေဖို့ ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြစေလိုကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကို ကျေးဇူးတင်ပါတယ်။**



## ဒုတိယဝန်ကြီး ဦးကျော်လင်း ဘူးသီးတောင်-မောင်တောလမ်းနှင့် ဘူးသီးတောင်-သပိတ်တောင်-ညောင်ချောင်း-စေတီပြင်-အငူမော်လမ်း စစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၆**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးကျော်လင်းသည် ယနေ့နံနက်ပိုင်းက ဘူးသီးတောင်-မောင်တောလမ်းတစ်လျှောက် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ မိုးရွာသွန်းမှု များပြား၍ မေယုတောင်တန်းမှ တောင်ပြိုမြေဖယ်ရှားသည့် လုပ်ငန်းများနှင့် မိုးရာသီလမ်းပျက်စီးမှုများကို ပြန်လည်ပြုပြင်နေမှုလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ဘူးသီးတောင် - သပိတ်တောင် - ညောင်ချောင်း -စေတီပြင် - အငူမော်လမ်းတစ်လျှောက်ရှိ မိုင်တိုင်(၄/၀)ရှိ အလယ်ချောင်းဘေလီတံတား၊ မိုင်တိုင်(၅/၀)ရှိ ကင်းချောင်းဘေလီတံတား ကြံ့ခိုင်မှုအခြေအနေများ၊ ရေလမ်းကြောင်းအခြေအနေများနှင့် လမ်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မိုးရာသီတွင် တံတားများ၏ ရေလမ်းကြောင်းအခြေအနေများကို စဉ်ဆက်မပြတ်စောင့်ကြည့်ရှင်းလင်းပေးရန်၊ တံတားများ၏ ကြံ့ခိုင်မှုအခြေအနေများကို ပုံမှန်စစ်ဆေးရန်၊ မိုးရာသီတွင် လမ်းများအပေါ် ရေမတင်ရန် ရေဆင်းမြောင်းများ တူးဖော်ဆောင်ရွက်ထားရှိရန်၊ မိုးတွင်းကာလ ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်သွားရန်၊ ဘူးသီးတောင်နှင့် မောင်တောဒေသများသည် မိုးများသော ဒေသများဖြစ်၍ ရာသီဥတုနှင့် ကိုက်ညီသော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများကိုသာ နှစ်စဉ်ဆောင်ရွက်သွားရန်နှင့် နိုင်ငံတော်ရန်ပုံငွေကို စီမံချက်ရေးဆွဲရာတွင် အရည်အသွေးနိမ့်သော လမ်းလုပ်ငန်းရှည်ရှည်ရေးဆွဲခြင်းအစား အရည်အသွေးမြင့်သော လမ်းလုပ်ငန်းတို့ကို အကောင်းဆုံးဖြစ်အောင် ရေးဆွဲဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် အမျိုးသမီး ၂၂ ရာခိုင်နှုန်း ပါဝင်ခွင့်ရရှိ

နေပြည်တော် ဇူလိုင် ၁၆

**ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(MICC-II) ၌ ခြောက်ရက်တာ ကျင်းပခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးတွင် အမျိုးသမီး ၂၂ ရာခိုင်နှုန်းအထိ ပါဝင်ခွင့်ရရှိလာကြောင်း သိရသည်။**

ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ တတိယ အစည်းအဝေးသို့ ကိုယ်စားလှယ်များအပြင် အကျိုးဆောင်များ၊ အထောက်အကူပြုအဖွဲ့များအပါအဝင် အမျိုးသားအမျိုးသမီး စုစုပေါင်း ၁၁၁၂ ဦးအနက် အမျိုးသမီး ၂၄၃ ဦး (၂၂ ရာခိုင်နှုန်း)အထိ ပါဝင်လာကြောင်း သိရသည်။

ညီလာခံအတွင်း အမျိုးသမီးများ တိုးတက်ပါဝင်လာမှုနှင့် ပတ်သက်၍ နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "အမျိုးသမီးတွေ ပါဝင်မှုနဲ့ ပတ်သက်ပြီးတော့ နှစ်ချက်ရှိတယ်။ တစ်ချက်က အမျိုးသမီးပါဝင်မှု အနည်းဆုံး ၃၀ ရာခိုင်နှုန်းအားပေးမယ်။ အနည်းဆုံး ၃၀ ရာခိုင်နှုန်းဖြစ်အောင် ကြိုးပမ်းဆောင်ရွက်မယ်။ သဘောတူညီချက်မှာ နှစ်ခုပါတယ်။ အရင်တုန်းက NCA မှာ သင့်တင့်လျောက်ပတ်သော အချိုးအစားဖြစ်ရေး၊ နောက် နိုင်ငံရေးဆွေးနွေးမှု မူဘောင်မှာ ၃၀ ရာခိုင်နှုန်း ကြိုးပမ်းမယ်လို့ပါတယ်။ အခု ကျွန်တော်တို့ ဘာဖြစ်လဲဆိုတော့ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ကြိုးပမ်းမယ်။ အဲဒီတော့ ကျွန်တော်တို့ အမျိုးသမီးပါဝင်မှုနှုန်းကလည်း အထိုက်အလျောက်ဖြစ်လာမယ်။ ဘာကြောင့်လဲဆိုတော့ ဒီညီလာခံမှာတင် အမျိုးသမီးပါဝင်မှုက ၂၂ ရာခိုင်နှုန်း တက်လာတယ်။ အရင်တုန်းက ၁၇ ရာခိုင်နှုန်းသာ ပါဝင်တယ်။ အဲဒီတော့ တဖြည်းဖြည်းနဲ့ မြင့်တက်လာတယ်။ ဆက်လက်ပြီးတော့လည်း သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေက အားပေးမြှင့်တင်သွားမယ်ဆိုရင် အမျိုးသမီးပါဝင်မှုရာခိုင်နှုန်းက အမျိုးသမီးတွေ မျှော်မှန်းတဲ့အတိုင်း ဖြစ်လာမှာပါ"ဟု ပြောကြားသည်။

ညီလာခံသို့ တက်ရောက်လာသည့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ(EAOs)၊ ပါဝင်သင့် ပါဝင်ထိုက်သူများမှ စုစုပေါင်း ကိုယ်စားလှယ် ၇၀၀ အနက် အမျိုးသားဦးရေ ၅၈၀၊ အမျိုးသမီးဦးရေ ၁၂၀၊ NCA-NS EAOs မှ ညီလာခံတက်ရောက်သူများ၊ အကျိုးဆောင်များ၊ အထောက်အကူပြုအဖွဲ့များနှင့် လေ့လာသူများအပါအဝင် ညီလာခံသို့ စုစုပေါင်း ၁၁၁၂ ဦးအနက် အမျိုးသား ၈၆၉ ဦး(၇၈ ရာခိုင်နှုန်း)နှင့် အမျိုးသမီး ၂၄၃ ဦး (၂၂ ရာခိုင်နှုန်း) ပါဝင်လာခြင်း ဖြစ်ကြောင်း သိရသည်။

**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ - သီဟစည်သူ**



ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးသို့ တက်ရောက်လာသော အမျိုးသမီး ကိုယ်စားလှယ်များကို တွေ့ရစဉ်။

## မိုးဆက်လက်ပိုနေမည်

**နေပြည်တော် ဇူလိုင် ၁၆**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။ မိုး/ဇလ

# ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၂)

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ရှေးရှု၍ လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓာတ်နှင့်အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသည့် ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲ ရလဒ်များနှင့်အညီ တည်ဆောက်နိုင်ရေးအတွက် ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ - (၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအား နေပြည်တော်၌ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်မှ (၁၆) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

၂။ ဤညီလာခံကြီးတွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) က အဆိုပြုတင်သွင်းလာသော မူဝါဒအဆိုပြုချက်များအပေါ် ကဏ္ဍအလိုက်၊ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို အဆင့်ဆင့်ကျင်းပပြုလုပ်ပြီး ရရှိလာသော အဆိုပြုချက်များကို ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းများအဖြစ် သဘောတူညီမှု ရရှိခဲ့ပါသည်။

၃။ ဤညီလာခံကြီးတွင် သဘောတူလက်မှတ်ရေးထိုးသော ပြည်ထောင်စု သဘောတူစာချုပ် အစိတ်အပိုင်း (၂)နှင့် ဆက်လက်ဆွေးနွေးပြီး အဆင့်ဆင့်ရရှိလာမည့် သဘောတူညီချက် အစိတ်အပိုင်းအားလုံးကို စုစည်း၍ ပြည်ထောင်စုသဘောတူစာချုပ်အဖြစ် လက်မှတ်ရေးထိုးကြမည် ဖြစ်ပါသည်။

၄။ ဤညီလာခံကြီးတွင် ချုပ်ဆိုသော ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၂) မှာ-

(က) နိုင်ငံရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၄) ချက်၊

(ခ) စီးပွားရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၁) ချက်၊

(ဂ) လူမှုရေးကဏ္ဍ အခြေခံမူ သဘောတူညီချက် (၇) ချက်၊

(ဃ) မြေယာနှင့်သဘာဝပတ်ဝန်းကျင်ကဏ္ဍ အခြေခံမူသဘောတူညီချက် (၂) ချက်၊ စုစုပေါင်း (၁၄) ချက်ဖြစ်ပြီး နောက်ဆက်တွဲ-(က)(ခ)(ဂ)(ဃ)ဖြင့် ဖော်ပြပါသည်။

၅။ အထက်ပါ သဘောတူညီချက်များကို တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်အပိုဒ် ၂၀ ( င) အရ ပြည်ထောင်စုသဘောတူ စာချုပ် အစိတ်အပိုင်း(၂)အဖြစ် ဤပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံ တတိယအစည်းအဝေးတွင် အစုအဖွဲ့အသီးသီး၏ ခေါင်းဆောင်များနှင့် အသိသက်သေများက လက်မှတ်ရေးထိုးကြပါသည်။



ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၂)၏စာမျက်နှာ(၂)

၁။ ဒေါက်တာတင်မျိုးဝင်း
အစိုးရအစုအဖွဲ့ကိုယ်စားလှယ်

၂။ ဦးအောင်စိုး
လွှတ်တော်အစုအဖွဲ့ကိုယ်စားလှယ်

၃။ ဗိုလ်ချုပ်စန်းမြင့်
တပ်မတော်အစုအဖွဲ့ကိုယ်စားလှယ်

၄။ ဒေါက်တာလျန်မှုန်းဆာခေါင်း
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့ကိုယ်စားလှယ်

၅။ ဦးသုဝေ
နိုင်ငံရေးပါတီများအစုအဖွဲ့ကိုယ်စားလှယ်



ပြည်ထောင်စုသဘောတူစာချုပ်အစိတ်အပိုင်း(၂)၏စာမျက်နှာ(၃)

**အသိသက်သေများ**

(ဦးထုံဖူးခဂုက်)
တိုင်းရင်းသားကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(ဦးကျော်ဝင်း)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
အစိုးရအစုအဖွဲ့

(နန်းစေအွာ်)
တိုင်းရင်းသားကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(ဦးလှကျော်အောင်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ
အစုအဖွဲ့

(နန်းခမ်းအုံ)
တိုင်းရင်းသားကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

(တာမြင့်ကျော်)
ပါဝင်သင့်ပါဝင်ထိုက်သူများကိုယ်စားလှယ်
နိုင်ငံရေးပါတီများအစုအဖွဲ့

**နောက်ဆက်တွဲ(က)**

## နိုင်ငံရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်
## (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

**ကျား/မ ဆိုင်ရာ တန်းတူညီမျှမှု**

၁။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ မည်သည့် နိုင်ငံသားကိုမျှ ကျား/မဆိုင်ရာ လိင်ကွဲပြားမှုကို အခြေခံသော ခွဲခြားဆက်ဆံခြင်း မရှိစေရေးနှင့် တန်းတူညီမျှမှု ရှိစေရေးအတွက် မူဝါဒချမှတ်ရမည်။

၂။ ကဏ္ဍအသီးသီးတွင် အမျိုးသမီးများ အနည်းဆုံး ၃၀ ရာခိုင်နှုန်း ပါဝင်ရေးကို အားပေးရန်။

၃။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံသော ပြည်ထောင်စုကို တည်ဆောက်ရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ကျား/မ ရေးရာ အခြေပြုအကြမ်းဖက်မှုများအား ကာကွယ်နိုင်သည့် မူဝါဒများကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်ရန်။

၄။ ကျား/မ ဆိုင်ရာ တန်းတူညီမျှမှုကို အထောက်အကူပြုစေရန် အမျိုးသမီးများ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးရမည်။

**နောက်ဆက်တွဲ(ခ)**

## စီးပွားရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်
## (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

တိုင်းဒေသကြီး/ပြည်နယ် အစိုးရများသည် မိမိတို့ တိုင်းဒေသကြီး/ပြည်နယ်များ အတွင်းရှိ အများပြည်သူ အကျိုးစီးပွားများအတွက် ဦးစားပေးအကောင်အထည်ဖော် လုပ်ဆောင်နိုင်ရန် စီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေးမူဝါဒနှင့် စီမံကိန်းများကို ရေးဆွဲချမှတ် ဖော်ဆောင်ခွင့်ရှိရမည်။ ထိုသို့ ရေးဆွဲရာတွင် ပြည်ထောင်စုစီးပွားရေးဆိုင်ရာ ဖွံ့ဖြိုးရေး မူဝါဒနှင့် စီမံကိန်းများကို သဟဇာတဖြစ်စေရေးနှင့် ဆက်စပ်သော အခြား တိုင်းဒေသကြီး/ ပြည်နယ်များ၏ အကျိုးစီးပွားကို ထိခိုက်မှုမရှိစေရေး ထည့်သွင်း စဉ်းစားရန်။

**နောက်ဆက်တွဲ(ဂ)**

## လူမှုရေးကဏ္ဍ အခြေခံမူ သဘောတူညီချက်
## (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

၁။ ပြန်လည်နေရာချထားရေး၊ ပြန်လည်ထူထောင်ရေး၊ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား ဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်ချသည့် အဆင့်တိုင်းနှင့် အကောင်အထည်ဖော်မှုအဆင့်တိုင်းတွင် အမျိုးသမီးများ အနည်းဆုံး(၃၀) ရာခိုင်နှုန်းပါဝင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရန်။

၂။ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော အားလုံးအကျုံးဝင် ပညာရေးစနစ် ဖော်ဆောင်ရန်။

၃။ လူတိုင်းလက်လှမ်းမီ လွှမ်းခြုံနိုင်သော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) စနစ်ကို ဖော်ဆောင်ရန်။

၄။ မသန်စွမ်းသူများ၊ ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ အပါအဝင်အမျိုးသမီးများဆိုင်ရာ အခွင့်အရေးများအတွက် ဥပဒေများ ပြဋ္ဌာန်းပေးရန်။

၅။ လူမှုဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရာတွင် လူမှုသဟဇာတ(Social Cohesion) သဘောတရားများကို ကျယ်ကျယ်ပြန့်ပြန့် ထည့်သွင်းစဉ်းစား ဆောင်ရွက်ရန်။

၆။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ၊ အလွဲသုံးမှုဆိုင်ရာ အန္တရာယ်လျှော့ချရေး(Harm Reduction)ကုသရေးနှင့် ပြန်လည်ထူထောင်ရေး အတွက် ထိရောက်သော မူဝါဒများချမှတ်ဆောင်ရွက်ရန်။

၇။ ကလေးသူငယ်အခွင့်အရေးရရှိရန်နှင့် ကလေးသူငယ်ဘက်စုံဖွံ့ဖြိုးရေး အတွက် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းကို လေးစားလိုက်နာရေးနှင့် ကလေးသူငယ်များအတွက် ကြီးလေးသော ချိုးဖောက်မှု(၆)ချက် (Six Grave Violations) ပပျောက်ရေးကို ဦးတည်၍ စီမံချက်ချမှတ်ဆောင်ရွက်ရန်။

**နောက်ဆက်တွဲ(ဃ)**

## မြေယာနှင့် သဘာဝပတ်ဝန်းကျင်ကဏ္ဍ အခြေခံမူ သဘောတူညီချက်
## (၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်)

**အကာအကွယ်ပြုရေးဆိုင်ရာအစီအမံများ**

၁။ နိုင်ငံအတွင်းရှိ မြေယာများကို နိုင်ငံသားများသာ ပိုင်ဆိုင်ခွင့်ရှိပြီး နိုင်ငံခြားသားနှင့် တရားမဝင်နေထိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ ပိုင်ဆိုင်ခွင့်မရှိစေရ။

၂။ မြေယာကိုအသုံးပြု၍ စီမံကိန်းလုပ်ငန်းအမျိုးမျိုး ဖော်ဆောင်ရာတွင် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်း၊ လူမှုရေးဆိုင်ရာထိခိုက်မှုဆန်းစစ်ခြင်း၊ ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုဆန်းစစ်ခြင်းနှင့် ဒေသခံပြည်သူလူထုနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ပြုလုပ်ရမည်။

# မကွေးတိုင်းဒေသကြီးအတွင်းရှိ ဆည်တာတမံများမှ ယခုနှစ် မိုးစပါးဧက ၂၂၀၀၀၀ စိုက်ပျိုးရေပေးဝေမည်

**မကွေး ဇူလိုင် ၁၆**

မကွေးတိုင်းဒေသကြီးအတွင်းရှိ တည်ဆောက်ပြီး ဆည်တာတမံ ၆၈ ခုမှ နှစ်စဉ် မိုးစပါး၊ နွေစပါးနှင့် အခြားသီးနှံများကို ဆည်မှ ရေပေးဝေလျက်ရှိရာ ယခုနှစ်စိုက်ပျိုးမည့် မိုးစပါးဧက ၂၂၀၀၀၀ ကို စိုက်ပျိုးရေလုံလောက်စွာ ပေးဝေသွားမည်ဖြစ်ကြောင်း ဇူလိုင် ၁၆ ရက်တွင် မကွေးတိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကိုကိုအောင်က ပြောကြားသည်။

ဆည်ရေပေးဝေရာတွင် စပါးစိုက်ပျိုးရန်အပြင် ပဲမျိုးစုံ၊ ဝါနှင့် မိုးကြိုနှမ်း စသည့်အခြားသီးနှံ စိုက်ဧကများအတွက်လည်း စိုက်ပျိုးရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူခရိုင်မှ ဇွန်လပထမပတ်တွင် မိုးစပါး စိုက်ပျိုးရေ စတင်ပေးဝေခဲ့ပြီး ဂန့်ဂေါခရိုင်နှင့် မကွေးခရိုင်များမှ ဇွန်လဒုတိယပတ်တွင် မိုးစပါးစိုက်ပျိုးရေ ပေးဝေခဲ့ကြောင်း၊ မင်းဘူးခရိုင်အတွင်းရှိ ဆည်တာတမံများမှလည်း မိုးစပါးစိုက်ပျိုးရေကို ဇွန်လ ၂၅ ရက်မှစ၍ ပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းရှိ ဒေသခံတောင်သူများ အနေဖြင့် မိုးစပါးစိုက်ပျိုးရေ စတင်ပေးဝေချိန်တွင် လိုအပ်သလို ရယူနိုင်ရေးနှင့် အခက်အခဲများရှိပါက ဌာနမှ တာဝန်ခံများအမည်နှင့် ဖုန်းနံပါတ်ကို ဆက်သွယ်၍ ရေရရှိရေးအတွက် လိုအပ်သော အကူအညီများ တောင်းယူနိုင်ကြောင်း သိရသည်။

**မောင်မွှေး**



မိုးစပါးအတွက် ရေပေးဝေမည့် နတ်မောက်ရေလှောင်တမံ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဂျပန်နိုင်ငံဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၁၆**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံ ဝန်ကြီးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဟီရိုတို အိဇုမိ အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံအနေဖြင့် ပြည်သူများမှရွေးချယ်သည့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်းပေါ်လျှောက်လှမ်းနေမှုအခြေအနေ၊ ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် အစိုးရနှင့် တပ်မတော်မှ ဆောင်ရွက်နေမှုအခြေအနေ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေး ဆောင်ရွက်နေမှုအခြေအနေ၊ ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် ပြဿနာများကို အစိုးရနှင့် တပ်မတော်မှ ဖြေရှင်းဆောင်ရွက်နေမှုများနှင့် ဂျပန်နိုင်ငံမှ ကူညီဆောင်ရွက်ပေးမှုအခြေအနေ၊ ကာကွယ်ရေးဆိုင်ရာကိစ္စရပ်များတွင် ဆက်ဆံမှုတိုးမြှင့်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်မှုလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။ **သတင်းစဉ်**



# ငြိမ်းချမ်းရေးကိုတည်ဆောက်မယ်၊ ဖွံ့ဖြိုးရေးဆောင်ရွက်မယ်၊ တိုင်းပြည်ကြီးကို စည်ပင်သာယာအောင် လုပ်မယ်ဆိုတဲ့ မျှော်လင့်ချက်အကြီးကြီးထားပါတယ်။

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း**

**ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေးကို ဇူလိုင် ၁၆ ရက်တွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍလေးခုမှ အချက်ပေါင်း ၁၄ ချက်ကို ပြည်ထောင်စုသဘောတူစာချုပ် ဒုတိယအစိတ်အပိုင်းအဖြစ် ထည့်သွင်းချုပ်ဆိုနိုင်ခဲ့သည်။**

**ဇူလိုင် ၁၁ ရက်မှ ၁၆ ရက်အထိ ခြောက်ရက်ကြာ ကျင်းပခဲ့သည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ တတိယအကြိမ်အစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ခဲ့မှုအပေါ် ညီလာခံတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် တာဝန်ရှိသူအချို့အား မြန်မာ့အလင်းမှ တွေ့ဆုံမေးမြန်းခဲ့မှုကို ဖော်ပြအပ်ပါသည်-**



ဦးဇော်ဌေး



ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း



ခွန်ကျော်စိန်

**ဦးဇော်ဌေး**

**အတွင်းရေးမှူးအဖွဲ့ဝင်၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)**

အားလုံးရဖို့တော့ တစ်ဆင့်ချင်း တစ်ဆင့်ချင်း ဖြည်းဖြည်းဆီသွားမယ်။ ဒီညီလာခံမှာတော့ မဖြစ်ဖြစ်အောင်လုပ်နိုင်ခဲ့တယ်။ နိုင်ငံရေးအရ သဘောတူညီချက်တွေ ရယူနိုင်ခဲ့တယ်။ လက်မှတ်မထိုးရသေးတဲ့ အဖွဲ့တွေနဲ့လည်း ရှေ့အလားအလာအလွန်ကောင်းတာတွေ ရခဲ့တယ်ဆိုတော့ ဒီအပေါ်မှာ အားရကျေနပ်မှုရှိပါတယ်။

နံပါတ်(၁)အချက်က ဒီညီလာခံက လွန်ခဲ့တဲ့ ခြောက်လကတည်းက လုပ်ရမှာပါ။ ဒီကြားထဲမှာ တစ်နှစ်ကျော် ကြာသွားတယ်။ ဒီတစ်နှစ်ကျော်ကာလမှာတောင် အခုဇူလိုင်လအတွင်းမှ အစိုးရက ဖြစ်မြောက်အောင် လုပ်ရတယ်။ အထူးသဖြင့် ပါဝင်သင့် ပါဝင်ထိုက်သူများအစုအဖွဲ့(EAOs)၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းပြီးတော့မှ ညီလာခံဖြစ်လာတာ။ ကျွန်တော်တို့ အစိုးရရည်ရွယ်ချက်က ဘာလဲဆိုတော့ Process ကို ကြာရှည်ကြီး ရပ်ဆိုင်းနေတာမျိုး မဖြစ်စေချင်ဘူး။ ဒီ Process ပုံမှန်သွားနေဖို့ လိုတယ်။ ဒီဖြစ်စဉ်အပေါ်မှာ ဒါမှလည်း ယုံကြည်မှုရှိမှာ၊ ပါဝင်တဲ့လူတွေက ညီလာခံဘယ်အချိန်ဘယ်ကာလမှာ ကျင်းပမယ်ဆိုတာ မသိဘူးဆိုရင် ဒီအပေါ်မှာ ယုံကြည်မှုအားနည်းသွားနိုင်တယ်။ နံပါတ်(၂)အချက်က ဒီညီလာခံဟာ နိုင်ငံရေးအရ အနှစ်သာရဆိုတာ ကြည့်လိုက်ရင်တော့ ကျား၊ မ တန်းတူရေးပဲ။ သို့သော် ကျွန်တော်တို့က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံလို့ မြန်မာဆိုတဲ့ အမည်နာမနဲ့ပတ်သက်လို့ သဘောတူညီချက်တွေ ရသွားတယ်။ အဲဒီတော့ ကျား၊ မ တန်းတူရေးအပြင် နိုင်ငံရေးအရ သဘောတူညီချက်လို့လည်း ပြောလို့ရပါတယ်။ နံပါတ်(၃)အချက်က ဘာလဲဆိုတော့ လက်မှတ်မထိုးရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ ဒီညီလာခံကို လာတယ်။ သာမန်တက်ရုံတင် မဟုတ်ဘူး၊ ဒီတစ်ခေါက်မှာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်စတဲ့ တာဝန်ရှိတဲ့သူတွေနဲ့လည်းတွေ့တယ်။ အဲဒီလိုတွေ့တော့ နိုင်ငံရေး ရောစစ်ရေးရော ဆွေးနွေးမှုတွေရှိတယ်။ အဲဒီအပေါ်မှာလည်း တော်တော်လေး အားရကျေနပ်ဖွယ်ကောင်းတယ်။ အလားတူပဲ လက်မှတ်ထိုးထားတဲ့ အဖွဲ့ခေါင်းဆောင်တွေနဲ့လည်း တွေ့တယ်။ အဲဒီအပေါ်မှာလည်း ဆက်ပြီးတော့ ကြုံနေတဲ့ အခက်အခဲတွေ ဘယ်လိုဖြေရှင်းမလဲဆိုတာကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ခဲ့တယ်။ သဘောတူညီမှုတွေလည်းရတယ်။ အဲဒီတော့ ဒါကတကယ်ကြီးမားတဲ့ ရလဒ်လို့မြင်တယ်။

တစ်နှစ်ကျော်လောက် ကြန့်ကြာနေတဲ့ ငြိမ်းချမ်းရေးညီလာခံကို ကျင်းပနိုင်တယ်။ အဲဒီအပေါ်မှာ နိုင်ငံရေးအရ အနှစ်သာရရှိတဲ့ အရေးအကြီးဆုံးအချက်က ဒီညီလာခံကြီးရဲ့သဘောထားထုတ်ပြန်ကြေညာချက်ဖြစ်တယ်။ သဘောထားထုတ်ပြန်ချက်လည်း ဒီနေ့ညီလာခံမှာ တရားဝင်ထုတ်ပြန်မှာ ဖြစ်ပါတယ်။ အဲဒါက ကျွန်တော်တို့ အစိုးရ မျှော်မှန်းထားတဲ့ ၂၀၁၈ ထဲမှာ တစ်ကြိမ်၊ ၂၀၁၉ မှာ နှစ်ကြိမ် ညီလာခံ သုံးကြိမ် ကျင်းပနိုင်အောင်ကြိုးပမ်းမယ်။ အရေးကြီးတဲ့ ဒီမိုကရေစီ ဖက်ဒရယ်မူတွေကို ချမှတ်နိုင်အောင်လုပ်မယ်။ ဒီတော့ ကျွန်တော်တို့ ဖက်ဒရယ်အခြေခံမူတွေ ရမယ်ဆိုရင် နောင်လာမယ့်အစိုးရအတွက် ဆက်ပြီးတော့ လုပ်သွားလို့ရမယ်ဆိုတဲ့ ညီလာခံ တစ်ခုလုံးရဲ့ သဘောတူညီချက် ရယူနိုင်ခဲ့တယ်။ ဒါက နိုင်ငံရေးအရအနှစ်သာရရှိတဲ့ အချက်တွေပါ။

နိုင်ငံရေးအရ နိုင်ငံကို ဘယ်လိုအမည်သတ်မှတ်မလဲဆိုတာ အငြင်းပွားမှုတွေ အများကြီးဖြစ်တယ်။ မနေ့က ည ၈ နာရီလောက်အထိ ရောက်သွားတယ်။ အဲဒီလိုဖြစ်တာကလည်း နိုင်ငံအမည်တပ်ရင်း အဲဒီအချိန်အထိ ရောက်သွားတာပါ။ နောက်ဆုံးကျတော့ အဆင်ပြေသွားပါတယ်။ အဲဒီတော့ ကျား၊ မတန်းတူရေးကို ဆွေးနွေးရင်း နိုင်ငံအမည်သတ်မှတ်ရေးပါ တစ်ခါတည်း ပါသလို ဖြစ်သွားပါတယ်။ အဲဒီလိုဖြစ်တော့ နားချိန်တွေ ခဏယူပြီး အစုအဖွဲ့အလိုက် ပြန်ပြန်ပြီးတော့ ဆွေးနွေးနေရင်း နောက်ဆုံးမှာ အဆင်ပြေသွားပါတယ်။ အဓိကအချက်ကတော့ ကျွန်တော်တို့ ငြိမ်းချမ်းရေးဖြစ်စဉ် NCA ဖြစ်လာတဲ့ နိုင်ငံရေးဆွေးနွေးမှုလမ်းကြောင်းကို ဘယ်သူမှ မပျောက်စေချင်ဘူး။ ဒီဟာကို သင်ခန်းစာယူပြီးတော့ ဖက်ဒရယ်မူရဲ့ အဓိကအရေးကြီးတဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ်ပိုင် Constitution နဲ့ ပြည်ထောင်စု မပြိုကွဲရေး၊ ခွဲမထွက်ရေးကိစ္စတွေကို ဒီညီလာခံပြီးတာနဲ့ လုပ်မယ်။ အဲဒါတွေပြေလည်သွားပြီဆိုရင် ကျန်တဲ့ စီးပွားရေး၊ လူမှုရေး စသဖြင့် ကဏ္ဍအသီးသီးက ပြေလည်သွားပြီ။ အဓိကကတော့ အဲဒီတစ်ဆို့နေတာလေး တစ်ခုကြောင့် နည်းနည်းလုပ်ရကိုင်ရ ခက်နေတာ။ အရင်ဆုံး ဒီပြဿနာ ပြေလည်သွားပြီဆိုရင် အားလုံးပြေလည်သွားပြီ။ နိုင်ငံရေး သဘောတူညီချက်တွေ ရသွားပြီဆိုရင် ကျွန်တော်တို့မျှော်လင့်တဲ့ ငြိမ်းချမ်းရေးရမှာပါ။

နိုင်ငံရေးဆွေးနွေးမှုတွေမှာ ပထမတစ်ချက် အဓိကအရေးကြီးဆုံးက မူဘောင် (Framework) ပေါ့၊ မူဘောင်က အရင်တုန်းက စိတ်ကူးနဲ့မှန်းပြီး ဆွဲခဲ့ကြတာ။ နိုင်ငံရေးဆွေးနွေးပွဲတစ်ခါမှ မလုပ်ဖူးဘူး။ စာရွက်ပေါ်မှာရေးထားတဲ့ နိုင်ငံရေးဆွေးနွေးပွဲလုပ်ငန်းစဉ်က ပြီးခဲ့တဲ့ညီလာခံကျမှ ကျွန်တော်တို့တကယ်လုပ်ရတယ်။ လက်တွေ့မှာ မူဘောင်နဲ့ အဆင်မပြေတာတွေ၊ အခက်အခဲတွေ ရှိတယ်။ ကျွန်တော်တို့က ညီလာခံပြီးတာနဲ့ ပြန်သုံးသပ်တယ်။ ဒီညီလာခံမှာတော့ တစ်ဖက်နဲ့တစ်ဖက် ကျေကျေလည်လည် ဆွေးနွေးတဲ့ ပုံစံမျိုးဖြစ်တယ်။ တချို့ဟာတွေမှာ အခက်အခဲတွေ ရှိနေသေးတယ်။ ဒီညီလာခံပြီးရင် ပြန်သုံးသပ်ပြီးတော့ ပြန်ပြင်မယ်။ နောက်လာမယ့် စတုတ္ထအစည်းအဝေးကျရင်တော့ ဖြစ်နိုင်တဲ့၊ တော်တော်လေး ကောင်းကောင်းမွန်မွန်လုပ်နိုင်မယ့် မူဘောင် (Framework) ရမယ်။ နောက်တစ်ချက်ကတော့ အချိန်ဇယား (Time Frame) ပေါ့။ အချိန်ဇယားကိုလည်း တိတိကျကျ သတ်မှတ်ထားတယ်။ UPDJC မှာလည်း အားလုံးသုံးသပ်ပြီးရင် စက်တင်ဘာလဆန်းမှာ ပြန်တွေ့မယ်လို့ သဘောတူထားပါတယ်။ အဲဒီလို အချိန်ဇယား တိတိကျကျ သတ်မှတ်ချက်တွေနဲ့သွားမယ်၊ ပြီးရင်တစ်ဖက်ကလည်း မူဘောင်တိတိကျကျ သွားမယ်ဆိုရင် ပိုပြီးထိရောက်တဲ့ ဆွေးနွေးမှုတွေ ဖြစ်လာမှာပါ။

အစိုးရကတော့ ဖြစ်နိုင်ခြေရှိတာ လက်တွေ့ကျတဲ့ မျှော်မှန်းချက်က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ပြောထားတယ်။ ညီလာခံသုံးကြိမ်လုပ်မယ်။ ၂၀၁၉ အတွင်းမှာ ဖက်ဒရယ်အခြေခံ အရေးကြီးတဲ့ အချက်တွေ ပြတ်သွားပြီဆိုရင် ကျန်တာတွေက အေးအေးဆေးဆေးဖြစ်သွားပြီ။ အထူးသဖြင့် ဒီပြဿနာက ကျွန်တော်တို့နိုင်ငံမှာ နှစ်ပေါင်းများစွာကြာပြီ။ ခွဲမထွက်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ဆိုတဲ့ ပြဿနာတွေပေါ်မှာ တော်တော်များများ ကိုင်တွယ်နိုင်ခြင်း မရှိခဲ့ဘူး။ မကိုင်တွယ်နိုင်လို့လည်း ဒီပြဿနာတွေ အမွန့်ရှည်နေတာပါ။ အဲဒီတော့ ဒီပြဿနာတွေကို ကိုင်တွယ်ဖြေရှင်းနေပြီ။ ဖြေရှင်းမယ့် နည်းလမ်းတွေကို ဝိုင်းပြီးစဉ်းစားနေပြီ။ နည်းလမ်းချင်း ထပ်တူမကျသေးတာပဲရှိတယ်။ အဲဒါတွေ ကျသွားပြီဆိုရင်တော့ နိုင်ငံရေးသဘောတူညီချက်တွေရသွားတဲ့ အနေအထားဖြစ်သွားရင် ဒီလက်နက်ကိုင်ပဋိပက္ခဆိုတာ ချုပ်ငြိမ်းသွားမယ်။ အဲဒီတော့ ကျွန်တော်တို့ မျှော်မှန်းတာက ဒီအစိုးရ သက်တမ်းကာလအတွင်းမှာ ကိုယ်လုပ်နိုင်တဲ့ အတိုင်းအတာပေါ့။ ဖောင်ဒေးရှင်းခိုင်ခိုင်မာမာရှိနိုင်ပြီလို့ မျှော်မှန်းတယ်။ ၂၀၁၉ အတွင်းမှာ ဖောင်ဒေးရှင်းချနိုင်ပြီဆိုရင် ၂၀၂၀ မှာ အားလုံး တော်တော်များများ ကောင်းတဲ့အနေအထားကို ရောက်သွားပြီ။ အဲဒါဆိုရင် နောင်လာမယ့်အစိုးရအတွက် အဆင်သင့်ဖြစ်နိုင်မယ့် အနေအထား ဖန်တီးသွားနိုင်မယ်။

NCA မထိုးသေးတဲ့ အဖွဲ့တွေနဲ့လည်း ဒီညီလာခံပြီးရင် ရက်ပိုင်းအတွင်းမှာ တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်သွားပါမယ်။ ဆိုလိုတာကတော့ ဒီညီလာခံပြီးတာနဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုတွေ ချက်ချင်းစမှာဖြစ်ပါတယ်။ အဲဒီအဖွဲ့တွေနဲ့ တွေ့ဆုံဖို့အတွက်လည်း သဘောတူညီမှုတွေ ရထားပြီးဖြစ်တဲ့အတွက် တွေ့ဆုံဆွေးနွေးမှုတွေ ဆက်တိုက်လုပ်သွားမှာပါ။ ဘယ်နှဖွဲ့တွေ့မယ်ဆိုတာကတော့ အသေးစိတ် ထပ်မညှိရသေးပါဘူး။ မူအားဖြင့်တော့ သဘောတူညီထားပါတယ်။

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း**

**ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုငြိမ်းချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ(UPDJC)**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁) ရာစုပင်လုံ တတိယအစည်းအဝေး ဒီနေ့ နောက်ဆုံးနေ့မှာ ပြည်ထောင်စုသဘောတူစာချုပ်အဖြစ်နဲ့ ကဏ္ဍငါးခုကနေ စုစည်းတဲ့ သဘောတူညီချက်တွေကို ညီလာခံမှာ လက်မှတ်ရေးထိုးကြပါမယ်။ ညီလာခံတက်ရောက်တဲ့ ကိုယ်စားလှယ်အားလုံးကလည်း ထောက်ခံပေးမယ်လို့ မျှော်လင့်တယ်။ ပြည်ထောင်စုသဘောတူစာချုပ်ဆိုတာ ဒီငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အင်မတန်မှ အရေးကြီးတယ်။ ကျွန်တော်တို့ နိုင်ငံရေးလမ်းပြမြေပုံ အတိုင်း အဆင့်(၅)ကို ဆောင်ရွက်ခြင်းဖြစ်တယ်။ ဒီပြည်ထောင်စုသဘောတူစာချုပ်ကို ချုပ်ဆိုနိုင်ရင် ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံပြီးတော့ စုစည်းတည်ဆောက်ဖို့အတွက် အခြေခံအုတ်မြစ်ကောင်းတစ်ခုရမယ်လို့ ကျွန်တော်တို့ မျှော်လင့်တယ်။ UPDJC အစည်းအဝေး ဖွင့်ပွဲနေ့က နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့ ပြောတဲ့အတိုင်း ဒီနှစ်အတွင်းမှာ နောက်ထပ်တစ်ခါကျင်းပဖို့ ကြိုးစားမယ်။ ၂၀၁၉ မှာကျင်းပမယ်။ တကယ်လို့ ထပ်ကျင်းပလို့ မပြီးသေးဘူးဆိုရင် နောက် ၂၀၂၀ မှာလည်း ကျင်းပမယ်လို့ ဆုံးဖြတ်ထားပါတယ်။ ပြည်သူလူထုတစ်ရပ်လုံး မျှော်လင့်တောင့်တနေတဲ့ ငြိမ်းချမ်းရေးလည်းရမယ်။ ကျွန်တော်တို့ တိုင်းရင်းသားလူမျိုးတွေ တောင်းဆိုထားတဲ့ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူညီရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတွေ အပြည့်အဝရှိတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးလည်း ထူထောင်နိုင်မယ်။ အဲဒီလို ကျွန်တော်တို့ တိုင်းပြည်ကြီး ငြိမ်းချမ်းမယ်ဆိုရင် ကျွန်တော်တို့ တိုင်းပြည်က သဘာဝအားဖြင့် အင်မတန်ကြွယ်ဝတဲ့ တိုင်းပြည်ဖြစ်တယ်။ လက်နက်ကိုင် ပဋိပက္ခကြောင့်သာ ကျွန်တော်တို့တိုင်းပြည် ယနေ့အထိ မတိုးတက်နိုင်သေးတာ ဖြစ်တယ်။ ငြိမ်းချမ်းရေးကို တည်ဆောက်မယ်။ ဖွံ့ဖြိုးရေးဆောင်ရွက်မယ်။ တိုင်းပြည်ကြီးကို စည်ပင်သာယာအောင်လုပ်မယ်ဆိုတဲ့ မျှော်လင့်ချက်အကြီးကြီး ထားပါတယ်။

**ခွန်ကျော်စိန်**

**EAOs အကျိုးတော်ဆောင်**

ကျွန်တော်ကတော့ မြေယာနဲ့ သဘာဝပတ်ဝန်းကျင်ကဏ္ဍမှာ အကျိုးတော်ဆောင်အဖြစ်နဲ့ ဆောင်ရွက်ခဲ့တာပါ။ ဒီကနေ့ နိုင်ငံရေးဆွေးနွေးပွဲတွေမှာ ကျေကျေလည်လည် ဆွေးနွေးနိုင်ကြတဲ့အတွက် အားရကျေနပ်မှုရှိပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ဒီလိုနိုင်ငံရေးယဉ်ကျေးမှုကို တစ်ခါမှ အတွေ့အကြုံလည်း မရှိခဲ့ဘူး။ ဆွေးနွေးရတာ တော်တော်လေး အားရပါတယ်။ ပြည်သူတစ်ယောက်အနေနဲ့ ငြိမ်းချမ်းရေးကို အမြန်လိုချင်တယ်။ ငြိမ်းချမ်းရေးက လူတိုင်းနဲ့ သက်ဆိုင်တယ်။ ငြိမ်းချမ်းရေးဟာ ကျွန်တော်တို့ နိုင်ငံဖွံ့ဖြိုးရေးအတွက် အင်မတန်အထောက်အကူဖြစ်တဲ့အတွက်ကြောင့် ငြိမ်းချမ်းရေးဟာ လူထုအတွက် အင်မတန်အရေးပါတဲ့ အခန်းကဏ္ဍတစ်ခု ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း - ဇင်ဦး(မြန်မာ့အလင်း)**

**ဓာတ်ပုံ - သီဟစည်သူ**

# ရာဇဝတ်အထူးအယူခံမှု(၅)မှု စီရင်ချက်ချပြီး ရာဇဝတ်အထူးအယူခံမှု(၃)မှုနှင့် တရားမအထူးအယူခံမှု(၂)မှု ရုံးထိုင်ကြားနာ

**နေပြည်တော် ဇူလိုင် ၁၆**

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများအားလုံးပါဝင်သော စုံညီခုံရုံးသည် ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ် (၁)၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှု (၅)မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ရာဇဝတ်အထူးအယူခံမှု(၃)မှုနှင့် တရားမအထူးအယူခံမှု (၂)မှုကို ကြားနာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တောမြို့တွင် ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေနှင့် ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ မြို့နယ်အဆင့်ဆွေးနွေး



**မောင်တော ဇူလိုင် ၁၆**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေနှင့် ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ မြို့နယ်အဆင့် ဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းက မောင်တောမြို့ အမှတ်(၁) အခြေခံပညာအထက်ကျောင်း၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မောင်တောခရိုင်ပညာရေးမှူး ဦးခင်အောင်နှင့် ဒုတိယမြို့နယ်ပညာရေးမှူး ဦးကျော်နုတို့က အမှာစကားပြောကြားသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မောင်တောမြို့ ရပ်ကွက်(၃)မှ အလယ်တန်းပြဆရာမ ဒေါ်ခင်ဌေးသိန်းက "ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေနဲ့ ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ မြို့နယ်အဆင့်ဆွေးနွေးပွဲမှာ တင်ပြတဲ့အပိုင်းနဲ့ လက်တွေ့ဆောင်ရွက်နေတဲ့အပိုင်း ကွာဟမှုတွေကို တာဝန်ရှိသူတွေက ညှိနှိုင်းဆောင်ရွက်ပေးပါတယ်။ နောက်ပြီးတော့ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေးသုံးစွဲတဲ့အခါမှာ အမှန်တကယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဦးတည်ချက်တွေ လွဲမသွားအောင် ဘယ်လိုသုံးရမယ်ဆိုတာကို လမ်းညွှန်ပေးပါတယ်။ အရင်တုန်းကတော့ ကျောင်းသားမိဘတွေဆီက ကောက်ခံပြီးတော့ ကျောင်းဖွံ့ဖြိုးတိုးတက်ဖို့အတွက် လုပ်ဆောင်ရပါတယ်။ နိုင်ငံတော်အစိုးရက သီးသန့်သတ်မှတ်ပေးပြီး အခုလိုမျိုးသုံးရတဲ့အခါကျတော့ ကျောင်းမှာ မလိုအပ်တဲ့နေရာတွေမှာ လျှော့သုံးပြီး အမှန်တကယ် လိုအပ်တဲ့နေရာတွေမှာ ပိုပြီးသုံးဖြစ်ပါတယ်။ အခုကျတော့ သက်ဆိုင်ရာကျောင်းအုပ်တွေရဲ့ တစ်ဦးတည်း စိတ်ကူးမဟုတ်ဘဲနဲ့ ဆရာ ဆရာမတွေ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တွေ၊ ကျောင်းသားမိဘတွေနဲ့ အားလုံးစုပေါင်းလုပ်တဲ့အခါမှာ ကျောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်မှုရှိပြီး ကျောင်းလည်း ပိုပြီးအသက်ဝင်လာပါတယ်" ဟု ပြောသည်။

အဆိုပါဆွေးနွေးပွဲသို့ မောင်တောမြို့နယ်အတွင်းမှ ဆရာ ဆရာမများ တက်ရောက်ခဲ့ကြပြီး လူမှုရေးရာ ဆန်းစစ်ချက်များ၊ ပညာသင်ထောက်ပံ့ကြေးဆိုင်ရာ အချက်အလက်များ၊ ငွေစာရင်းရေးဆွဲနည်းနှင့် တိုင်ကြားစာများ လျော့နည်းမှုအတွက် အကြံပေးစာတိုက်ပုံးများ ထားရှိနည်းများကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဆွေးနွေးပွဲကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ်တွင် အထက ခုနစ်ကျောင်း၊ အထက(ခွဲ) ကိုးကျောင်း၊ အလက တစ်ကျောင်း၊ အလက(ခွဲ) ၁၃ ကျောင်း၊ မူလွန် ၉၅ ကျောင်း၊ အမက ၃၈ ကျောင်း၊ အမက(ခွဲ) ၂၂ကျောင်း စုစုပေါင်း ၁၈၅ ကျောင်းရှိပြီး လက်ရှိတွင် စာသင်ကျောင်းပေါင်း ၁၀၉ ကျောင်း ဖွင့်လှစ်သင်ကြားကာ ကျောင်းသား ကျောင်းသူ ဦးရေ စုစုပေါင်း ၆၀၀၀၀ ကျော်ခန့်ရှိကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာသင်ယူမှုအခွင့်အလမ်းများ မြင့်မားရေး၊ ကျောင်းသား ကျောင်းသူများ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးကို ဦးတည်၍ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၁၆-၂၀၂၁)ကို ကဏ္ဍကိုးရပ် သတ်မှတ်ဖော်ထုတ်ပြီး ဦးစားပေးလုပ်ငန်း ၁၂ ရပ် ချမှတ်ကာ ပြုပြင်ပြောင်းလဲ ဆောင်ရွက်လျက်ရှိရာ ပညာသင်ယူမှု အခွင့်အလမ်းများရရှိရေးအတွက် ကျောင်းနေအရွယ် ကလေးအားလုံး မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး၊ ပညာရေးအဆင့်တိုင်းတွင် မည်သည့်ခွဲခြားမှုမှမရှိရေး၊ ကျောင်းထွက်သူမရှိစေရေး၊ ကျား၊ မ တန်းတူညီမျှမှုရှိရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိပြီး ကျောင်းသား ကျောင်းသူများ လူသားကောင်းများဖြစ်စေရန်၊ ပူးပေါင်းဆောင်ရွက်တတ်သူများဖြစ်စေရန်နှင့် တီထွင်ဆန်းသစ် ဆောင်ရွက်နိုင်စွမ်းရှိသူများဖြစ်လာစေရန်အတွက် ပညာရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများကို အရှိန်အဟုန်မြင့်တင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-မင်းသစ်(MNA)၊ ကိုမင်း၊ ဓာတ်ပုံ-မင်းမင်း**



▼ *ကျော့ဖုံးမှ*

အကြံပြုတင်ပြထားသည့် အကြံပြုချက်များအနက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ UNHCR၊ UNDP နှင့် မြန်မာနိုင်ငံအစိုးရတို့အကြား ဘင်္ဂလားဒေ့ရှ်သို့ နေရပ်စွန့်ခွာသူများအား ပြန်လည်လက်ခံရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ ရေးထိုးပြီး ဆက်လက်ဆောင်ရွက်နေသည့် အခြေအနေများနှင့် ရခိုင်ပြည်နယ် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အလားတူ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုနှင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေးကော်မတီ၏ အကြံပေးအဖွဲ့ဥက္ကဋ္ဌ Prof. Dr. Surakiart Sathirathai ဦးဆောင်သော အဖွဲ့တို့သည် ညနေ ၄ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ နှစ်ဖက်လူ့အဖွဲ့အစည်း သဟဇာတဖြစ်ရေးနှင့် အတူယှဉ်တွဲနေထိုင်နိုင်ရေး၊ ရေရှည် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ IDP စခန်းများ ပိတ်သိမ်းခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် NVC ကတ်ပြားထုတ်ပေးခြင်းဆိုင်ရာ ဆောင်ရွက်မှုအခြေအနေတို့ကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ရေး ကော်မတီ၏ အကြံပေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တနင်္သာရီမြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြစ်ရေ စိုးရိမ်ရေမှတ်ကျော်လွန်၍ မြို့တွင်း ရေများစတင်ဝင်ရောက်

**တနင်္သာရီ ဇူလိုင် ၁၆**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဇူလိုင် ၁၆ ရက် နံနက် ၆ နာရီခန့်က တနင်္သာရီမြစ်ရေသည် စိုးရိမ်ရေမှတ် ၁၇ ပေ ထက် ကျော်လွန်၍ မြို့အတွင်းရှိလမ်းများနှင့် မြေနိမ့်ပိုင်းနေအိမ်များသို့ ရေများဝင်ရောက်လျက်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

တနင်္သာရီမြို့တွင် ဇူလိုင် ၁၆ ရက် နံနက် ၆ နာရီခန့်က တိုင်းထွာမှုအရ တနင်္သာရီမြစ်ရေသည် တနင်္သာရီမြို့၏ စိုးရိမ်ရေအမှတ် ၁၇ ပေ (၅၁၈ ဒသမ ၁၆ စင်တီမီတာ) ထက်ကျော်လွန်၍ ၁၇ ပေ ၃ လက်မ (၅၂၅ ဒသမ ၇၈ စင်တီမီတာ) သို့ ရောက်ရှိနေပြီး ချောင်းငယ်ရပ် ရပ်သာကျောင်းလမ်းနှင့် သီတာလမ်းဆုံရှိ သီတာလမ်းပေါ်တွင် ရေအနက် တစ်ပေခန့် အလျား ပေ ၂၀၀ ကျော်ခန့်၊ ချောင်းကြီးရပ်ကွက် ရွှေလိပ်ပြာလမ်းနှင့် တိုးချဲ့(၂)လမ်းဆုံမှ စတင်၍ တိုးချဲ့(၂) လမ်းပေါ်တွင် ရေအနက် ခြောက်လက်မခန့် အလျားပေ ၁၅၀ ခန့် ရေကျော်လျက်ရှိကြောင်းနှင့် ချောင်းကြီးရပ်တိုးချဲ့ ကွက်သစ် မိုးလုံလေလုံ အားကစားရုံအနီး မြေနိမ့်ပိုင်းရှိ နေအိမ်အောက်များသို့ ရေများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

❑ *ကျော့ဖုံးမှ*

အောင်မြင်စွာ တက်ရောက်နိုင်ခဲ့တာ ဖြစ်ပါတယ်"ဟု မိတ္ထီလာခြေလျင်နှင့် တောင်တက်အဖွဲ့မှ သတင်းပြန်ကြားရေးတာဝန်ခံ ကိုထွန်းလွင်က ပြောသည်။

**လေ့ကျင့်မွေးမြူ**

မိတ္ထီလာခြေလျင်နှင့် တောင်တက်အဖွဲ့၏ ဆောင်ပုဒ်မှာ "သဘာဝအလှတရားကို ချစ်မြတ်နိုးပါ၊ မည်သည့် ခြေရာလက်ရာများမှ ချန်မထားခဲ့ပါနဲ့"ဟု ဖြစ်ပြီး တက်ရောက်သည့် တောင်တက်ခရီးစဉ်တိုင်းတွင် တောင်တက်အဖွဲ့ဝင်များသည် အဖွဲ့ခေါင်းဆောင်များ၏ ဦးဆောင်မှုအတိုင်း သုံးစွဲသည့်အမှိုက်များကို သယ်ဆောင်လာသည့် ခရီးဆောင်အိတ်ထဲတွင် ပြန်လည်သိမ်းခဲ့ပြီး တောတောင်သဘာဝ သာယာလှပမှုနှင့် သစ်ပင်ပန်းမန်များကို ချိုးဖဲ့ဖျက်ဆီးခြင်း၊ ယူဆောင်ခြင်း၊ လုပ်ဆောင်ခြင်းမပြုဘဲ သဘာဝပတ်ဝန်းကျင်ကို ချစ်မြတ်နိုးသည့်စိတ်ထားများကို လေ့ကျင့်မွေးမြူကြသည်ဟု သိရသည်။

မိတ္ထီလာခြေလျင်တောင်တက်အဖွဲ့အနေဖြင့် လာမည့်ဩဂုတ်လတွင် ကလောမြို့နယ်အတွင်းရှိ မြင်းမထိတောင်ပေါ်သို့ တက်ရောက်မည်ဖြစ်ပြီး စက်တင်ဘာလထဲတွင် ရာသီဥတုအခြေအနေအပေါ်မူတည်၍ ချင်းပြည်နယ်အတွင်းမှ ဝိတိုရိယ (ခေါ်) နတ်မတောင်ဖြစ်စေ၊ ဟိုပုံးမြို့နယ်အတွင်းရှိ မဲနယ်တောင်ကိုဖြစ်စေ တောင်တက်ခရီးသွားရောက်ရန် စီစဉ်ထားကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

❍ *ကျော့ဖုံးမှ*

ယခုပွဲအပြီးတွင် အုပ်စု(က)၌ မြန်မာကလပ် MIC အသင်းနှင့် ဩစတြေးလျကလပ် East Coast Heat အသင်းတို့က ခြောက်မှတ်စီဖြင့် ဆီမီးဖိုင်နယ်တက်ရောက်သွားပြီး ယနေ့ကစားမည့်နောက်ဆုံးပွဲမှာ အုပ်စုပထမနေရာအတွက်သာ ယှဉ်ပြိုင်ရမည် ဖြစ်သည်။ MIC အသင်းနှင့် East Coast Heat အသင်းတို့ပွဲကို ဇူလိုင် ၁၇ ရက် **(ယနေ့)** မြန်မာစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ကျင်းပမည် ဖြစ်သည်။

**ရဲရင့်ရှိုင်း**

**အရိပ်လည်းရ**
**ဝန်းကျင်လည်းလှ**
**သစ်ပင်စိုက်ပျိုးကြ**

# မြဝတီ-ကော့ကရိတ် အမြန်လမ်းမကြီးတွင် ယာဉ်များပုံမှန်သွားလာနိုင်ပြီဖြစ်သော်လည်း လမ်းဘေး တောင်နံရံပြိုကျမှုများ အနည်းငယ်ထပ်မံဖြစ်ပေါ်လျက်ရှိ



**မြဝတီ ဇူလိုင် ၁၆**

မြဝတီ-ကော့ကရိတ် အမြန်လမ်းမ (တောင်ပေါ်လမ်း) ကီလိုမီတာ ၁၅၅ နှင့် ၁၅၄ ကြား ကော့ကရိတ်အပိုင် နတ်စဉ်ကွေ့နေရာတွင် ဇူလိုင် ၉ ရက်က လမ်းဘေးတောင်နံရံ ပြိုကျမှုဖြစ်ပွားခဲ့ရာ ခရီးသွားယာဉ်များနှင့် ကုန်တင်ယာဉ်များ လမ်းပိတ်ဆို့မှုဖြစ်ပွားခဲ့ပြီး ပြိုကျမြေသားများကို တာဝန်ရှိသူများက စုပေါင်းရှင်းလင်းခဲ့ရာ ဇူလိုင် ၁၆ ရက် နံနက်ပိုင်းမှ စတင်ပြီး ခရီးသွားယာဉ်များ ယာဉ်ကြောနှစ်ဖက်ဖြင့် ပုံမှန်သွားလာနိုင်ပြီဖြစ်ကြောင်း ကော့ကရိတ်ခရိုင် လမ်းဦးစီးဌာန ဦးစီးမှူး ဦးခွန်ထွန်းသက်အောင်က ပြောသည်။

**ယာဉ်များ သွားလာနိုင်**

အဆိုပါ မြေပြိုကျသည့်နေရာတွင် စတင်ပြိုကျသည့် ဇူလိုင် ၉ ရက်မှစတင်ပြီး ပြိုကျမြေသားများ ရှင်းလင်းခြင်းကို ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၄ ရက်တွင် ပြီးစီးခဲ့သော်လည်း ထပ်မံ၍ နှစ်ကြိမ်ပြိုကျခဲ့ရာ ထပ်မံရှင်းလင်းခဲ့ပြီး ဇူလိုင် ၁၆ ရက်တွင် ပုံမှန်အတိုင်း ယာဉ်များ သွားလာနိုင်ပြီဖြစ်သည်။ **(ယာပုံ)**

"ကျွန်တော်တို့ အရင်ရက်တွေကတော့ ယာဉ်တွေကို ခဏပိတ်လိုက်၊ သူတို့ ရှင်းလင်းလိုက်ပေါ့။ အခုလို ပုံမှန်ဖြစ်သွားတော့ ကောင်းတာပေါ့။ ဒါပေမယ့် ဒီပြိုတဲ့နေရာအနေအထားက မိုးကြီးရင် ထပ်ပြိုနိုင်တဲ့ အနေအထားရှိပါတယ်။ ဒါကို တာဝန်ရှိသူတွေအနေနဲ့လည်း တစ်ခုခု လုပ်ဆောင်သင့်တာပေါ့။ မိုးများရင်တော့ ပြိုလိုက်၊ ရှင်းလိုက်၊ ပိတ်လိုက် ဖြစ်နေမှာပါပဲ"ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ခဲ့ကြသည့် လုပ်ကြံမှုကြီးအတွင်းရေးများနှင့် ဦးစော၏ ကြိုးစင်သို့အသွား ဝန်ခံစကားများ

**ဟံသာဝတီ - ဦးအုန်းကြိုင်**

*(ယမန်နေ့မှအဆက်)*

ညွှဲ့သည်များ လာရောက်နားထောင်နိုင်ရန်အတွက် ထိုင်ခုံ ၁၀၀ သတ်မှတ်ချထားသည်။ အမှုကြီး စတင်စစ်ဆေးကြားနာစဉ်က ဦးစော၏ဇနီး ဒေါ်သန်းခင်၊ သမီး မေသန်းစော (ဘေဘီစော) နှင့် ယောက္ခမ ဦးလူကလေးတို့အပါအဝင် ကိုယ်တွေ့မျက်မြင်ကြည့်ရှုချင်သူများ လာရောက်နားထောင်ကြသည်။ တရားခွင်ဝင်ခွင့်လက်မှတ် တန်းစီတိုးယူကြသူတို့ အထူးများပြားလှသည်။

**ဣန္ဒြေမပျက် ဟန်မပျက်**

ဦးစောသည် ပရိသတ်ရှေ့မှောက်တွင် ဣန္ဒြေမပျက် ပိုးလုံချည်၊ တိုက်ပုံအင်္ကျီများ သပ်ရပ်စွာ ဝတ်စားဆင်ယင်၍ အစိမ်းရောင်နေကာမျက်မှန်ကို နေ့စဉ်တပ်ထားသည်။

**လူ ၈၀၀ ကျော် ဖမ်းဆီးစစ်ဆေးခံခဲ့ကြရ**

ဇူလိုင်လ ၁၉ ရက်နေ့က အတွင်းဝန်ရုံးတွင် ရက်စက်ယုတ်မာလွန်းသော လုပ်ကြံလူသတ်မှုကြီးဖြစ်ပွားပြီးသည့်နောက် ရန်ကုန်မြို့တွင် လူ ၈၀၀ ကျော်ကို ဖမ်းဆီးပြီး မှုခင်းစုံစမ်းထောက်လှမ်းရေးဌာန (C.I.D)၊ အင်းစိန်ပုလိပ်တပ်ဖွဲ့နှင့် ရန်ကုန်မြို့တော် ပုလိပ်တပ်ဖွဲ့တို့က စစ်ဆေးမေးမြန်းပြီး လူအများစုကို ပြန်လွှတ်ပေးခဲ့သည်။

နောက်ဆုံးတွင်ကား နိုင်ငံတော်လုပ်ကြံမှုကြီးတွင် တရားလိုပြသက်သေ ၁၃၁ ယောက်အနက် ၈၇ ယောက်တို့က အမှုကြီး၏ တရားလိုဗြိတိသျှဘုရင်ခံဘက်မှ ထွက်ဆိုခဲ့ကြသည်။ သူတို့ အများအပြားသည် အတွင်းဝန်များရုံးအတွင်း ကျူးကျော်ဝင်ရောက် ပစ်ခတ်သတ်ဖြတ်မှုကို ကိုယ်တွေ့မျက်မြင် အချက်အလက်အမှန်များဖြင့် သက်သေခံထွက်ဆိုခဲ့ကြသည်။

**လန်ဒန်ဝတ်လုံတော်ရကြီး လက်မြှောက်ရပြီ**

အင်္ဂလန်မှ ငွေကုန်ကြေးကြီးပေး ခေါ်ယူ၍ ရေယာဉ်ပျံ (Sea plane) ဖြင့် ဟိတ်ကြီးဟန်ကြီးထုတ်ကာ ရန်ကုန်မြစ်အတွင်း သက်ဆင်းကာ ပန်းဆိုးတန်းဆိပ်ကမ်းမှ အင်းစိန်ထောင်တရားရုံးသို့ ရောက်လာခဲ့သော လန်ဒန်ဝတ်လုံတော်ရကြီးလည်း မည်သို့မျှမခုခံ၊ မကာကွယ်၊ မလျှောက်လဲနိုင်ဘဲလျက် လက်မြှောက်ငေးငိုင်၍သာ နေရရှာလေသည်။

**စာလုံးရေ ၅၂၀၀၀ ပါသော စီရင်ချက်**

နိုင်ငံတော်လုပ်ကြံမှုကြီးကို စစ်ဆေးကြားနာခဲ့သော အထူးတရားခုံရုံး၏ နောက်ဆုံးတရားဆိုင်ခြင်းကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်နေ့တွင် ဆက်လက်ပြုလုပ်ခဲ့ပြီးသည့်နောက် အထူးခုံရုံး၏ စကားလုံးရေပေါင်း ၅၂၀၀၀ ဖြင့် ရေးသားထားသော စီရင်ချက်ကို ချမှတ်နိုင်လေသည်။ ထိုနေ့က တရားခွင်ကို ဖွင့်ပေးခဲ့သဖြင့် ဥပဒေပညာရှင်များ၊ သတင်းစာဆရာများ စုံညီစွာ လာရောက်နားထောင်ကြသည်။

စီရင်ချက်ဖတ်ကြားချိန်မှာ တစ်နာရီကျော်မျှ ကြာလေသည်။ ပထမဆုံး တရားရုံးစတင်စစ်ဆေးကြားနာသည့်နေ့ကကဲ့သို့ တရားခွင်တစ်ခုလုံး လာရောက်နားထောင်ကြသူများနှင့် ပြည့်နှက်လျက်ရှိသည်။ တရားခံများ၊ ရှေ့နေများအားလုံးစုံညီတက်ရောက်လာကြသည်။ တရားခံ ရှစ်ယောက်တို့မှာ တရားခံများထားရာ ခြံအတွင်းရှိနေကြပြီး ဦးစောမှာ သူ၏ လန်ဒန်ဝတ်လုံတော်ရကြီး၏ဘေးရှိ ကုလားထိုင်တွင် ထိုင်နေသည်။

**ပြစ်မှုကျူးလွန်သူအားလုံး သေဒဏ်**

ယင်းစီရင်ချက်တွင် သေနတ်သမား လေးယောက်ဖြစ်သော မောင်စိုး၊ သက်နှင်း၊ ရန်ကြီးအောင်၊ မောင်စိန်တို့အား လူသတ်မှုဖြင့်လည်းကောင်း၊ ဦးစော၊ သုခ၊ မောင်နီ၊ မှုန်ကြီးနှင့် ခင်မောင်ရင်တို့မှာ လူသတ်မှုကြီးတွင် အားပေးကူညီမှုဖြင့်လည်းကောင်း အပြစ်ရှိသည်ကို တွေ့ရှိခဲ့သည်ဖြစ်၍ ၎င်းတရားခံအားလုံးတို့ကို သေဒဏ်ကျခံကြစေရန် အပြစ်ပေးလိုက်လေသည်။

**အသနားခံစာတင်ရန် မေးမြန်းသော ဦးစော**

စီရင်ချက်ကို အင်္ဂလိပ်ဘာသာဖြင့် ဖတ်ကြားခဲ့ခြင်းဖြစ်ရာ တရားသူကြီး ဦးကျော်မြင့်၏ သံနေသံထားအရ လည်းကောင်း၊ တရားခွင်ရှိ ပရိသတ်၏ တုံ့ပြန်သံများအရ လည်းကောင်း ၎င်းတို့ခံစားနိုင်လောက်မည် ဖြစ်သည်။ စီရင်ချက် ဖတ်ကြားမှုအပြီးတွင် ဦးစောသည် ထိုင်နေရာမှထရပ်၍ အသနားခံရန်အတွက် ကြိုးစားမေးမြန်းရာတွင် သူ၏အသံမှာ အတော်ပင် တုန်လှုပ်နေသည်ကို သတိထားမိကြသည်။

**လက်ထိပ်ခတ်မခံချင်ပေမယ့် ကြိုးတိုက်တော့ ပို့ရသေးတာပဲ**

ဦးစောအား တရားခွင်မှ ပြန်လည်ခေါ်ဆောင်သွားမည့် ပုလိပ်အရာရှိသည် ဦးစောအား လက်ထိပ်ခတ်မည်ပြုသောအခါ "ငါ့ကို ဘာလို့လက်ထိပ်ခတ်ရမှာလဲ" ဟု စိတ်တိုစွာဖြင့် အော်ငေါက်လိုက်လေသည်။ တရားသူကြီး ဦးကျော်မြင့်က ဦးစောအား တရားရုံးခန်းမအတွင်းမှ လက်ထိပ်မခတ်ဘဲ စောင့်ကြပ်ခေါ်ဆောင်သွားရန် ခွင့်ပြုလိုက်သည်တွင် ဦးစောအား ညင်ညင်သာသာ ခေါ်ဆောင်သွားသော်လည်း သူ့အား ယခင်က ထားခဲ့သော အခန်းကျယ်ကြီးဆီသို့မဟုတ်ဘဲ သေဒဏ်ကျခံရသူများကိုသာ သီးသန့်ထားရှိသည့် ကြိုးတိုက်စခန်းသို့ ခေါ်ဆောင်သွားလေတော့သည်။

သေဒဏ်နှင့်ပတ်သက်၍ အယူခံလွှာတင်သွင်းလိုပါက ယခုစီရင်ချက်ချမှတ်သည်မှ (၇) ရက်အတွင်း လျှောက်ထားကြရမည်ဟု အထူးခုံရုံးတော်က ပြစ်ဒဏ်ကျခံရသူများအား သတိပေးလေသည်။

> **"နိုင်ငံတော်လုပ်ကြံမှုကြီးကို စစ်ဆေးကြားနာခဲ့သော အထူးတရားခုံရုံး၏ နောက်ဆုံးတရားဆိုင်ခြင်းကို ၁၉၄၇ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်နေ့တွင် ဆက်လက်ပြုလုပ်ခဲ့ပြီးသည့်နောက် အထူးခုံရုံး၏ စကားလုံးရေပေါင်း ၅၂၀၀၀ ဖြင့် ရေးသားထားသော စီရင်ချက်ကို ချမှတ်နိုင်လေသည်။ ထိုနေ့က တရားခွင်ကို ဖွင့်ပေးခဲ့သဖြင့် ဥပဒေပညာရှင်များ၊ သတင်းစာဆရာများ စုံညီစွာ လာရောက်နားထောင်ကြ"**

**ဗြိတိသျှအထွက် မြန်မာအတက်ကာလ**

ထိုသီတင်းပတ်သည် ဗြိတိသျှဘုရင့်အစိုးရလက်ထက် တရားစီရင်ရေးမှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တရားစီရင်ရေးခေတ်သစ်ဆီသို့ ခေါ်ဆောင်ရောက်ရှိသွားပေတော့မည်ဖြစ်သည်။ အဘယ်ကြောင့်ဆိုပါသော် မြန်မာနိုင်ငံအနေဖြင့် ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဗြိတိသျှကိုလိုနီလက်အောက်ခံဘဝမှ ကင်းလွတ်သည့် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်လာမည်ဖြစ်သောကြောင့်တည်း။

ထိုအချိန်မှစ၍ ဦးစောအတွက် နောက်ဆုံးအားကိုးအားထားပြုရာ လန်ဒန်မြို့ရှိ ပရီဗီကောင်စီမဟုတ်တော့ဘဲ ရန်ကုန်မြို့ တရားလွှတ်တော်ချုပ်ကသာလျှင် အယူခံလွှာတင်သွင်းမှုကို နောက်ဆုံးအဆုံးအဖြတ်ပေးမည့် တရားရုံးတော်ကြီး ဖြစ်လာပေတော့မည်။ ဗြိတိသျှဘုရင်မင်းမြတ်နေရာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက ဝင်ရောက်အစားထိုးဆောင်ရွက်ပေတော့မည်။ တစ်နည်းဆိုရသော် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဦးစောနှင့်အပေါင်းပါများ" ဖြစ်လာပေတော့မည်။

**အယူခံပယ်ချခံရခြင်း**

ထို့နောက် လန်ဒန်ရှိ ပရီဗီကောင်စီက ပြဋ္ဌာန်းထားသော စည်းမျဉ်းဥပဒေများမှ လမ်းညွှန်မှုများကိုရယူကာ မြန်မာနိုင်ငံတော် တရားလွှတ်တော်ချုပ်သည် ဦးစောတို့၏ အယူခံမှုများကို ဦးစားပေးလျက် ပယ်ချလိုက်လေသည်။

**ပထမဆုံးသမ္မတကြီး၏ သက်ညှာထောက်ထားချက်**

နောက်ဆုံးအသနားခံစာတင်သွင်းရန် တစ်လမ်းသာ ကျန်တော့သည်။ နိုင်ငံတော်သမ္မတထံမှ သက်ညှာထောက်ထားကရုဏာမှုများကို တောင်းခံရန်သာဖြစ်သည်။ ထိုလွတ်လပ်စအချိန်က သမ္မတနိုင်ငံတော်သစ်၏ ဂုဏ်ကျက်သရေမြင့်လှသော ပထမဆုံးသမ္မတကြီးမှာ ရှမ်းပြည်နယ်မှ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်ဖြစ်သည်။ နိုင်ငံတော်သမ္မတကြီးထံ နောက်ဆုံးအသနားခံစာတင်သွင်းရာတွင် (၁) ဂျစ်ကားမောင်းရသူ သုခ၊ (၂) ကြိုတင်ထောက်ရသူ ခင်မောင်ရင်နှင့် (၃) လူသတ်သမားများထွက်ပြေးရန် လမ်းကိုစောင့်ကြပ်ခဲ့ရသူ မောင်နီတို့ သုံးဦးကို သေဒဏ်မှ တစ်သက်တစ်ကျွန်းထောင်ဒဏ်၊ အနှစ် (၂၀) ထောင်ဒဏ်သို့ အပြစ်ဒဏ်လျှော့ပေါ့ပေးခြင်းခံကြရပြီး ကျန်တရားခံများဖြစ်ကြသော (၁) ဦးစော (၄၇) နှစ် ၁၉၄၈ ခုနှစ်၊ မေလ ၈ ရက်နေ့တွင် အင်းစိန်ထောင်၌ ကြိုးပေးကွပ်မျက်ခြင်းခံရသည်။ (၂) မောင်စိုး၊ ထိုနေ့တွင်ပင် အင်းစိန်ထောင်၌ ကြိုးပေးခံရသည်။ (၃) သက်နှင်း၊ ထိုနေ့တွင်ပင် အင်းစိန်ထောင်၌ ကြိုးပေးခံရသည်။ (၄) မောင်စိန်၊ ထိုနေ့တွင်ပင် ရန်ကုန်ထောင်၌ ကြိုးပေးခံရသည်။ (၅) မှုန်ကြီး၊ ထိုနေ့တွင်ပင် အင်းစိန်ထောင်၌ ကြိုးပေးကွပ်မျက်ခံရသည်။ (၆) ရန်ကြီးအောင်၊ ထိုနေ့တွင်ပင် ရန်ကုန်ထောင်၌ ကြိုးပေးကွပ်မျက်ခံရသည်။

အစိုးရသက်သေ ဖော်ကောင်ဘညွန့်မှာ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ၆ လ ကျခံရသည်။

**အာဇာနည်ကြီးများ အာဇာနည်ဗိမာန်သို့**

ထိုလုပ်ကြံမှုကြီးကို နောက်ဆုံးစီရင်ချက်ချသော ၁၉၄၇ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ဂျူဗလီခန်းမ၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ၏ ရုပ်ကလာပ်များ လဲလျောင်းလျက်ရှိဆဲဖြစ်သည်။ နေ့စဉ်နှင့်အမျှ ထောင်ပေါင်းများစွာသော လူထုပရိသတ်ကြီးက လာရောက်ဂါရဝပြုနေကြဆဲဖြစ်သည်။ ထိုသို့ဖြင့် ကိုးလကြာထားရှိပြီးသည့်နောက် ၁၉၄၈ ခုနှစ်၊ ဧပြီလ ၁၁ ရက်နေ့တွင် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရုပ်ကလာပ်တို့ကို ဂျူဗလီခန်းမမှ ရွှေတိဂုံစေတီတော်ကြီး၏ မြောက်ဘက်ရှိ အာဇာနည်ဗိမာန်ရှိရာသို့ လူထုပရိသတ် ၅ သိန်းကျော်မျှ ချီတက်ပို့ဆောင်ကြလျက် အာဇာနည်ဗိမာန်ရှိ သတ်မှတ်ထားသော အဆင်သင့်ပြုလုပ်ထားသည့် အုတ်ဂူများအတွင်းသို့ သက်ဆိုင်ရာခေါင်းဆောင်များအလိုက် သွင်းပေးမြှုပ်နှံ သင်္ဂြိုဟ်လိုက်ကြလေသည်။ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရုပ်ကလာပ်များသည် ထိုနေရာများတွင် ယနေ့တိုင်အောင် နားနေလဲလျောင်းနေကြပြီဖြစ်သည်။

**ကြိုးစင်သို့အသွား ဦးစော၏နောက်ဆုံးဝန်ခံစကားများ**

၁၉၄၈ ခုနှစ်၊ မေလ ၈ ရက်နေ့ နံနက်စောစောအချိန်ဖြစ်သည်။ လင်းအရုဏ်မတက်သေး။ အင်းစိန်ထောင်ဘူးဝတွင် လူစုံရောက်နှင့်နေကြပြီဖြစ်သည်။ ကျွန်တော်မှတ်မိသလောက်ပြောရသော် တရားရေးဌာန အတွင်းဝန်လည်းဖြစ်၊ အကျဉ်းဌာနမင်းကြီးလည်းဖြစ်သူ အတွင်းဝန် ဦးသောင်းစိန်၊ အင်းစိန်ထောင်ပိုင်ကြီး ဦးတင်မောင်၊ အင်းစိန်အရေးပိုင်၊ ခရိုင်ရာဇဝတ်ဝန်ကြီး၊ ခရိုင်ဆရာဝန်ကြီး၊ ထောင်ဆရာဝန်ကြီး၊ ထောင်မှူးကြီး ဦးဟန်တင်နှင့် အခြားထောင်မှူးကြီးများ၊ ဝါဒါများ စသည့် လူစုံတက်စုံ၊ ထို့အပြင် သတင်းမီဒီယာမှ အစိုးရပြန်ကြားရေးဌာန ညွှန်ကြားရေးဝန် ဆရာ ဦးထင်ဖတ် (စာရေးဆရာကြီး မောင်ထင်)၊ သတင်းထောက်ချုပ် ဦးဘသိန်း၊ သတင်းထောက် ဦးထိန်တို့နှင့် ဓာတ်ပုံဆရာ၊ ရုပ်ရှင်ကင်မရာဆရာများနှင့် စာရေးသူတို့ အစုံအညီ ရောက်ရှိနေကြပြီဖြစ်သည်။

**တစ်ညလုံးပုတီးစိပ်နေသော ဦးစော**

နံနက် ၄ နာရီထိုးသည်နှင့် ထောင်အတွင်း အဆောင် ၁ နှင့် ၂ အကြားရှိ ကြိုးတိုက်ဆောင်သို့ ဝင်ရောက်သွားကြသည်။ ဦးစောသည် ကြိုးတိုက်ခန်းအတွင်း ဘုရားစင်တွင် ဆီမီးပူဇော်ထွန်းညှိလျက် သီလခံယူပြီး လမ်းလျှောက်ရင်း ပုတီးစိပ်နေသည်ကို တွေ့လိုက်ရသည်။ တစ်ညလုံးမအိပ်ဘဲ ပုတီးစိပ်နေသည်ဟု ဆိုပါသည်။

ထောင်ပိုင်ကြီး ဦးတင်မောင်က စတင်၍ "ဂွတ်မောနင်း ဦးစော" ဟု နှုတ်ခွန်းဆက်လိုက်ရာ ဦးစောကလည်း "ဂွတ်မောနင်း ဦးတင်မောင်... ကျွန်တော် အားလုံးအဆင်သင့်ဖြစ်နေပါပြီ၊ ခင်ဗျားတို့ ဝတ္တရားရှိတဲ့အတိုင်း လုပ်ကြပါဗျာ" ဟု ပြောဆိုပါသည်။

သို့နှင့် ဦးစော၏ ကြိုးတိုက်ခန်းတံခါးသော့ကိုဖွင့်ပြီး ဦးစောကို လက်ထိပ်ခတ်ခြင်း၊ ကြိုးတုပ်နှောင်ခြင်းမပြုဘဲ ကြိုးစင်ရှိရာ ထောင့်တစ်နေရာသို့လမ်းလျှောက်သွားကြပါသည်။

ဦးစောကို အလယ်တွင်ထား၍ ညာဘက်မှ ထောင်ပိုင်ကြီး ဦးတင်မောင်၊ ဘယ်ဘက်မှ အတွင်းဝန် ဦးသောင်းစိန်တို့က ညှပ်လျက် စကားတပြောပြောဖြင့် လမ်းလျှောက်ခေါ်ဆောင်သွားကြသည်။ စာရေးသူသည် ၎င်းတို့၏ နောက်မှနေ၍ ကပ်လျက် နားထောင်ရင်း လိုက်ပါသွားပါသည်။

**ဦးစော၏ အကူအညီတောင်းစကား**

"အိုင်ဆေး...ဦးတင်မောင်၊ ကျေးဇူးပြုပြီး ကျွန်တော့်ကို ကူညီပါဗျာ ...။ ကျွန်တော်ဝန်ကြီးဘဝ ၁၉၃၈ ခုနှစ်လောက်က အင်းတော်ကြီးက သက်န်းနက်သားနဲ့ထုထားတဲ့ ဉာဏ်တော်တစ်တောင်လောက်ရှိတဲ့ မတ်ရပ်ဘုရားဆင်းတုတော်တစ်ဆူ ရလာပြီး အိမ်မှာ ပူဇော်ထားခဲ့တယ်ဗျာ၊ အဲဒီဆင်းတုတော်ကို ရွှေတိဂုံစေတီတော် စနေထောင့်မှာ သွားလှူပူဇော်ထားလိုက်ပါလို့ မသန်းခင်ကို ပြောပေးပါဗျာ၊ နောက်ပြီး ဒီစာတစ်စောင်ကို ကျွန်တော့်သမီး ဘေဘီစောကို ပေးပါလို့ ပေးပေးပါဗျာ" ဟု ဦးစောက ထောင်ပိုင်ကြီး ဦးတင်မောင်အား ပြောဆို အကူအညီတောင်းပါသည်။

**ကြိုးစင်တင်သို့အသွား ဝန်ခံစကား**

ထို့နောက် တစ်ဆက်တည်း ဦးစောထံမှ ဝန်ခံစကားကို ကြားကြရသည်။

"ဦးတင်မောင်... ကျွန်တော် သိပ်ကိုမှားသွားတယ်ဗျာ၊ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ကျွန်တော်တို့ဟာ ရန်သူတွေမဟုတ်ကြပါဘူး။ ဗိုလ်ချုပ်ဟာ ကျွန်တော့်အပေါ်မှာ အလွန်ကောင်းတဲ့ပုဂ္ဂိုလ်ပါဗျာ။ ကျွန်တော် သေနတ်ပစ်ခံရလို့ ရန်ကုန်ဆေးရုံမှာ မျက်စိကုနေတုန်း ဗိုလ်ချုပ်လာရောက်ပြီး ကရုဏာစကား၊ အားပေးစကား ပြောဆိုပါတယ်။ လန်ဒန်သွားကြတုန်းကလည်း ကျွန်တော့်အပေါ်မှာ အတော့်ကို ဖော်ဖော်ရွေရွေနဲ့ ဆက်ဆံပါတယ်။ ကျွန်တော်ကသာ ဗိုလ်ချုပ်ကို ရန်သူလို့ထင်မှတ်နေတာ"

"အခုဖြစ်ပျက်ခဲ့ကြရတဲ့ ကိစ္စကြီးမှာလည်း ကျွန်တော့်အမှားကြောင့်ပါဗျာ။ ကျွန်တော့်ရဲ့ တစ်ဖက်သတ်ဖြစ်နေတဲ့ လောဘ၊ ဒေါသ၊ မောဟတရားတွေကြောင့် ဖြစ်ပေါ်လာတဲ့ အာဃာတစိတ်ကို မထိန်းချုပ်နိုင်ခဲ့လို့ ဖြစ်သွားရတာပါ။ ကျွန်တော့်ရဲ့အမှားပါဗျာ။ ကျွန်တော်စဉ်းစားတယ်။ ဘာကြောင့် ဒီလိုကျူးလွန် မိရတာလဲဆိုတာ။ အတိတ်က အတို့အလှည့် ဝဋ်ကြွေးကြောင့်လို့ပဲ ကျွန်တော် ယူဆပါတယ်။ ဒါ့ကြောင့် ကျွန်တော် နောက်ဆုံးအချိန်တွေမှာ မအိပ်တော့ဘဲ ဘုရားမှာ သီလခံယူဆောက်တည်ပြီး ဒီဝဋ်ကြွေး ဒီဘဝမှာတင် နောက်ဆုံးဖြစ်ပါစေ၊ နောင်ဘဝမပါပါစေနဲ့၊ ဗိုလ်ချုပ်အပေါ်မှာ ကျွန်တော်တင်ရှိတဲ့ ဒီဝဋ်ကြွေး ဒီမှာတင် နောက်ဆုံးဖြစ်ပါစေ၊ ပေးဆပ်နိုင်ရပါစေလို့ ကျွန်တော် ဆုတောင်းပါတယ်ဗျာ"

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့* ◆

# (၂၆) ကြိမ်မြောက် နိကာယ်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

*(ယမန်နေ့မှအဆက်)*

အုပ်စု (၅) အင်္ဂုတ္တရနိကာယ (သုတ္တန္တပိဋက) သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂၇၉ ပါး၊ နှစ်ကျမ်းအောင် ၁၄၆ ပါး၊ တစ်ကျမ်းအောင် ၁၂၆ ပါးတို့ ဖြစ်ကြသည်။ အင်္ဂုတ္တရနိကာယ သုံးကျမ်းအောင် ၂၇၉ ပါး၊ ပထမ၊ ဒုတိယ၊ တတိယ၊ သီလရှင် ပထမရရှိသော အထူးအောင်ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

(က) ခုံအမှတ်၊ မင်္ဂလာ ၄၊ အရှင်ပညာဝရာလင်္ကာရ၊ အသက် ၃၀ နှစ်၊(ဘ)ဦးခင်မောင်တင့်၊ တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ပထမ)

(ခ) ခုံအမှတ်၊ စိန် ၃၈၊ အရှင်ဝဏ္ဏိသရာလင်္ကာရ၊ အသက် ၂၂ နှစ်၊ (ဘ)ဦးမောင်ထွေးဖြူ၊ ရတနာပန်းကုံးကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(ဒုတိယ)

(ဂ) ခုံအမှတ်၊ ပူရ ၄၊ အရှင်ဥက္ကဋ္ဌာလင်္ကာရ၊ အသက် ၂၃ နှစ်၊ (ဘ)ဦးကျော်ဝင်း၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ အမရပူရမြို့၊ မန္တလေးတိုင်းဒေသကြီး(တတိယ)

(ဃ) အင်္ဂုတ္တရနိကာယ်သုံးကျမ်းအောင် သီလရှင်များအနက် ခုံအမှတ်၊ တက ၃၂၊ မဉာဏေသီ၊ အသက် ၂၈နှစ်၊ (ဘ) ဦးအောင်ကြည်၊ မြသပိတ်သာမဏေကျော်စာသင်တိုက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ် (သီလရှင် ပထမ)

အုပ်စု (၆) ခုဒ္ဒကနိကာယ (၁) (သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် ငါးကျမ်းအောင် ၁ ပါး၊ သုံးကျမ်းအောင် ၁ ပါးတို့ ဖြစ်ကြသည်။

အုပ်စု (၇) ခုဒ္ဒကနိကာယ (၂) (သုတ္တန္တပိဋက) ငါးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင် ၂ ပါး၊ နှစ်ကျမ်းအောင် ၁ ပါးတို့ ဖြစ်ကြသည်။

အုပ်စု (၈) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) (ပထမပိုင်း) နှစ်ကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၉၄ ပါး၊ တစ်ကျမ်းအောင် ၈၆ ပါး တို့ဖြစ်ကြသည်။ အဘိဓမ္မပိဋက (အဘိဓမ္မာပထမပိုင်း) နှစ်ကျမ်းအောင် ၉၄ ပါးအနက် ပထမ၊ ဒုတိယ၊ တတိယရရှိသော ပုဂ္ဂိုလ်များမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်သည်-

(က) ခုံအမှတ်၊ ဗဟ ၇၊ အရှင်သုမနာလင်္ကာရ၊ အသက် ၂၀ နှစ်၊ (ဘ)ဦးဖိုးထူး၊ မဟာဝိသုဒ္ဓါရုံကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ပထမ)

(ခ) ခုံအမှတ်၊ စိန် ၅၊ အရှင်ခန္တီစာရာလင်္ကာရ၊ အသက် ၂၀ နှစ်၊ (ဘ) ဦးအောင်ချိန်၊ ရွာမ ပရိယတ္တိစာသင်တိုက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ဒုတိယ)

(ဂ) ခုံအမှတ်၊ မရ ၁၅၊ အရှင်ဇောတလ၊ အသက် ၂၄ နှစ်၊ (ဘ)ဦးကုလား၊ တိပိဋက မဟာဂန္ဓာရုံကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး(တတိယ)

အုပ်စု (၉) ခုဒ္ဒကနိကာယ(အဘိဓမ္မပိဋက) (ဒုတိယပိုင်း) လေးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် လေးကျမ်းအောင် ၁ ပါး၊ သုံးကျမ်းအောင် ၂ ပါး၊ နှစ်ကျမ်းအောင် ၂ ပါး၊ တစ်ကျမ်းအောင် ၁ ပါးတို့ ဖြစ်ကြသည်။

မဟာဝိဒူတန်း အုပ်စု (၁) ခုဒ္ဒကနိကာယ (ဝိနယပိဋက) ဝိနည်းအဋ္ဌကထာ သုံးကျမ်းဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၄ ပါး၊ နှစ်ကျမ်းအောင် ၁ ပါး၊ တစ်ကျမ်းအောင် ၄ ပါးတို့ ဖြစ်ကြသည်။

မဟာဝိဒူတန်း အုပ်စု (၂) ဒီဃနိကာယ (သုတ္တန္တပိဋက) ဒီဃနိကာယ်အဋ္ဌကထာ သုံးကျမ်း ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် သုံးကျမ်းအောင် ၂ ပါး ဖြစ်ကြသည်။

မဟာဝိဒူတန်း အုပ်စု (၈) ခုဒ္ဒကနိကာယ (အဘိဓမ္မပိဋက) အဋ္ဌကထာနှစ်ကျမ်း ဖြေဆိုကြသော ပုဂ္ဂိုလ်တို့တွင် နှစ်ကျမ်းအောင် ၁ ပါး၊ တစ်ကျမ်းအောင် ၂ ပါးတို့ ဖြစ်ကြသည်။

(၂၆) ကြိမ်မြောက် နိကာယ်စာမေးပွဲတွင် ဝိဒူတန်းအုပ်စု ၉ ခုနှင့် မဟာဝိဒူတန်းအုပ်စု ၃ ခုတို့၌ ကျမ်းစဉ်အလိုက် အောင်မြင်ကြသူပေါင်း ၅၆၇၁ ပါး ဖြစ်ကြသည်။

နိကာယ်အောင်စာရင်းအပြည့်အစုံကို နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် သံဃနာယက အဖွဲ့ရုံးများတွင်လည်းကောင်း၊ နိကာယ်စာဖြေဌာနရှိသော မြို့နယ်သံဃနာယကအဖွဲ့ရုံးများတွင် လည်းကောင်း၊ နေပြည်တော်/ တိုင်းဒေသကြီး/ ပြည်နယ်သာသနာရေးမှူးရုံးများတွင် လည်းကောင်း၊ နိကာယ်စာမေးပွဲအောင်စာရင်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ Website www. mahana.org.mm၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန Website www. mora. gov.mm၊ သာသနာရေးဦးစီးဌာန Website www.dra.gov.mm တို့တွင်လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

◆ *စာမျက်နှာ ၁၁ မှအဆက်*

ထိုနေ့ နံနက်က ကြိုးစင်နားရောက်သည်အထိ ဦးစော တစိမ့်စိမ့်ပြောဆိုသွားသော စကားများဖြစ်ပါသည်။

**ဦးစောထံမှ ချစ်သမီးသို့ နောက်ဆုံးပေးစာ**

ဦးစောသည် တစ်ဦးတည်းသောသမီးလေး မေသန်းစော ခေါ် ဘေဘီစောထံသို့ ကြိုးစင်တက်ခါနီး နောက်ဆုံးပေးခဲ့သော စာပါအကြောင်းအရာအချို့ကို သက်ဆိုင်ရာပုဂ္ဂိုလ်ကြီးများထံမှ မိမိကြားသိမှတ်မိခဲ့ရသမျှကို ဤနေရာ၌ ရေးသားဖော်ပြလိုပါသည်။ ဤစာမှာ နိုင်ငံတော်လုပ်ကြံမှုကြီး၏ တရားခွင်အပြင်ဘက်မှ နောက်ဆုံးဝန်ခံချက်စကားများဖြစ်၍ သမိုင်းဝင်စာဟု ထင်မြင်ပါ၍ ဖော်ပြရခြင်းဖြစ်ပါသည်။

"ဒေါသနှင့် အာဃာတတရားသည် ကောင်းကျိုးကို မပေးဘဲ၊ ဆိုးကျိုးကိုသာ ပေးသည်။ သူသည် ဒေါသမီးကို ရင်ဝယ်ပိုက်ပြီး အာဃာတတရားကြီးမားလွန်းခဲ့သဖြင့် သူ၏ဘဝကို တိုတိုနှင့်ပိုင်းကာ ဇာတ်သိမ်းဆိုးခဲ့ရသည်။"

"အကယ်၍ ဒေါသမီးကို ရင်ဝယ်မပိုက်ဘဲ ငြိမ်းသတ်နိုင်ခဲ့ပြီး အာဃာတတရားကိုလည်း ဖျောက်ဖျက်ပစ်နိုင်မည်ဆိုပါလျှင် ယခုလို အသက်ငယ်ငယ်နှင့် ဘဝကို တိုတိုပိုင်းရမည်မဟုတ်ပေ။ သူမြတ်နိုးသောဇနီး၊ သူချစ်သောသမီးတို့နှင့်လည်း အိုအောင်မင်းအောင်နေထိုင်ရပြီး တိုင်းပြည်အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်မည်ဖြစ်သည်။"

"ယခုမူကား၊ လွန်ခဲ့လေပြီ၊ ပြီးခဲ့လေပြီ၊ သို့တစေလည်း ဖခင်ဖြစ်သူ မိမိအမှားမျိုးကို သမီးဖြစ်သူ မကြုံမတွေ့ရလေအောင် ဖခင်၏ ဘဝသင်ခန်းစာကို ယူ၍ ဒေါသမီး ရင်ဝယ်မပိုက်ထွေးဘဲ ငြိမ်းသတ်ပစ်ပါ။ မည်သူ့အပေါ်မှာမှ ရန်ငြိုးဖွဲ့ ရန်ငြိုးမထားဘဲ အာဃာတတရား ဖျောက်ဖျက်ပစ်ပါလေ... ချစ်သမီး"

ဤသည်တို့သည်ကား ယနေ့ကျရောက်သော (၇၁) နှစ်မြောက် အာဇာနည်နေ့အတွက် ပြန်လည်မှန်းဆ သတိရစေအပ်သည့် ဖြစ်စဉ်ထုပွတ်အကြောင်းရပ်များပင် ဖြစ်လင့်ကစား၊ ထိုဖြစ်စဉ်ဖြစ်ရပ်တို့သည် နာကြည်းကြေကွဲ ရင်နာခံပြင်းစရာ၊ စက်ဆုပ်စရာ၊ ရှုတ်ချစရာထက် ၎င်းဖြစ်ပျက်မှု အလုံးစုံတို့ကို ခြုံငုံဆင်ခြင် အမှတ်ထင်ထင် သတိသံဝေဂတရားပွားများ၍ နောင်အနာဂတ် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်တွင် အလားတူ အရုပ်ဆိုး အကျည်းတန်စေအပ်သော အပြုအမူဆိုးကြီးများ မပေါ်ပေါက်မဖြစ်ထွန်းလာစေနိုင်အောင် အစွမ်းကုန် ကြိုးပမ်းတားဆီးကြပါစို့ဟု အဓိဋ္ဌာန်ပြု၍ တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**"အားလုံးကျန်းမာချမ်းသာကြပါစေ"**

## မြန်မာအမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) ယူ-၁၃ အသင်း ဒုတိယဆုဖြင့် ကျေနပ်ခဲ့ရ

**ရန်ကုန် ဇူလိုင် ၁၆**

ထိုင်းနိုင်ငံ အယုဒ္ဓယမြို့၌ ကျင်းပခဲ့သည့် Ayutthaya Asian Youth Football Festival 2018 ပြိုင်ပွဲ ဗိုလ်လုပွဲကို ဇူလိုင် ၁၆ ရက် နံနက်ပိုင်းက ကျင်းပရာ မြန်မာအမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) ယူ-၁၃ အသင်းက PTT အကယ်ဒမီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ဒုတိယဆုဖြင့် ကျေနပ်ခဲ့ရသည်။



မြန်မာအမျိုးသားဘောလုံး အကယ်ဒမီ (ရန်ကုန်) ယူ-၁၃ အသင်းသည် ချန်ပီယံဆုရယူနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့်ဂိုးဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။ ယင်းဘောလုံးပွဲတော်ကို လူငယ်ကစားသမားများ အတွေ့အကြုံရစေရန် ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှာလည်း အမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်)တွင် ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည့် လူငယ်ကစားသမား အတွေ့အကြုံရစေရန် ဝင်ရောက်ယှဉ်ပြိုင်ခြင်း ဖြစ်သည်။ မြန်မာအမျိုးသားဘောလုံးအကယ်ဒမီ (ရန်ကုန်) ယူ-၁၃ အသင်းသည် အုပ်စုနှစ်ပွဲနှင့် ဆီမီးဖိုင်နယ်ပွဲများတွင် ဂိုးပြတ်အနိုင်ရခဲ့သော်လည်း ဗိုလ်လုပွဲတွင် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

**သတင်း-ဖိုးသော်ဇင်၊ ဓာတ်ပုံ- MFF**

## Alpine Cup လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲနှင့် အာရှအားကစားပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာ ယူ-၂၃ အသင်းအား ၂၆ ဦးဖြင့် ဖွဲ့စည်း

**ရန်ကုန် ဇူလိုင် ၁၆**

မြန်မာ ယူ-၂၃ အသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် Alpine Cup လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲနှင့် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ရန် ကစားသမား ၂၆ ဦး ရွေးချယ်လိုက်ပြီဖြစ်သည်။

ယခုဖွဲ့စည်းလိုက်သည့် မြန်မာ ယူ-၂၃ အသင်းတွင် ယူ-၂၃ ကစားသမားများအပြင် ၂၃ နှစ်အထက် ကျော်လွန်သည့် စီနီယာကစားသမားလေးဦးကိုလည်း ထည့်သွင်းရွေးချယ်ထားသည်။ ၂၃ နှစ်အထက် ကျော်လွန်သည့် ကစားသမားလေးဦးအဖြစ် **ဂိုးသမား**-ကျော်ဇင်ထက်၊ **နောက်ခံလူ**-ဇော်မင်းထွန်း၊ **ကွင်းလယ်လူ**-ရဲကိုဦးနှင့် **တိုက်စစ်မှူး**-ဒွေးကိုကိုချစ်တို့ကို ရွေးချယ်ထားပြီး ပြိုင်ပွဲတွင် ကစားသမားသုံးဦးသာ ရွေးချယ်ခွင့်ရှိမည်ဖြစ်သည်။ ၂၀၁၇ ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် မြန်မာ ယူ-၂၂ အသင်းမှ လှိုင်းဘိုဘို၊ ထိုက်ထိုက်အောင်၊ မောင်မောင်လွင်၊ ဘုန်းသစ္စာမင်း(ဂိုး)၊ အောင်သူ၊ ဆန်းဆက်နိုင် (ဂိုး)၊ ရှိုင်းသူရ၊ စည်သူအောင်၊ ရန်နိုင်ဦးတို့ ပြန်လည်ပါဝင်လာပြီး မျက်နှာသစ်ကစားသမားများအဖြစ် အေဇင်မှူး (ဂိုး)၊ ထက်ဖြိုးဝေ၊ ဟိန်းဖြိုးဝင်း၊ တေဇော်လင်းတို့ ရွေးချယ်ခံရပြီး ၂၀၁၈ အာဆီယံ ယူ-၁၉ ပြိုင်ပွဲတွင် ဒုတိယဆုရခဲ့သည့် ယူ-၁၉ အသင်းမှ ကစားသမားအချို့လည်း ရွေးချယ်ခံခဲ့ရသည်။ မြန်မာ ယူ-၂၃ အသင်းသည် ဇူလိုင် ၂၃ ရက်နံနက်ပိုင်းတွင် မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်ပြီး ညနေပိုင်းမှစ၍ လေ့ကျင့်မှုများ ပြုလုပ်မည်ဖြစ်သည်။

"၂၃ နှစ်အထက် ကစားသမား သုံးဦး ရွေးချယ်ခွင့်ရှိတာကြောင့် ပဏာမလူစာရင်းမှာ လေးဦးရွေးချယ်ထားပါတယ်။ အသင်းရဲ့ကျောရိုးကစားသမားတွေကိုပဲ ရွေးချယ်ထားတာဖြစ်ပါတယ်။ ဂိုးသမားလေးဦးရွေးထားပေမယ့် အပြီးသတ်လူစာရင်းမှာ နှစ်ဦးပဲ ပါဝင်မှာပါ။ အခုရွေးချယ်ထားတဲ့လူစာရင်းမှာ အတွေ့အကြုံရှိတဲ့ ကစားသမားတွေနဲ့ လူငယ်ကစားသမားတချို့ ပါဝင်လာတာ တွေ့ရမှာပါ။ ကစားသမားတွေအနေနဲ့ အပြီးသတ်လူစာရင်းမှာ ပါဝင်ဖို့ အပြိုင်အဆိုင်ကြိုးစားရမှာပါ။ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ၂၃ ဦးနဲ့ ယှဉ်ပြိုင်မှာဖြစ်ပြီး အာရှအားကစားပြိုင်ပွဲကို ၂၀ နဲ့ ယှဉ်ပြိုင်မှာဖြစ်ပါတယ်" ဟု မြန်မာယူ-၂၃ အသင်းနည်းပြချုပ် အန်တွမ်နီဟေးက ပြောသည်။

မြန်မာ ယူ-၂၃ အသင်းတွင် နည်းပြချုပ်အဖြစ် အန်တွမ်နီဟေး၊ လက်ထောက်နည်းပြအဖြစ် ဦးစိုးမြတ်မင်း၊ ဟာလက်၊ **ဂိုးနည်းပြ**-ကာစတန်၊ ကစားသမားများအဖြစ် **ဂိုးသမား**-ကျော်ဇင်ထက်၊ ဆန်းဆက်နိုင် (ရန်ကုန်)၊ ဘုန်းသစ္စာမင်း (ရှမ်းယူနိုက်တက်)၊ အေဇင်မှူး (စစ်ကိုင်း)၊ **နောက်တန်း**-ဟိန်းဖြိုးဝင်း၊ ထိုက်ထိုက်အောင် (ရှမ်းယူနိုက်တက်)၊ တေဇော်လင်း၊ မင်းကျော်ခန့်၊ ဇော်မင်းထွန်း (ရန်ကုန်)၊ မျိုးကိုထွန်း၊ ရဲရင့်အောင် (ရတနာပုံ)၊ နန္ဒကျော်၊ ဝင်းမိုးကျော် (မကွေး)၊ စိုးမိုးကျော် (အား/ကာသိပ္ပံ)၊ **အလယ်တန်း**- လှိုင်းဘိုဘို၊ ရဲကိုဦး၊ စည်သူအောင်၊ မြတ်ကောင်းခန့် (ရတနာပုံ)၊ မောင်မောင်စိုး (မကွေး)၊ မောင်မောင်လွင် (ရန်ကုန်)၊ ရန်နိုင်ဦး (ရှမ်းယူနိုက်တက်)၊ **ရှေ့တန်း**-အောင်သူ (Police Tero)၊ အီစိုး (ရန်ကုန်)၊ ဒွေးကိုကိုချစ်၊ ထက်ဖြိုးဝေ (ရှမ်းယူနိုက်တက်) နှင့် ရှိုင်းသူရ (ရတနာပုံ) တို့ပါဝင်ကြသည်။ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲကို ဩဂုတ် ၁ ရက်မှ ၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာ ယူ-၂၃ အသင်းနှင့်အတူ တောင်ကိုရီးယား ယူ-၁၉ အသင်း၊ ဘာရိန်း ယူ-၂၃ အသင်း၊ ထိုင်း ယူ-၂၃ အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို မန္တလေးမြို့ရှိ မန္တလာသီရိကွင်း၌ ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## အရှေ့တောင်အာရှ လူငယ်ဘော်လီဘော ပြိုင်ပွဲ ထိုင်းအသင်း ဗိုလ်စွဲ

**ရန်ကုန် ဇူလိုင် ၁၆** - မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၁၈ ခုနှစ် အကြိမ် (၂၀) မြောက် အရှေ့တောင်အာရှ လူငယ်ဘော်လီဘောပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို ဇူလိုင် ၁၆ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပရာ ထိုင်းအသင်း ဗိုလ်စွဲသွားသည်။

ပြိုင်ပွဲအပြီးတွင် ထိုင်းအသင်းက ပထမ၊ မြန်မာ (က) အသင်းက ဒုတိယ၊ မြန်မာ (ခ) အသင်းကတတိယရရှိခဲ့သည်။ တတိယလုပွဲတွင် မြန်မာ (ခ) အသင်းက မလေးရှားအသင်းကို သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိသည်။ ဗိုလ်လုပွဲတွင် မြန်မာ (က) နှင့် ထိုင်းအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားပြီး ထိုင်းအသင်းက သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။ ပထမပွဲငယ်တွင် ထိုင်းအသင်းက ၂၅-၁၉ မှတ်ဖြင့် အနိုင်ရသော်လည်း မြန်မာအသင်းက ဒုတိယပွဲငယ်တွင် ၂၅-၁၅ မှတ်၊ တတိယပွဲငယ်တွင် ၂၅-၂၂ မှတ်ဖြင့် ပြန်လည်အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် စတုတ္ထပွဲငယ်တွင် အနိုင်ရပါက ဗိုလ်စွဲမည်ဖြစ်သော်လည်း အခွင့်အရေးလက်လွှတ်ခဲ့ရပြီး ၂၀-၂၅ မှတ်ဖြင့် ပြန်လည်ရှုံးနိမ့်ခဲ့သည်။ ထို့ကြောင့် နောက်ဆုံးပွဲငယ်မှာ အဆုံးအဖြတ်ဖြစ်လာကာ နှစ်သင်းစလုံး အနိုင်ရရန် ကြိုးပမ်းခဲ့ပြီး ထိုင်းအသင်းက ၁၅-၁၃ မှတ်ဖြင့် အနိုင်ရခဲ့သည်။ ပြိုင်ပွဲအပြီးတွင် တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့သည်။

**ရဲရင့်ရှိုင်း**

## မိုးညှင်းဘူတာ၌ ထမင်းဆင်းဝယ်သူ ခရီးသည်တစ်ဦး၏ ပစ္စည်းများ ပျောက်ဆုံးမှုဖြစ်

**မြစ်ကြီးနား ဇူလိုင် ၁၆**

မြစ်ကြီးနား-မန္တလေး အထူးအမြန်ရထားဖြင့် လိုက်ပါလာသော ခရီးသည်တစ်ဦး မိုးညှင်းဘူတာ၌ ရထားရပ်နားခိုက် စားစရာဆင်းဝယ်စဉ် ပါလာသော အသုံးအဆောင် ပစ္စည်းများ ပျောက်ဆုံးမှုဖြစ်ခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော်၌ ကျင်းပသည့် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစု ပင်လုံတတိယအစည်း အဝေးသို့ တက်ရောက်ခဲ့သည့် ပင်လုံစာချုပ်လက်မှတ်ရေးထိုးရာတွင်ပါဝင်သော ကချင်ပြည်နယ်မှ ဒူဝါလဘန်ဂေါင်၏ မိသားစုဝင်ဖြစ်သည့် ဒေါ်နန်းမြခင်သည် ဇူလိုင် ၁၄ ရက်က နေရပ်ဖြစ်သည့် ရွှေကူမြို့သို့ပြန်ရန်အတွက် နံနက် ၈ နာရီခွဲထွက်သည့် မြစ်ကြီးနား-မန္တလေး (၅၆)အစုန် အထူးအမြန်ရထားဖြင့် လိုက်ပါလာခဲ့ပြီး မိုးညှင်း ဘူတာအရောက်တွင် ရထားရပ်နားခိုက် ထမင်းဆင်းဝယ်ခဲ့ကြောင်း၊ ထို့နောက် ရထားပေါ်ပြန်တက်ရာ ထိုင်ခုံ၌ ထားခဲ့သည့် မှတ်တမ်းစာအုပ်နှင့် အထွေထွေသုံးပစ္စည်းများပါသောအိတ်မတွေ့ရှိတော့ဘဲ ပျောက်ဆုံးခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာ ရထားရဲတပ်ဖွဲ့သို့ တိုင်ကြားခဲ့ကြောင်း၊ ပျောက်ဆုံးပစ္စည်းများ ပြန်လည်ရရှိရေးအတွက် ရထားရဲတပ်ဖွဲ့က စုံစမ်းရှာဖွေလျက်ရှိကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**

## မြစ်ကြီးနား၌ ဆေးရုံအုပ်ကြီးနေအိမ်မှ ကျပ်သိန်း ၁၇၀ ကျော်တန်ဖိုးရှိ လက်ဝတ်ရတနာများ ဖောက်ထွင်းခံရ

**မြစ်ကြီးနား ဇူလိုင် ၁၆**

မြစ်ကြီးနားမြို့ ရှောရပ်ကွက်ရှိ ကျန်းမာရေးဝန်ထမ်းအိမ်ရာတွင် နေထိုင်သည့် မြစ်ကြီးနား ခုတင် ၅၀၀ ဆံ့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာဘုန်းမော်သည် ဇူလိုင် ၁၄ ရက် ညနေ ၅ နာရီခွဲက နေအိမ်ကို သော့ခတ်ကာ ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်ပြီး ဇူလိုင် ၁၅ ရက် နံနက် ၁ နာရီခန့်တွင် နေအိမ်သို့ပြန်လာရာ နေအိမ်၏ နောက်ဘက်အဝင်ပေါက် တံခါးမှာပွင့်နေသဖြင့် နေအိမ်ရှိ ပစ္စည်းများကို စစ်ဆေးရာ ငွေကျပ်သိန်း ၁၇၀ ကျော်တန်ဖိုးရှိ လက်ဝတ်ရတနာ ၁၂ မျိုးနှင့် လက်ပတ်နာရီ ငါးလုံးပျောက်ဆုံးနေကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆေးရုံအုပ်ကြီး ဒေါက်တာဘုန်းမော်က မြစ်ကြီးနားမြို့မရဲတပ်ဖွဲ့စခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့၍ ရတနာပစ္စည်းများ ခိုးယူသွားသူအား အမြန်ဆုံး ဖမ်းဆီးရမိရေး ရဲတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ဖမ်းဆီးခံ ရိုက်တာသတင်းထောက် နှစ်ဦးအနက် ကိုသက်ဦးမောင် (ခ) ဝလုံး အား အစိုးရလျှို့ဝှက်ချက် အက်ဥပဒေအရ စွဲဆိုထားမှုနှင့် စစ်ဆေးလျက်ရှိ

**ရန်ကုန် ဇူလိုင် ၁၆**

မြန်မာနိုင်ငံ အစိုးရလျှို့ဝှက်ချက်များ အက်ဥပဒေဖြင့် ဖမ်းဆီးခြင်းခံထားရသော ရန်ကုန်အခြေစိုက် ရိုက်တာသတင်းထောက် ကိုသက်ဦးမောင် (ခ) ဝလုံးနှင့် ကိုကျော်စိုးဦး (ခ) မိုးအောင်တို့ကို ယနေ့နံနက် ၁၀ နာရီက မြောက်ပိုင်းခရိုင်တရားရုံးသို့ ရုံးထုတ်ရောက်ရှိလာကာ တရားခွင် (၆) ဒုတိယခရိုင်တရားသူကြီး ဦးရဲလွင်က စစ်ဆေးမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြောက်ပိုင်းခရိုင် သတင်းနှင့် ပြန်ကြားရေးအရာရှိ ဒုတိယခရိုင်တရားသူကြီး ဒေါ်စုစန္ဒာဝင်းက "ကျွန်မတို့ မြောက်ပိုင်းခရိုင်တရားရုံး ၂၀၁၈ ခုနှစ် ရာဇဝတ်ကြီးအမှုအမှတ် (၄) တရားလို ဒုတိယရဲမှူးကြီး ယုနိုင်၊ ပြစ်မှုကျူးလွန်သူ သက်ဦးမောင် (ခ) ဝလုံးပါ -၂ မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃(၁)(ဂ) အရ စွဲဆိုမှုကနေ ဒီကနေ့ (၁) တရားခံဖြစ်တဲ့ သက်ဦးမောင် (ခ) ဝလုံးကို စစ်ဆေးခဲ့ပါတယ်။ ဒီနေ့စစ်ဆေးရာမှာ ရုံးချိန်ကုန်ဆုံးတဲ့အထိတိုင် အဓိကစစ်ဆေးမှု မပြီးဆုံးသေးတဲ့အတွက် မနက်ဖြန် သူ့ကိုပဲ ဆက်လက်စစ်ဆေးသွားဖို့ ဇူလိုင် ၁၇ ရက်ကို ချိန်းဆိုထားပါတယ်"ဟု ပြောသည်။

**မျိုးမင်းသိန်း (မရမ်းကုန်း)**

## ဖားကန့်မြေပြိုမှုဖြစ်ပွားရာနေရာကို ဆက်လက်စောင့်ကြည့်နေရပြီး နုန်းကန်အတွင်းဖြစ်နေခြင်းကြောင့် ရှာဖွေမှုလုပ်ဆောင်ရန် ခက်ခဲနေ

**ဖားကန့် ဇူလိုင် ၁၆**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု ဆန်ခါကျေးရွာရှိ မဟာအစပထမ ကုမ္ပဏီလုပ်ကွက်ဟောင်းအတွင်း ဇူလိုင် ၁၄ ရက် မွန်းလွဲ ၂ နာရီကျော်ခန့်က အမြင့်ပေ ၃၀၀ ခန့်ရှိ ကမ်းပါးယံပြိုကျမှုဖြစ်စဉ်ကြောင့် ရေမဆေး ကျောက်ရှာဖွေသူများ နုန်းကန်အတွင်းသို့ ပြုတ်ကျသေဆုံးသူနှင့် ဒဏ်ရာရရှိသူများရှိခဲ့ရာ ယနေ့တွင် သေဆုံးသူပေါင်း ၁၇ ဦး၊ ဒဏ်ရာရရှိသူ ၄၃ ဦးနှင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးရုံးများထံ သတင်းပေးပို့တိုင်ကြားထားသည့် လူပျောက်သူ ခြောက်ဦးအထိ ရှိနေခဲ့သည်။

အခင်းဖြစ်နေရာတွင် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ မြို့နယ် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များအနေဖြင့် ပျောက်ဆုံးသူများ ကျန်ရှိ၊ မရှိ ဆက်လက်ရှာဖွေမှု လုပ်ဆောင်ရန်ခက်ခဲနေပြီး နုန်းကန်အတွင်း ဖြစ်နေခြင်းကြောင့် အလောင်းများပေါ်လာနိုင်သည့် အခြေအနေကိုသာ စောင့်ကြည့်နေရကြောင်း သိရသည်။

ဖြစ်စဉ်မှ ဒဏ်ရာရရှိသူများအား ဇူလိုင် ၁၅ ရက်အထိ လုံးခင်းဆေးရုံတွင် လူနာ ၁၁ ဦး၊ ဖားကန့်ဆေးရုံတွင်လူနာကိုးဦးနှင့် မြစ်ကြီးနားလွှဲပြောင်း ကုသလူနာ ၁၉ ဦးတို့ ဆေးဝါးကုသမှုခံယူလျက် ဒဏ်ရာရသူ ၄၃ ဦးအနက် လေးဦး သက်သာသွားခဲ့ပြီး ယနေ့တွင် လုံးခင်းဆေးရုံတွင် လူနာနှစ်ဦး ဆင်းသည့်အတွက် လူနာကိုးဦးကျန်၊ ဖားကန့်ဆေးရုံကြီးတွင် လူနာနှစ်ဦးဆင်းကာ လူနာနှစ်ဦးအား မြစ်ကြီးနားဆေးရုံကြီးသို့ ထပ်မံလွှဲပြောင်းပေးခဲ့ရာ လူနာ ငါးဦးကျန်ရှိ၍ မြစ်ကြီးနားဆေးရုံကြီးတွင် လူနာ ၂၁ ဦးတို့ အသီးသီး ဆက်လက်ဆေးဝါးကုသမှုခံယူလျက်ရှိပြီး ဒဏ်ရာရ ကျန်ရှိလူနာ ၃၉ ဦးအနက်မှ လေးဦးထပ်မံသက်သာသွားသည့် အခြေအနေဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုးမောက်မြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၁၆**



မြို့သစ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၅ ရက် မွန်းလွဲ ၁ နာရီက မိုးမောက်မြို့နယ် မိုင်းခတ်ကျေးရွာနေ မာရော်၏နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ နော်ဆိုင်း၊ ညီညီသိန်း(ခ)ဖိုးညီသိန်း၊ ဝင်းသိန်းတို့အားတွေ့ရှိပြီး ဘိန်းဖြူ ၁၂၉ ဒသမ ၇၅ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၇၈ ပြားတို့ကို လည်းကောင်း။

အလားတူ ယင်းနေ့ နံနက် ၁၁ နာရီက ဘုရင့်နောင်နယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် မင်းဓမ္မလမ်းပေါ်တွင်တွေ့ရှိသူ ခွန်ထွန်းကျော်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား၄၀၁၅ ပြားနှင့် ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ဇူလိုင် ၄ ရက် နံနက် ၆ နာရီခွဲက တပ်မတော်က နမ့်စန်မြို့နယ် ခိုလမ်မြို့ရှိ စစ်မြေပြင် အင်ဂျင်နီယာတပ်ရင်း၊ အမှတ်(၂) ဂိတ်ရှေ့တွင် အိုက်ဆန်း မောင်းနှင်လာသည့် ပါဂျဲရိုး မော်တော်ယာဉ်ကို စစ်ဆေးရာ ဘိန်း ၁ ဒသမ ၆၃၃ ဂရမ်၊ HK -33 အမျိုးအစား သေနတ်တစ်လက်၊ ၎င်းကျည်အတောင့် ၂၀၊ ၎င်းကျည်အိမ်တစ်ခုနှင့် ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်မြို့တွင် နေထိုင်အလုပ်လုပ်ရန်ရည်ရွယ်၍ အထောက်အထားမဲ့ ဝင်ရောက်လာသူ ၁၅ ဦးအား မင်းလှမြို့နယ်အတွင်း ဖမ်းဆီးရမိ

**မင်းလှ ဇူလိုင် ၁၆**

ရခိုင်ပြည်နယ် မင်းပြား၊ ကျောက်တော်နှင့် မြောက်ဦးမြို့နယ်များမှ တရားဝင် အထောက်အထား တစ်စုံတစ်ရာမပါဘဲ မင်းလှမြို့နယ်အတွင်း ဝင်ရောက်လာသူ ၁၅ ဦးအား ဇူလိုင် ၁၅ ရက်တွင် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးပေါ်ပေါက်ချက်အရ ရန်ကုန်မြို့တွင် နေထိုင်အလုပ်လုပ်ရန် လာရောက်ခြင်းဖြစ်ကြောင်း မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှ သိရသည်။

ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီခွဲ၌ ဘန့်ပြင်ကျေးရွာ အရှေ့ဘက် သုံးမိုင်ခန့်အကွာ ပုသိမ်-မုံရွာ ကားလမ်း မိုင်တိုင်(၂၃၆/၃)အနီးတွင် အထောက်အထားမဲ့ ဝင်ရောက်လာသူ ၁၂ ဦးကို ရဲတပ်ဖွဲ့က စတင် ဖမ်းဆီးရမိခဲ့ပြီး တောနင်း ရှာဖွေမှုများအရ အဆိုပါ မိုင်တိုင် အနောက်ဘက် နှစ်မိုင်အကွာတွင် နောက်ထပ် သုံးဦးအား ညနေ ၄ နာရီခန့်တွင် ထပ်မံဖမ်းဆီးရမိခဲ့ခြင်း ဖြစ်သည်။

"အထောက်အထားမဲ့ ဝင်ရောက်နေတာကို သတင်းရတဲ့အတွက် မြို့နယ်ရဲတပ်ဖွဲ့၊ တာဝန်ရှိသူတွေက မနက် ၆ နာရီလောက်က စပြီးတော့ ရှမ်းတပ်ရဲကင်းနဲ့ ပူးပေါင်းပြီး လှည့်ကင်း၊ ဝပ်ကင်း၊ ရပ်ကင်းတွေ ပြုလုပ်ခဲ့ပါတယ်။ ဒီလိုလုပ်နိုင်ခဲ့လို့ ဖမ်းဆီးနိုင်ခဲ့တာပါ။ ပြီးခဲ့တဲ့ ၂၂ ရက်လောက်ကတည်းက ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ်ကနေ ရန်ကုန်ကို အလုပ်လုပ်ဖို့ လာကြတာပါ။ ဒီလို စစ်ဆေးပေါ်ပေါက်ပါတယ်"ဟု ရေနံ့မနယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးမင်းထွန်းက ပြောသည်။

မင်းလှမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ထင်အောင်လင်း၊ ရဲအုပ်စိန်အေး၊ ရေနံ့မနယ်မြေစခန်းမှူး ရဲအုပ်မျိုးမင်းထွန်း၊ ရဲအုပ်သက်နိုင်ဦး၊ သတင်းတပ်ဖွဲ့မှ ဒုရဲအုပ်ကံဝင်း၊ ရွှေချောင်းရဲကင်းစခန်းမှူး ဒုရဲအုပ် တင်အောင်စန်းနှင့် တပ်ဖွဲ့ဝင်များ၏ ကြိုးပမ်းမှုကြောင့် ယင်းသို့ ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်ကာ တာဝန်ရှိသူများ၊ မင်းလှမြို့နယ် လဝကနှင့် ဒေသခံများ ပူးပေါင်းပါဝင်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်အတွင်း အထောက်အထားမဲ့ ဝင်ရောက်လာသူ ၁၀၀ နှင့် လမ်းပြ ကိုးဦးကို ဖမ်းဆီးနိုင်ခဲ့ပြီး ဥပဒေမဲ့ ဝင်ရောက် နေထိုင်မှုများ မရှိစေရေး ဆက်လက် ကာကွယ်သွားမည်ဖြစ်ကြောင်း မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှ သိရှိရသည်။

**ဇေယျတု(မကွေး)**

## အကောက်ခွန်ဦးစီးဌာနမှ အရာထမ်း၊ အမှုထမ်း ၁၂ ဦးအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

နေပြည်တော် ဇူလိုင် ၁၆

**Delivery Van မော်တော်ယာဉ်များကို ရန်ကုန်ဆိပ်ကမ်းမှတစ်ဆင့် တင်သွင်းရာတွင် ဆိပ်ကမ်းပြင်ပသို့ ထုတ်ယူခွင့်ရရှိရန်အတွက် အကောက်ခွန် ရှင်းလင်းရေး ကိုယ်စားလှယ်မှတစ်ဆင့် ငွေပေးဆောင်ရခြင်း၊ မော်တော်ယာဉ် တင်သွင်းခြင်းနှင့် သက်ဆိုင်သော လုပ်ငန်းများကြီးကြပ်ရေးကော်မတီ၏ မူဝါဒသတ်မှတ်ချက်နှင့် မကိုက်ညီဘဲ တင်သွင်းလာသောယာဉ်များ ဆိပ်ကမ်းမှထုတ်ယူနိုင်ရန်အတွက် ငွေပေးဆောင်ရခြင်း၊ သွင်းကုန်လုပ်ငန်းရှင်များအနေဖြင့် ဆိပ်ကမ်းမှပစ္စည်းများထုတ်ယူရာတွင် အကောက်ခွန် ရှင်းလင်းရေး ကိုယ်စားလှယ်မှတစ်ဆင့် ငွေကြေးပေး၍ ထုတ်ယူနေရသည့် အစဉ်အလာဖြစ်နေခြင်းတို့ကို စုံစမ်းဖော်ထုတ် အရေးယူပေးပါရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်သို့ တိုင်ကြားခဲ့သည်။**

အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်မှ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ တိုင်ကြားစာအရ ပထမအကြိမ်တင်သွင်းသော Delivery Van သုံးစီးကို ဆိပ်ကမ်းမှ ထုတ်ယူရာတွင် စစ်ဆေးရေးအရာရှိက ငွေကျပ် ၂၄ သိန်း၊ Model Year စိစစ်အတည်ပြုသူ ဦးစီးအရာရှိက ငွေကျပ်၁၅ သိန်း၊ ဒုတိယအကြိမ် တင်သွင်းသော Delivery Van နှစ်စီးကို ဆိပ်ကမ်းမှ ထုတ်ယူရာတွင် အဆင်ပြေစေရေး အတွက် စစ်ဆေးရေးအရာရှိက ငွေကျပ် ၂၄ သိန်း၊ ယာဉ်စစ်ဆေးချက် အမှုတွဲများကို စိစစ် လက်မှတ်ရေးထိုးသူ ဦးစီး အရာရှိက ငွေကျပ် ရှစ်သိန်း၊ စစ်ဆေးရေးအရာရှိ၏ စစ်ဆေးတွေ့ရှိချက်များကို စိစစ်အတည်ပြုသူ အကောက်ခွန်မှူးက ငွေကျပ် လေးသိန်း၊ ဒုတိယအကြိမ် တင်သွင်း သော Delivery Van နှစ်စီးကို လေလံပယ်ဖျက် ဘုတ်အဖွဲ့ဖြင့် စစ်ဆေးခံပြီး ဆိပ်ကမ်းမှ ထုတ်ယူနိုင်ရေးအတွက် ကာကွယ်ရေးဌာနခွဲမှ လက်ထောက် အကောက်ခွန်မှူးနှင့် ဒုလက်ထောက် အကောက်ခွန်မှူးတို့က ငွေကျပ် ၁၂ သိန်း လက်ခံရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် အကောက်ခွန် ဦးစီးဌာနမှ ဝန်ထမ်းများဖြစ်သည့် ဦးစီး အရာရှိ ဒေါ်နန်းသဥ္ဇာ၊ ဦးစီးအရာရှိ ဦးဗိုလ်ဗိုလ်၊ အကောက်ခွန်မှူး ဦးဟန်ဝင်းအောင်၊ ဒုတိယအကောက်ခွန်မှူး ဦးဇော်ဝင်းဟိန်း၊ ဒုတိယအကောက်ခွန်မှူး ဦးနေမင်းထက်၊ လက်ထောက် အကောက်ခွန်မှူး ဦးသန်းအေး၊ ဒုတိယလက်ထောက် အကောက်ခွန်မှူး ဦးသိန်းဝင်းတို့အပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ လည်းကောင်း၊ Delivery Van များ၏ ကွဲလွဲချက်များအပေါ် တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခဲ့မှုမရှိဘဲ ဆက်လက်ဆောင်ရွက်ရန် ခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်းနှင့် Delivery Van များ ဆိပ်ကမ်းမှ ထုတ်ယူရာတွင် ဆိပ်ကမ်းတာဝန်ကျ အကောက်ခွန် ဝန်ထမ်းများက ငွေကြေးများလက်ခံရယူခဲ့ခြင်းနှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းမရှိဘဲ ယင်း မော်တော်ယာဉ်များ ထုတ်ယူနိုင်ရန် ခွင့်ပြုခဲ့ခြင်းတို့မှာ လက်အောက်ဝန်ထမ်းများက အဂတိလိုက်စားမှုဖြစ်စဉ်များအပေါ် ပူးပေါင်းကြံစည် အားပေးကူညီခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ညွှန်ကြားရေးမှူး ဦးမောင်မောင်ထွေးဆွေ၊ ညွှန်ကြားရေးမှူး ဦးဝင်းလှိုင်၊ ညွှန်ကြားရေးမှူး ဦးကျော်ညွှန့်အောင်၊ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးမြတ်ကျော်၊ ဦးစီးအရာရှိ ဦးမလန်ရှုရွယ်တို့အပေါ် ၂၀၁၃ ခုနှစ်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆/၆၃ အရ လည်းကောင်း အရေးယူဆောင်ရွက်ရန် ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် သီလဝါနယ်မြေ ရဲစခန်း၌ ယနေ့တွင် ပထမသတင်းပေး တိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆို အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်မှ သတင်းရရှိသည်။ **သတင်းစဉ်**

# ကမ္ဘာကြီးနှင့် ဆက်သွယ်ရေးကောင်းမွန်ရန် အီရန်ထိပ်တန်းခေါင်းဆောင်ကြိုးစား

**တီဟီရန်  ဇူလိုင် ၁၆**

အီရန်ထိပ်တန်းခေါင်းဆောင် အလီခါမေနီသည် အမေရိကန်မပါဘဲ ကမ္ဘာကြီးနှင့် ဆက်သွယ်ရေးကောင်းမွန်ရန် ကြိုးစားလျက်ရှိကြောင်း ၎င်း၏ ထိပ်တန်းဝက်ဘ်ဆိုက်တွင် ဇူလိုင် ၁၆ ရက်က ပြောခဲ့သည်။ ခါမေနီသည် သမ္မတ ဟက်ဆန်ရူဟာနီနှင့် ၎င်း၏ ဝန်ကြီးအဖွဲ့နှင့် ဇူလိုင် ၁၅ ရက်က တွေ့ဆုံခဲ့ပြီး သံတမန်ဆက်ဆံရေးကောင်းမွန်ရေးနှင့် နိုင်ငံခြားတိုင်းပြည်များနှင့် ဆက်ဆံရေးတိုးတက်ဖြစ်ထွန်းရေးတို့အတွက် ဆွေးနွေးခဲ့ကြောင်း အင်္ဂလိပ်လိုထုတ်ပြန်ထားသော ကြေညာချက်တွင် ဖော်ပြထားသည်။ အမေရိကန်ကဲ့သို့သော တချို့ကိစ္စအနည်းအကျဉ်းမှလွဲ၍ အနောက်နှင့် အရှေ့နိုင်ငံများအပါအဝင် နိုင်ငံအတော်များများနှင့် အီရန်၏ ဆက်ဆံရေးတိုးတက်အောင် အီရန်က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အမေရိကန်နိုင်ငံသည် ၂၀၁၅ခုနှစ် အီရန်နျူကလီးယားသဘောတူညီချက်မှ နုတ်ထွက်သွားပြီးချိန်မှ အီရန်နိုင်ငံ၏ ထိပ်တန်းသံတမန်များသည် ဥရောပနိုင်ငံများ၊ အာရှအင်အားကြီးနိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ရာ ဆက်ဆံရေးကောင်းမွန်အောင် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

အမေရိကန်သည် ၂၀၁၅ နျူကလီးယားသဘောတူညီချက်မှ နုတ်ထွက်ပြီး အီရန်နိုင်ငံကို အရေးယူပိတ်ဆို့မှုများ ထပ်မံပြုလုပ်ခဲ့သည်။ ခါမေနီက ၎င်း၏ နိုင်ငံရေးကြွေးကြော်သံတွင် အရှေ့ဖြစ်ဖြစ်၊ အနောက်ဖြစ်ဖြစ် အစွဲလာမွှစ်နေရာဖြစ်ရမည်ဟု ဖော်ပြခဲ့သည်။

ခါမေနီသည် လွန်ခဲ့သော ဖေဖော်ဝါရီလက ၎င်းကို စောင့်ကြည့်လေ့လာသူများကို မျက်လုံးပြူးစေခဲ့သည့် ကိစ္စတစ်ခုကို လုပ်ပြခဲ့သည်။ ထိုအရာမှာ အနောက်နိုင်ငံများကို ကျော်လွန်ပြီး အရှေ့နိုင်ငံများဖြစ်သည့် ရုရှား၊ တရုတ်တို့နှင့် ဆက်ဆံရေးထူထောင်ခဲ့ခြင်းဖြစ်သည်။ **အေအက်ဖ်ပီ**



# ဂျပန်နိုင်ငံရှိ သဘာဝဘေးဒဏ်ခံဒေသ၌ ဖုန်မှုန့်များကြောင့် ကျန်းမာရေးစိုးရိမ်ရဖွယ်ရှိ

**တိုကျို ဇူလိုင် ၁၆**

ဂျပန်နိုင်ငံအရှေ့ပိုင်းနှင့် အနောက်ပိုင်းပြည်နယ်တို့တွင် အပူချိန်များစံချိန်တင် မြင့်တက်လျက်ရှိရာ အခုအခါ အပူချိန်မှာ ၄၀ ဒီဂရီဆဲလ်စီးရပ်အထိ ရှိလာပြီး ပြည်သူများမှာ အပူဒဏ်ကို အပြင်းအထန်ခံစားနေရသည်။

ယင်းဒေသများတွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ထိခိုက်ခံစားရမှုများ ကြုံတွေ့ခဲ့ရာ ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေဆဲဒေသလည်းဖြစ်သည်။ ဒေသခံများမှာ ရေကြီးမြေပြိုမှုများကြောင့် ဘေးဒုက္ခခံစားခဲ့ရသည့်အပြင် ယခုအခါ အပူဒဏ်နှင့် ဖုန်မှုန့်များ၏ ဒဏ်ကိုပါခံစားနေရကြောင်း ဒေသခံ ကျန်းမာရေးအရာရှိများက ပြောသည်။




မိုးရေနှင့်အတူ ရွှံ့နွံများလည်းပါလာခဲ့ရာ ယခုအခါ ထိုရွှံ့နွံများမှာ ခြောက်သွေ့ပြီး ဖုန်မှုန့်များအဖြစ် လေထုထဲတွင် ရောက်ရှိလာသည်။ ယင်းရွှံ့နွံများတွင် ဗက်တီးရီးယားနှင့် ဗိုင်းရပ်စ်များလည်းပါရှိကြောင်း ကျန်းမာရေးအရာရှိများက ပြောသည်။

အကယ်၍ ယင်းဖုန်မှုန့်များကို အဆက်မပြတ် ရှူရှိုက်မိပါက အဆုတ်ကိုထိခိုက်စေပြီး ကျန်းမာရေးကို ထိခိုက်လာမည်ဖြစ်ကြောင်း ကျန်းမာရေးဆိုင်ရာအရာရှိများက ပြောသည်။ အာဏာပိုင်များသည် ယင်းဒေသရှိပြည်သူများကို မျက်နှာဖုံးများ ဖြန့်ဝေထားသည်။ သဘာဝဘေးကြောင့် လူပေါင်း ၄၇၀၀ ကျော်မှာ ကယ်ဆယ်ရေးစခန်းများတွင် နေထိုင်ရဆဲ ဖြစ်သည်။ နေအိမ်ဆုံးရှုံး၍ ကယ်ဆယ်ရေးစခန်းတွင် နေထိုင်ရသူများမှာ ညအခါ၌ ၎င်းတို့၏ကိုယ်ပိုင်ယာဉ်များပေါ်တွင်သာ အိပ်စက်ကြသည်။ စခန်းမှာ ဆူညံ၍ ပူလောင်လွန်းသဖြင့် အိပ်စက်မရနိုင်သောကြောင့် ကိုယ်ပိုင်ယာဉ်များပေါ်တွင်သာ အိပ်စက်ကြရသည်။ **အင်န်အိတ်ချ်ကေ**

## ဥရောပသမဂ္ဂမှ ဗြိတိန်နုတ်ထွက်မှုက အမေရိကန်နှင့် ကုန်သွယ်မှုကို အဆုံးသတ်စေနိုင်ဟုဆို

**လန်ဒန် ဇူလိုင် ၁၆**

လက်ရှိ ဗြိတိန်၏ ဥရောပသမဂ္ဂမှနုတ်ထွက်ရေးအစီအစဉ်မှာ ဗြိတိန်နှင့် အမေရိကန်တို့ လွတ်လပ်စွာ ကုန်သွယ်ခွင့်ကို လက်မှတ်ရေးထိုးနိုင်ခြင်းမရှိစေရန် အတားအဆီးသဖွယ်ဖြစ်နေသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ပြောသည်။

ဗြိတိန်ဝန်ကြီးချုပ် ထရီဆာမေသည် ဥရောပသမဂ္ဂမှ နုတ်ထွက်ရေးအစီအစဉ် အသေးစိတ်ကို ကြာသပတေးနေ့က ထုတ်ဖော်ပြသခဲ့သည်။

ယင်းအစီအစဉ်တွင် ဥရောပသမဂ္ဂ၏ စည်းမျဉ်းများအတိုင်း ကုန်ပစ္စည်းများကုန်သွယ်မှု အစားအသောက် အဆင့်အတန်းတို့ကိုလက်ခံသည့်အစီအစဉ်တို့ ပါဝင်သည်။

ဗြိတိန်သို့ အလည်အပတ်ရောက်ရှိနေသည့် အမေရိကန်သမ္မတဒေါ်နယ်ထရန့်မှာ ထရီဆာမေ၏ ဘရီးဇစ်ကြေညာစာတမ်းကို ကြားသိရသည့်အခါ အလွန်အံ့အားသင့်မိကြောင်း၊ ယင်းစာတမ်းကြောင့် အမေရိကန်နှင့် ကုန်သွယ်မှုကို အဆုံးသတ်သွားစေနိုင်ကြောင်း The Sun နှင့် အင်တာဗျူးတွင် ဖော်ပြထားသည်။

ထရီဆာမေ၏ အစီအစဉ်ကို မကျေနပ်၍ လွန်ခဲ့သော သီတင်းပတ်က ရာထူးမှနုတ်ထွက်သွားသော ဘရစ်ဇစ်ဝန်ကြီး ဒေးဗစ်ဒါဗီးစ်မှာလည်း ထရန့်၏ လုပ်ရပ်မှာ မှန်ကန်ကြောင်း ပြောခဲ့သည်။

**ဆင်ဟွာ**

# ချီကာဂို၌ ရဲ၏ပစ်ခတ်မှုကြောင့် လူမည်းတစ်ဦးသေဆုံးခဲ့မှုအပေါ် ဆန္ဒပြမှုများပေါ်ပေါက်

**ချီကာဂို ဇူလိုင် ၁၆**

အမေရိကန်နိုင်ငံ ချီကာဂိုမြို့၌ လူမည်းတစ်ဦးအား ရဲကပစ်ခတ်ခဲ့သည့်အတွက် အသက်သေဆုံးခဲ့ရာ ယင်းဖြစ်ရပ်ကို မကျေနပ်သဖြင့် လမ်းမထက်တွင်ဆန္ဒပြပွဲများ ပေါ်ပေါက်လာလျက်ရှိသည်။ တနင်္ဂနွေနေ့က ရဲအရာရှိတစ်ဦးက အသက် ၃၇ နှစ်အရွယ် ဟာရစ်အော်ဂတ်စတက်ကို လက်နက်သယ်ဆောင်လာသည်ဟု သံသယရှိသည့်အတွက် ရပ်တန့်ခိုင်းခဲ့သည်။ ထို့နောက် အဆိုပါလူမည်းမှာ သေနတ် အချက်ပေါင်းများစွာ ပစ်ခတ်ခံရပြီးနောက်ပိုင်း ဆေးရုံ၌ သေဆုံးသွားခဲ့ရသည်။

ဆန္ဒပြသူများကမူ ရဲအရာရှိများသည် လူမျိုးရေးခွဲခြားမှုများရှိနေကြောင်း ပြောကြသည်။ ရဲများကမူ မစ္စတာ ဟာရစ်အော်ဂတ်စတက်မှာ လက်နက်များသယ်ဆောင်လာပြီး ထွက်ပြေးရန် ကြိုးစားသည့်အတွက် ပစ်ခတ်ရခြင်းဖြစ်ကြောင်း ပြောသည်။

ရဲအရာရှိတစ်ဦးတပ်ဆင်ထားသည့် ကင်မရာတွင် ပြသချက်မှာမူ အော်ဂတ်စတက်မှာ သေနတ်သုံးလက် သယ်ဆောင်လာကြောင်း ဖော်ပြထားသည်။ **အင်န်အိတ်ချ်ကေ**




## တောင်အာဖရိက နိုင်ငံ၌ ကြေးနီသတ္တုတွင်း မီးလောင်မှုဖြစ်ရာ ငါးဦးသေဆုံး

**ဂျိုဟန်နစ္စဘာ့ဂ် ဇူလိုင် ၁၆**

တောင်အာဖရိကနိုင်ငံ လင်ပိုပိုပြည်နယ်ရှိ ကြေးနီသတ္တုတွင်းတစ်ခု၌ ဇူလိုင် ၁၅ ရက်က မီးလောင်မှုဖြစ်ခဲ့ရာ သတ္တုတွင်းလုပ်သား ငါးဦးသေဆုံးခဲ့ကြောင်း သတင်းများတွင် ဖော်ပြသည်။

ကြေးနီသတ္တုတွင်းရှိ မြေအောင် သယ်ယူပို့ဆောင်ရေးတွင် အသုံးပြုသည့် ဆိုင်းကြိုးသည် ဇူလိုင် ၁၅ ရက်နံနက်ပိုင်းက ရုတ်တရက်မီးလောင်မှုဖြစ်ပွားခဲ့သောကြောင့် သတ္တုတွင်းအလုပ်သမားနှစ်ဦး သေဆုံးခဲ့ပြီး လေးဦးမှာ အောက်တွင်ပိတ်မိနေခဲ့ကြောင်း၊ ထိုနေ့နှောင်းပိုင်းတွင် ပိတ်မိနေသည့် အလုပ်သမားလေးဦးအနက် သုံးဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း၊ ကျန်တစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ပြီး သေဆုံးရန်များကြောင်း ပလာဘိုရာ သတ္တုတွင်းလုပ်ငန်းကုမ္ပဏီက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

လတ်တလောတွင် အဆိုပါကြေးနီတွင်းကို ပိတ်ထားခဲ့ရကြောင်း၊ ကယ်ဆယ်ရေးများဆက်လက်ပြုလုပ်နိုင်ရန် ကယ်ဆယ်ရေးသမားများက မီးငြိမ်းပြီး အပူချိန်ကျဆင်းသွားသည့် အချိန်အထိ စောင့်နေကြကြောင်း သိရသည်။ ကြေးနီသတ္တုတွင်းအတွင်းဖြစ်ပွားခဲ့သည့် ယင်းဖြစ်စဉ်နှင့် ပတ်သက်ပြီး တာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေကြောင်း သိရသည်။ **ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### နီပေါ၌ မိုးသည်းထန်စွာ ရွာသွန်းမှု သေဆုံးသူ ၅၉ ဦးရှိလာ

**ခတ္တမန္ဒူ ဇူလိုင် ၁၆**

ဇူလိုင် ၂ ရက်မှစကာ နီပေါနိုင်ငံတစ်ဝန်းလုံးရှိ မြို့နယ်ပေါင်း ၃၉ ခုတွင် ရေကြီးမြေပြိုမှုများဖြစ်ပွားခဲ့ရာ ယခုအချိန်အထိ ၅၉ ဦး သေဆုံးခဲ့ကြောင်း နီပေါပြည်ထဲရေးဝန်ကြီးဌာန သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးက မကြာသေးမီတွင် ပြောခဲ့သည်။

ထို့အပြင် လူ ၁၂ ဦး ပျောက်ဆုံးလျက်ရှိပြီး ကိုးဦး ဒဏ်ရာရလျက်ရှိကြောင်း သိရသည်။ လတ်တလောတွင် ခတ္တမန္ဒူ ဘတ်တာပါးလ်ဒေသတွင် ဆိုးရွားလှသည့် ရေဘေးဒုက္ခကြောင့် လူ ၃၀၀၀ ခန့် ရွှေ့ပြောင်းနေထိုင်ခဲ့ရကြောင်း သိရသည်။ ရေဘေး ဒုက္ခသည်များကို လုံခြုံရေးတပ်ဖွဲ့နှင့် တပ်မတော်သား ၁၀၀၀ ခန့်တို့က ကူညီကယ်ဆယ်ရေးများ ဆောင်ရွက်နေသည်။

နီပေါအစိုးရသည် ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေများ၊ သစ်သား၊ ရွက်ဖျင်တဲစသည်တို့ကို ကူညီထောက်ပံ့ပေးနေပြီး ကယ်ဆယ်ရေးစီမံချက်များလည်း ထုတ်ပြန်ထားကြောင်း သိရသည်။

နောက်ရက်များတွင် နီပေါနိုင်ငံတစ်ဝန်း မိုးများလာနိုင်ကြောင်း မိုးဇလ အေဂျင်စီက ကြိုတင်ခန့်မှန်းထားသည်။ နီပေါပြည်ထဲရေးဝန်ကြီးဌာနက သက်ဆိုင်ရာဌာနများအနေဖြင့် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုများ တိုးမြှင့်ထားရန် တိုက်တွန်းထားကြောင်း သိရသည်။ **ဆင်ဟွာ**

### အိန္ဒိယဝန်ကြီးချုပ် မိုဒီ၏ နိုင်ငံရေးစည်းရုံးပွဲတွင် ရွက်ဖျင်တဲအမိုးပြိုကျ၍ လူ ၂၀ ထိခိုက်ဒဏ်ရာရရှိ

**နယူးဒေလီ ဇူလိုင် ၁၆**

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂေါပြည်နယ် မင်နက်ပေါမြို့၌ တနင်္လာနေ့က ပြုလုပ်သည့် ဝန်ကြီးချုပ် နာရန္ဒြာမိုဒီ၏ နိုင်ငံရေးစည်းရုံးပွဲတွင် ရွက်ဖျင်တဲအမိုးပြိုကျရာ လူ ၂၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်းသိရသည်။

ကံကောင်းထောက်မစွာပင် ဝန်ကြီးချုပ်မှာ အနည်းငယ်ပင်ထိခိုက်ဒဏ်ရာရရှိခဲ့ခြင်း မရှိကြောင်း ရဲအရာရှိများက ပြောသည်။ စုဝေးပွဲကျင်းပနေစဉ်ပွဲသို့ တက်ရောက်လာသူများ မိုးရေမစိုစေရန် အမိုးပါသည့်တဲများ တပ်ဆင်ခဲ့ရာ မိုးဒဏ်ကိုမခံနိုင်ဖြစ်ပြီး ရုတ်တရက် ပြိုကျမှုဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

ဝန်ကြီးချုပ်မိုဒီ၏ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံအရာရှိများသည် ဒဏ်ရာရရှိသူများကို ဆေးရုံသို့ချက်ချင်းပို့ဆောင်ပေးခဲ့သည်။ ထို့ပြင် ၎င်း၏ ရုံးကားကိုလည်း ဒဏ်ရာရရှိသူများ ဆေးရုံသို့ပို့ဆောင်ပေးရန်အတွက် အသုံးပြုခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ**

# တောင်ဆူဒန်နိုင်ငံကို လက်နက်တင်သွင်းခွင့်ပိတ်ပင်လိုက်ခြင်းဟာ ငြိမ်းချမ်းရေးအတွက် ခြေလှမ်းတစ်ရပ်လား

**◆ တင်လင်းအောင် ◆**

**ကုလသမဂ္ဂလုံခြုံရေးကောင်စီဟာ မကြာသေးမီက တောင်ဆူဒန်သို့လက်နက်တင်သွင်းခွင့်အား ပိတ်ပင်လိုက်ပြီး စစ်ဘက်ဆိုင်ရာ အရာရှိကြီးနှစ်ဦးကိုလည်း အရေးယူပိတ်ဆို့မှုတွေပြုလုပ်ခဲ့ပါတယ်။ တောင်ဆူဒန်မှာ ငါးနှစ်ကြာဖြစ်ပွားနေတဲ့ စစ်မီးလျှံတွေကို နောက်ဆုံးသံတမန်နည်းလမ်းနဲ့ ကုစားလို့ မအောင်မမြင်ဖြစ်ပြီးနောက်မှာ အခုလို ပြုလုပ်ခဲ့ခြင်းပဲဖြစ်ပါတယ်။**



ကုလသမဂ္ဂ လုံခြုံရေးကောင်စီဟာ အမေရိကန်ဆုံးဖြတ်ချက် မူကြမ်းတစ်ခုကို နိုင်ငံပေါင်း ကိုးနိုင်ငံ ထောက်ခံမှုနဲ့ ချမှတ်ခဲ့ပါတယ်။ သို့သော်လည်း အဲဒီဆုံးဖြတ်ချက်မူကြမ်းကို ရုရှား၊ တရုတ်နဲ့ တခြားလေးနိုင်ငံတို့က မထောက်ခံဘဲ ကြားနေခဲ့ပါတယ်။

**ထောက်ခံမဲကို ခဲရာခဲဆစ်ရရှိ**

အမေရိကန်ပြည်ထောင်စုဟာ လက်နက်တင်သွင်းခွင့် ပိတ်ပင်တဲ့ ထောက်ခံမဲကို ခဲရာခဲဆစ်ရရှိခဲ့တာပဲဖြစ်ပါတယ်။ ဒီမတိုင်ခင် လွန်ခဲ့တဲ့ ၂၀၁၆ ခုနှစ်ကလည်း တောင်ဆူဒန်ကို လက်နက်စီးဝင်မှုတွေကို ဖြတ်တောက်ဖို့ အမေရိကန်ပြည်ထောင်စုဟာ ကုလသမဂ္ဂ လုံခြုံရေးကောင်စီကို စည်းရုံးခဲ့တာ မအောင်မြင်ခဲ့ဘူးလို့ သိရပါတယ်။

တောင်ဆူဒန်ကို လက်နက်တင်သွင်းခွင့် ပိတ်ပင်လိုက်ခြင်းကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ထောက်ခံလိုက်ခြင်းဟာ အတော်ကောင်းတဲ့ ကိစ္စတစ်ခုဖြစ်ပါတယ်။ အမေရိကန်ဟာ တောင်ဆူဒန်ခေါင်းဆောင်တွေရဲ့ တောင်ဆူဒန်အရေး နှောင့်နှေးကြန့်ကြာမှုတွေနဲ့ အချိန်ဆွဲမှုတွေအပေါ် စိတ်ပျက်နေပြီဆိုတဲ့ အကြောင်းလည်း အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေးက ပြောပါတယ်။

**ဒီလက်နက်**

လက်နက်ကိုင်အဖွဲ့တွေက အဖေတွေကို သူတို့ရဲ့ဇနီးတွေ၊ ကလေးတွေ ရှေ့မှာ ရက်ရက်စက်စက်ပစ်ခတ်သတ်ဖြတ်တာလည်း ဒီလက်နက်တွေပါပဲ။ ဒါတင်မကသေးပါဘူး။ အစားအစာထောက်ပံ့ရေးယာဉ်တန်းတွေကို တားဆီးတာ၊ အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်တွေရဲ့ ဘဝကို ဖျက်လိုဖျက်ဆီးလုပ်တာလည်း ဒီလက်နက်တွေပါပဲလို့ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေးက ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ပြောခဲ့ပါတယ်။

အဖွဲ့ဝင် ၁၅ နိုင်ငံပါဝင်တဲ့ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ ဆုံးဖြတ်ချက်မူကြမ်းတစ်ခုကို ချမှတ်ပြဋ္ဌာန်းဖို့ဆိုရင် ဗီတိုအာဏာမပါ၊ ထောက်ခံမဲ ကိုးမဲလိုအပ်ပါတယ်။ တောင်ဆူဒန်ဟာ ဆူဒန်နိုင်ငံကနေပြီးတော့ လွတ်လပ်ရေးကို ၂၀၁၁ ခုနှစ်မှာ ရရှိခဲ့ပါတယ်။

**လေထဲတိုက်အိမ်ဆောက်သလို**

တောင်ဆူဒန်နိုင်ငံအတွင်း ငြိမ်းချမ်းရေးရရှိအောင် မရေမတွက်နိုင်တဲ့ ကြိုးစားအားထုတ်မှုတွေကို လုပ်ဆောင်ခဲ့တာဟာ ငါးနှစ်ဆိုတဲ့ အချိန်ကာလကို ချင်းနင်းဝင်ရောက်ခဲ့သော်လည်း အခုချိန်အထိ လေထဲတိုက်အိမ်ဆောက်သလိုပဲ အရာမထင် ဖြစ်ခဲ့ပါတယ်။ တောင်ဆူဒန်နိုင်ငံအတွင်း လူမျိုးစုအချင်းချင်း သတ်ဖြတ်မှုတွေ၊ လက်နက်ကိုင် အဓမ္မပြုမှုတွေနဲ့ အခြားလူမဆန်တဲ့ နှိပ်စက်ကလူပြုမှုတွေကို ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအရာရှိတွေက သက်သေအထောက်အထားတွေ ပြခဲ့ပါတယ်။

**လူမဆန်တဲ့ လုပ်ရပ်**

တောင်ဆူဒန်နိုင်ငံ အတွင်းမှာရှိတဲ့ လက်နက်ကိုင်အဖွဲ့တွေဟာ လူတွေကို အရှင်လတ်လတ်မီးရှို့ခြင်း၊ သစ်ပင်တွေမှာ ချိတ်ဆွဲခြင်းတွေကို ပြုလုပ်လေ့ရှိပါတယ်၊ အခုလို လုပ်ရပ်တွေဟာ ရိုင်းစိုင်းလူမဆန်တဲ့ လုပ်ရပ်တွေဖြစ်ပါတယ်လို့ အမေရိကန်သံအမတ်ကြီး နစ်ကီဟာလေးက ပြောခဲ့ပါတယ်။

**လက်နက်တင်သွင်းခွင့် ပိတ်ပင်ခြင်းကို ဆန့်ကျင်**

ဒေသတွင်း ငြိမ်းချမ်းရေးကို ဦးဆောင်နေသူ အီသီယိုပီးယား သံအမတ်ကြီး တက်ကီဒါ အလီမူဟာ လက်နက်တင်သွင်းခွင့် ပိတ်ပင်လိုက်ခြင်းကို လုံးဝဆန့်ကျင်ခဲ့ပါတယ်။ အခုလို လုပ်ဆောင်လိုက်တာဟာ ငြိမ်းချမ်းရေးဖော်ဆောင်မှုမှာ သံတမန်ရေးအရ ထိလွယ်ရှလွယ် ဖြစ်နိုင်ကြောင်း သူက စောဒကတက် ပြောကြားခဲ့ပါတယ်။

ယနေ့ တောင်ဆူဒန်နိုင်ငံမှာ လူ့အခွင့်အရေးချိုးဖောက်မှုတွေ မည်သို့ပင်ဖြစ်နေဖြစ်နေ ဂရုစိုက်မှု၊ စိတ်ရှည်မှု မရှိပါက လတ်တလောအခြေအနေမှာ ပိုမိုဆိုးရွားလာဖွယ်ရှိကြောင်း အီသီယိုပီးယား သံအမတ်ကြီးက ပြောခဲ့ပါတယ်။ တောင်ဆူဒန်ငြိမ်းချမ်းရေးဖြစ်စဉ် ပိုမိုဆိုးရွားလာစေမယ့် အကြောင်းတရားတွေကို မဖြစ်အောင် တားဆီးကာကွယ်ရမှာ မိမိတို့ရဲ့တာဝန်ဖြစ်တယ်လို့ သူက ဆက်လက်ပြောခဲ့ပါတယ်။

ရုရှားနိုင်ငံနှင့် တရုတ်နိုင်ငံတို့အပြင် အီသီယိုပီးယားနိုင်ငံဟာလည်း အီကွေတာအနီး နိုင်ငံတစ်ခုဖြစ်တဲ့ ဂူနီးယား၊ ကာဇက်စတန်၊ ဘိုလီးဗီးယားတို့လိုပဲ ကြားနေခဲ့တယ်လို့ သိရပါတယ်။ သူတို့ဟာ တောင်ဆူဒန်နိုင်ငံကို လက်နက်တင်သွင်းခြင်းအပေါ် ပိတ်ပင်တားဆီးမှုလည်း မလုပ်၊ ခွင့်ပြုခြင်းလည်းမရှိဘဲ ကြားနေခဲ့ပါတယ်။

တောင်ဆူဒန်နိုင်ငံအတွင်း လက်နက်တင်သွင်းခွင့်ကို ပိတ်ပင်တဲ့ ဥပဒေကြမ်းတစ်ခုကို ထောက်ခံခြင်းမပြုဘဲ ကြားနေခဲ့တဲ့ နိုင်ငံအများစုကတော့ တောင်ဆူဒန် ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ အချိန်ယူရဦးမယ်လို့ ပြောဆိုနေကြပါတယ်။

**၂၀၁၉ မေလအထိ သတ်မှတ်မယ်**

ဆုံးဖြတ်ချက် မူကြမ်းတစ်ခုမှာ ဖော်ပြထားတာကတော့ တောင်ဆူဒန်ခေါင်းဆောင်တွေအနေနဲ့ အကြမ်းဖက်ဆူပူမှုတွေကို တားဆီးပြီး တည်ငြိမ်အေးချမ်းအောင် လုပ်ဆောင်သွားရမယ်လို့ ဖော်ပြထားသလို လက်နက်တင်သွင်းခွင့် တားမြစ်ချက်ကိုလည်း ၂၀၁၉ မေလအထိ သတ်မှတ်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

ယခင်စစ်ဘက်ဆိုင်ရာ အကြီးအကဲ ပေါမာလွန်နဲ့ ကြည်း၊ ရေ၊ လေ နည်းဗျူဟာ ဒုတိယအကြီးအကဲ မလက်ခ်ရူဘန်ရီယာ့တို့ကိုလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက အမည်ပျက်စာရင်းထဲ ထည့်ခဲ့ပါတယ်။

**ပြည်တွင်းစစ်ဘဝ ရောက်ခဲ့**

တောင်ဆူဒန်သမ္မတ ဆာဗာကီယာဟာ ဒုတိယသမ္မတဟောင်း ရီယာ့မာကာကို အာဏာသိမ်းမှု ကြိုးကိုင်သူဟု စွပ်စွဲခဲ့တဲ့ ၂၀၁၃ ခုနှစ် နောက်ပိုင်းကာလတွေမှာ တောင်ဆူဒန်ဟာ ပြည်တွင်းစစ်ဘဝ ရောက်ခဲ့ပါတယ်။ ထိုအချိန်ကတည်းက လူထောင်ပေါင်းများစွာ အသတ်ခံရသလို မြောက်မြားစွာသောလူများလည်း ဘုံပျောက်ပြီး တွယ်ရာမဲ့ ဖြစ်ခဲ့ရပါတယ်။ လူဦးရေ ထက်ဝက်မကတဲ့ တောင်ဆူဒန်နိုင်ငံသား ခုနစ်သန်းကျော်လည်း အစားအစာထောက်ပံ့မှုတွေကို လိုအပ်လျက်ရှိပါတယ်လို့ ကုလသမဂ္ဂက ပြောခဲ့ပါတယ်။

**ဇရိုဇရဲပြန်ဖြစ်**

အီသီယိုပီးယား ဦးဆောင်တဲ့ ကီယာနဲ့ မာကာတို့ကြား ဆွေးနွေးမှုဟာလည်း အရှိန်အဟုန်ကောင်းကောင်းနဲ့ ဖြစ်ပေါ်နေပါတယ်။ သို့သော်လည်း နောက်ဆုံးအပစ်ရပ်စဲရေးသဘောတူညီချက်အပေါ် နှစ်ဖက်အဖွဲ့တွေ လိုက်နာဖို့ ပျက်ကွက်ခဲ့ရာကနေ ဇရိုဇရဲပြန်ဖြစ်ခဲ့ပါတယ်။

တောင်ဆူဒန် ပါလီမန်က ယခုတစ်ပတ်မှာတော့ ကီယာကို လာမယ့် ၂၀၂၁ ခုနှစ်အထိ အာဏာဆက်လက်ရှိနေဖို့ မဲပေးခဲ့ပါတယ်။ ထိုသို့ လုပ်ဆောင်လိုက်ခြင်းဟာ မာချာနဲ့ အာဏာခွဲဝေမှုအပိုင်းမှာ ညှိနှိုင်းမှုကို ခက်စေမှာ ဖြစ်ပါတယ်။

အမြဲတမ်းအဖွဲ့ဝင်နိုင်ငံ မဟုတ်တဲ့ အမေရိကန်ရုံးစိုက်ရာ အိုင်ဗရီကို့စ်နဲ့ ကူဝိတ်နိုင်ငံတို့ဟာ တောင်ဆူဒန်နိုင်ငံကို လက်နက်တင်သွင်းခွင့် ပိတ်ပင်မှုလုပ်ချင်တဲ့ အမေရိကန်ရဲ့ ဖိအားအောက် ရောက်သွားနိုင်တယ်လို့ သံအမတ်တွေက ပြောခဲ့ပါတယ်။

**နှစ်ပေါင်းအတော်ကြာကြိုးစားခဲ့ရ**

အမေရိကန်ဟာလည်း အခုလို တောင်ဆူဒန်နိုင်ငံကို လက်နက်တင်သွင်းခွင့်ပိတ်ပင်ဖို့ ကြိုးစားခဲ့တာ နှစ်ပေါင်း အတော်ကြာခဲ့ပြီဖြစ်ပါတယ်။ ဟိုးလွန်ခဲ့တဲ့အချိန်က အခုလိုမျိုးလုပ်ဖို့အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ဆုံးဖြတ်ချက်မူကြမ်း တင်သွင်းခဲ့သော်လည်း မအောင်မြင်ခဲ့ပါဘူးလို့ ကုလသမဂ္ဂလုံခြုံရေးကောင်စီ သံတမန်တစ်ဦးက ဆိုပါတယ်။

အမေရိကန်သံအမတ်ကြီးဟာလေးရဲ့ တောင်ဆူဒန်နိုင်ငံကို လက်နက်တင်သွင်းခွင့် တားဆီးရေးကြိုးစားချက်ဟာ ဒီတစ်ချိန်မှာ ထောက်ခံမှုအတော်များများရနိုင်ကြောင်း သူက ဆက်လက်ပြောပါတယ်။ ပြီးတော့လည်း ဒါဟာ ကောင်စီနဲ့ တောင်ဆူဒန် ပြည်သူတွေအတွက် အရေးကြီးတဲ့ ရှေ့ခြေလှမ်းတစ်ရပ်ဖြစ်တယ် လို့ ဆက်လက်ပြောပါတယ်။

တောင်ဆူဒန်နိုင်ငံအပေါ် လက်နက် တင်သွင်းခွင့် ပိတ်ပင်တားဆီးလိုက်ခြင်းကို ထောက်ခံတဲ့သူတွေရှိသလို မထောက်ခံတဲ့သူတွေလည်း ရှိပါတယ်။ သို့သော်လည်း ဘယ်လိုပဲဖြစ်ဖြစ် လက်နက်စွဲကိုင်နေသရွေ့တော့ တောင်ဆူဒန်ဟာ ဘယ်တော့မှ ငြိမ်းချမ်းရေးကို ခြေဦးလှည့်နိုင်မှာ မဟုတ်ဘူးလို့ ရှုမြင်မိပါတယ်။ အခုလိုမျိုး တောင်ဆူဒန်နိုင်ငံကို လက်နက်တင်သွင်းခွင့် ပိတ်ပင်လိုက်ခြင်းဟာ တောင်ဆူဒန်ရဲ့ငြိမ်းချမ်းရေးလုပ်ငန်းမှာ အထောက်အပံ့ဖြစ်မယ်လို့ မျှော်လင့်ရင်း .... ။ ။

**ကိုးကား -အေအက်ဖ်ပီ**

# တာဝန်သိတတ်မှုနှင့် စိတ်ထဲရှိသည့်အတိုင်း ဆုံးဖြတ်ချက်ချပြီး ဆောင်ရွက်ခဲ့ခြင်းကြောင့် အာဇာနည်တစ်ဦးဖြစ်လာသူ ရဲဘော်ကိုထွေး

သတင်းဆောင်းပါး-ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်

"ဗိုလ်ချုပ်တို့ရဲ့ အစည်းအဝေးခန်းဘက်မှာ စက်သေနတ်တွေနဲ့ ပစ်ခတ်နေတဲ့အသံတွေ ကြားပေမယ့် သူ့မှာရှိတဲ့ တစ်ချက်ချင်းပစ်ရတဲ့ ခြောက်လုံးပြူးသေနတ်လေးနဲ့ ပြန်လည်ပစ်ခတ်ဖို့ ဆုံးဖြတ်ခဲ့တယ်။ သူသေမယ်ဆိုတာကိုလည်း သိတယ်။ သို့သော်လည်း တစ်ချက်ရရင် တစ်ချက် ပြန်ပစ်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုးနဲ့ သူ့ရဲ့ဆရာသမားတွေကို လေးစားတဲ့စိတ်နဲ့ ရန်သူကို ပြန်လည်တိုက်ခိုက်ဖို့ ကြိုးစားခဲ့တယ်။ ဒါဟာ သူ့အတွက် အာဇာနည်ဖြစ်စေတဲ့ အချက်တွေပါပဲ"ဟု ရဲဘော်ကိုထွေး၏ တူတော်စပ်သူ (ရဲဘော်ကိုထွေး၏ တတိယမြောက်အစ်ကိုဖြစ်သူ ဦးသာချို၏ ဒုတိယမြောက်သား) ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) အောင်ကိုကိုက ပြောသည်။

ဆက်လက်၍ ၎င်းက "ကျွန်တော့်ကိုမွေးပြီး ခြောက်ရက်အကြာမှာ အာဇာနည်ခေါင်းဆောင်ကြီးတွေ ကျဆုံးခဲ့တယ်။ ငယ်ငယ်တုန်းကတော့ ဒီဖြစ်စဉ်တွေကို သိပ်မသိပါဘူး။ အရွယ်ရောက်လာတဲ့အခါကျမှ သိခဲ့ရတာပါ။ သိတဲ့အခါမှာလည်း အင်မတန်မှ ဝမ်းနည်းကြေကွဲဖွယ်ဖြစ်ခဲ့ရပါတယ်"ဟု ဆိုသည်။

ရဲဘော်ကိုထွေးသည် မန္တလေးမြို့တောင်ပြင် သိပ္ပံရပ်တွင်နေထိုင်သူ ပင်စင်စား လယ်ယာစိုက်ပျိုးရေးဝန်ထောက် ဦးကိုကိုလေး၊ ကျောင်းဆရာမ ဒေါ်မင်းရီတို့၏ ဆဋ္ဌမမြောက်သားဖြစ်သည်။ နဝမတန်းအထိ ပညာသင်ကြားခဲ့ပြီး အသက် ၁၈ နှစ်အရွယ်တွင် ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာနဝန်ကြီး ဦးရာဇတ်၏ သက်တော်စောင့်အဖြစ် ခန့်အပ်ခြင်းခံခဲ့ရပြီးနောက် ၁၉၄၇ ဇူလိုင် ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရချိန်တွင် မသမာသူတို့၏လက်ချက်ဖြင့် ကျဆုံးခဲ့ရရှာသည်။

"ရဲဘော်ကိုထွေးက အာဇာနည်ပုဂ္ဂိုလ်ကိုးဦးထဲမှာ ထူးခြားတဲ့ပုဂ္ဂိုလ်တစ်ယောက်ပါ။ သူဟာ အာဇာနည်ကိုးဦးထဲမှာ အသက်အားဖြင့်လည်း ငယ်တယ်။ ကိုးတန်းကျောင်းသားဘဝကနေ သက်တော်စောင့်ဖြစ်သွားတာပါ။ သက်တော်စောင့်ဖြစ်တာ သုံးလေးလပဲ ရှိပါသေးတယ်။ ကျောင်းမှာနေတုန်းက ပြည်သူ့ရဲဘော်ဖြစ်ခဲ့တယ်။ ဒီအတွေ့အကြုံတော့ရှိပါတယ်။ ဒါကြောင့် အသက်အရွယ်၊ ပညာအရည်အချင်းနဲ့ အတွေ့အကြုံ နည်းပါးသော်လည်းပဲ သူဟာ အာဇာနည်ပုဂ္ဂိုလ်တစ်ဦးဖြစ်ခဲ့တာဟာ သူ့ရဲ့ထူးခြားတဲ့အချက်တစ်ချက်ပဲဖြစ်ပါတယ်"ဟု ဦးအောင်ကိုကိုက ဆိုသည်။

ဆက်လက်၍ ၎င်းက "အာဇာနည်ပုဂ္ဂိုလ်ကိုးဦးထဲမှာ ကျန်တဲ့ ရှစ်ဦးကို လူသတ်သမားတွေက လာပြီးတော့ အစည်းအဝေးခန်းမထဲမှာ ပစ်ခတ်သတ်ဖြတ်သွားတယ်။ ကျဆုံးသွားတဲ့ ရှစ်ဦးလုံးဟာ မသမာသူတွေရဲ့ လာရောက်သတ်ဖြတ်ခြင်းကို ခံလိုက်ရတာပါ။ သို့သော်လည်း ရဲဘော်ကိုထွေးက အဲဒီလို မဟုတ်ပါဘူး။ လူသတ်သမားတွေဆင်းလာမယ့် လှေကားထိပ်က ဦးရာဇတ်အခန်းကနေ ထွက်လာပြီးတော့ ပစ်ခတ်ဖို့ ကြိုးစားတယ်။ သူ့မှာလည်း ဒသမ ၃၂ ခြောက်လုံးပြူးလေး တစ်လက်ပဲရှိတယ်။ သူပစ်လိုက်ရင် သေချာပေါက် သူသေမယ်ဆိုတာသိပေမယ့် ရဲရဲဝံ့ဝံ့နဲ့ ထွက်ပြီးတော့ ပစ်ခတ်ဖို့ကြိုးစားရင်းနဲ့ သူတစ်ချက်မှ မပစ်လိုက်ရဘဲ ကျဆုံးခဲ့ရတာပါ"ဟု ပြောသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ အစည်းအဝေးလုပ်နေချိန်တွင် ရဲဘော်ကိုထွေးမှာ ဗိုလ်ချုပ်အောင်ဆန်း၏အခန်းနှင့် မျက်စောင်းထိုး မလှမ်းမကမ်းမှာရှိသည့် ဝန်ကြီးဦးရာဇတ်၏ အခန်းထဲတွင် တစ်ယောက်တည်းရှိနေကြောင်း၊ ဗိုလ်ချုပ်၏ဘေးအခန်းတွင်လည်း အပါးတော်မြဲ ဗိုလ်ထွန်းလှ(တက္ကသိုလ်နေဝင်း)နှင့် ဗိုလ်သန်းဝင်း(အင်္ဂလိပ်ဗိုလ်ချုပ်ကြီး၏ သက်တော်စောင့်)တို့ ရှိနေကြောင်း၊ မသမာသူများရောက်ရှိလာပြီး ပစ်ခတ်သတ်ဖြတ်ချိန်တွင် ၎င်းတို့နှစ်ဦးမှာလည်း အခွင့်မသာ၍ ထွက်ခွင့်မရသည့်အခြေအနေဖြစ်နိုင်ကြောင်း ဦးအောင်ကိုကိုက ဆိုသည်။

"ဗိုလ်သန်းဝင်း ဆင်းပြေးတဲ့အချိန်မှာတော့ သေနတ်သမားလေးဦးနဲ့ လမ်းမှာဆုံတယ်။ သေနတ်သမားတွေက သူ့ကို "ဟိတ်-မပြေးနဲ့လို့ပြောတော့ သူက ငြိမ်နေလိုက်တဲ့အတွက် ဘာမှလုပ်မသွားဘူး။ အဲဒီလိုပဲ သတင်းထောက်မောင်သန်းက လှေကားပေါ်ကဆင်းပြေးမယ်လုပ်တုန်း သူတို့လေးယောက်က တွေ့သွားတဲ့အချိန်မှာလည်း မပြေးနဲ့ဆိုလို့ သူကလည်း ဝပ်နေလိုက်တယ်။ သူတို့ကို ဘာမှမလုပ်သွားပါဘူး။ ပြောချင်တာကတော့ လူသတ်သမားတွေသည် ဗိုလ်ချုပ်ကို ပစ်မှတ်ထားပြီးတော့ လာကြတယ်။ အခန်းထဲမှာရှိတဲ့သူတွေကိုလုပ်ကြံတယ်။ ဘေးမှာရှိတဲ့သူတွေကို သူတို့ စိတ်မဝင်စားဘူး။ ဗိုလ်ထွန်းလှတို့ကိုလည်း စိတ်မဝင်စားဘူး။ လမ်းမှာတွေ့တဲ့သူတွေကိုလည်း စိတ်မဝင်စားဘူး။ ဒါပေမယ့် ကိုထွေးထွက်ပြီး ပစ်ဖို့ကြိုးစားခဲ့ချိန်မှာ သူကံဆိုးသွားတာက သူထွက်တဲ့တံခါးက ဆင်နားရွက်တံခါးဖြစ်တဲ့အတွက် တံခါးက အသံမြည်သွားတာကြောင့် သူတစ်ချက်မှမပစ်လိုက်ရဘဲ ကျဆုံးသွားရတာပါ"ဟု ဦးအောင်ကိုကိုက ရဲဘော်ကိုထွေး ကျဆုံးခဲ့မှုနှင့်ပတ်သက်၍ ပြောပြသည်။

ရဲဘော်ကိုထွေး ကျဆုံးခဲ့ရပုံမှာလည်း ကြေကွဲဝမ်းနည်းဖွယ်ကောင်းလှသည်။ အာဇာနည်ခေါင်းဆောင်ကြီးများအား မသမာသူ လူတစ်စုက အစည်းအဝေးခန်းမကြီးအတွင်း ဝင်ရောက်လုပ်ကြံပြီးနောက် ပြန်အထွက်တွင် လုပ်ကြံမှုတွင်ပါဝင်သူတစ်ဦး(ရန်ကြီးအောင်)က စတင်းဂန်းနှင့် ပစ်လိုက်သည့်အတွက် ဝမ်းဗိုက်တွင် သေနတ်ဒဏ်ရာလေးချက် ထိမှန်ခဲ့ပြီး ရဲဘော်ကိုထွေးမှာ ချက်ချင်း သေဆုံးခြင်းမရှိသော်လည်း ယင်းနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် ဆေးရုံ၌ သေဆုံးခဲ့ရရှာသည်။

ရဲဘော်ကိုထွေးသည် ငယ်ရွယ်စဉ်ကတည်းက စစ်တိုက်ကစားမှုကို ဝါသနာပါသူဖြစ်သည့်အပြင် နယ်ချဲ့အင်္ဂလိပ်ကို မုန်းတီးသူတစ်ဦးဖြစ်ကြောင်း၊ စိတ်ဓာတ်နူးညံ့သော်လည်း မျိုးချစ်စိတ်ပြင်းထန်သူဖြစ်ကြောင်း၊ ရေကူးခြင်းနှင့် မွေးမြူရေးလုပ်ခြင်းတို့ကို ဝါသနာပါသူဖြစ်ပြီး သနားကြင်နာတတ်သူတစ်ဦးဖြစ်ကြောင်း၊ ငယ်ရွယ်စဉ်ကပင် နယ်ချဲ့အင်္ဂလိပ်ကိုတွေ့လျှင် ခဲနှင့်ပေါက်မည်ဟု ဆိုသည်အထိပင် မျိုးချစ်စိတ်ဓာတ်ရှင်သန်ခဲ့သူတစ်ဦးဖြစ်ကြောင်း၊ ဦးရာဇတ်၏ တပည့်တစ်ဦးအဖြစ် ၎င်း၏ဖခင်ကိုယ်တိုင် ဆရာကြီးဦးရာဇတ်ထံ အပ်နှံခဲ့ကြောင်းသိရသည်။

"ဇူလိုင်လ ၁၉ ရက် မနက်ပိုင်းမှာ ကိုထွေးနဲ့ ဦးရာဇတ်တို့ ရုံးကိုရောက်တယ်။ အပါးတော်မြဲ ဦးချစ်ဆွေက ရုံးခန်းထဲမှာရှိနေတယ်။ သူတို့ ရုံးခန်းထဲမှာဆုံကြပြီး ဗိုလ်ချုပ်ရဲ့ အစည်းအဝေးကို ဆရာကြီးဦးရာဇတ် သွားတယ်။ ကိုထွေးနဲ့ ဦးချစ်ဆွေနဲ့ အခန်းထဲမှာ ကျန်နေတဲ့အခါမှာ သူ့ကို ဦးချစ်ဆွေက ရဲအုပ်ဝတ်စုံနဲ့ ခြောက်လုံးပြူး သွားထုတ်ဖို့ပြောတယ်။ ရဲဘော်ကိုထွေး အဲဒီအချိန် ဝတ်ထားတာက ပြည်သူ့ရဲဘော်ဝတ်စုံ၊ ပြည်သူ့ရဲဘော်ဦးထုပ် ဆောင်းထားတာပါ။ သူကိုင်နေတာက ဒသမ ၃၂ ခြောက်လုံးပြူးပါ။ သူ တရားဝင်ရမယ့် ရဲအုပ်နှစ်ပွင့် ဝတ်စုံနဲ့ ဒသမ ၃၈ ခြောက်လုံးပြူးကို သွားထုတ်ခိုင်းတာပါ။ ဒါပေမယ့် ကိုထွေးက ဆရာကြီး အစည်းအဝေးလုပ်နေတုန်းမှာ ခိုင်းစရာရှိရင် ချက်ချင်းလုပ်လို့ရအောင် ကျွန်တော်မသွားသေးဘူးလို့ ပြောတယ်။ ဒါတွေကို ဦးချစ်ဆွေ ကိုယ်တိုင်ပြန်ရေးခဲ့တာတွေရှိတယ်"ဟု ဦးအောင်ကိုကိုက ရဲဘော်ကိုထွေး ကျဆုံးခဲ့မှုနှင့်ပတ်သက်၍ ပြန်လည်ပြောပြသည်။

"ဆရာကြီးရဲ့မိသားစုဝင်တွေ ရေးခဲ့တဲ့ စာတွေလည်း ရှိပါတယ်။ ဒါကြောင့် ကိုထွေးဟာ တာဝန်သိတတ်တဲ့သူလို့ ကောက်ချက်ချလို့ရပါတယ်။ ဦးချစ်ဆွေခိုင်းတာကို ကိုထွေးက တာဝန်ကျေပွန်ချင်တဲ့စိတ်နဲ့ မသွားခဲ့ပါဘူး။ ခဏအကြာမှာ ဆရာကြီးဦးရာဇတ်ဟာ အစည်းအဝေးခန်းထဲက ပြန်ထွက်လာပြီး ညနေကျရင် မြို့မကျောင်းမှာလုပ်မယ့် အထက်ဗမာပြည်နဲ့ အောက်ဗမာပြည် လက်ဝှေ့ပွဲကို ဗိုလ်ချုပ်လာအားပေးမယ်လို့ ပြောတယ်၊ ဘငြိမ်းတစ်ယောက်ပဲ လူကြီးရှိတယ်၊ ကျန်တဲ့သူတွေက လူငယ်တွေ ဖြစ်တဲ့အတွက် ချစ်ဆွေ မင်းသွားပြီးတော့ လိုအပ်တာလေးတွေ စီစဉ်ပေးလိုက်လို့ ပြောတယ်။ အဲဒါကြောင့် ဦးချစ်ဆွေက လက်ဝှေ့ပွဲကျင်းပမယ့် မြို့မကျောင်းကို ထွက်သွားတယ်။ ကိုထွေးတစ်ယောက်ပဲ သတင်းစာဖတ်ပြီးတော့ အခန်းထဲမှာ ကျန်ခဲ့တယ်။ အဲဒီလို ကျန်ခဲ့တဲ့အချိန်မှာ ဗိုလ်ချုပ်တို့ လုပ်ကြံခံခဲ့ရတာပါ"ဟု ဆက်ပြောသည်။

ရဲဘော်ကိုထွေးနှင့်ပတ်သက်၍ လူသိနည်းသည့်အချက်များမှာ ရဲဘော်ကိုထွေးသည် သက်တော်စောင့်ဖြစ်သော်လည်း တပ်ထဲမှရဲဘော်မဟုတ်ကြောင်း၊ ဆရာကြီးဦးရာဇတ်၏ မန္တလေးမြို့ရှိ ဗဟိုအမျိုးသားအထက်တန်းကျောင်းတွင် ပညာသင်ကြားနေစဉ် ပြည်သူ့ရဲဘော်အဖွဲ့ဝင်တစ်ယောက်အဖြစ် စစ်ပညာများကိုသင်ကြားခဲ့ကာ နိုင်ငံရေးတွင် တက်ကြွသူတစ်ဦးဖြစ်ကြောင်း၊ ၎င်းကျဆုံးချိန်တွင် နှစ်ပွင့်အဆင့်ရှိ နေပြည်တော်ရဲအုပ်ရာထူး ရရှိထားသူဖြစ်သော်လည်း ပုလိပ်မင်းကြီးရုံး၌ ရဲအုပ်ဝတ်စုံနှင့် ဒသမ ၃၈ ခြောက်လုံးပြူးကို သွားရောက်မထုတ်ယူမီ ကျဆုံးခဲ့ခြင်းဖြစ်ကြောင်း ဦးအောင်ကိုကို၏ ပြောပြချက်များအရ သိရသည်။

"ရဲဘော်ကိုထွေးက ဦးရာဇတ်ရဲ့သက်တော်စောင့်ဖြစ်တဲ့အချိန်မှာ သူ့အစ်မ ဒေါ်ကြည်ကြည်ကလေးရဲ့အိမ် (၃၁)လမ်း အောက်ဘလောက် အမှတ်(၇၂)မှာ အဓိကနေထိုင်ပြီး တာဝန်ထမ်းဆောင်ခဲ့ရတာပါ။ ကျန်တဲ့ မောင်နှမတွေနဲ့ မိဘတွေကတော့ မန္တလေးမှာ နေပါတယ်။ လုပ်ကြံခံရတဲ့သတင်းကိုကြားတော့ အစ်ကိုကြီး(ဦးအောင်သန်းစိန်)ဖြစ်သူနဲ့ အဲဒီအစ်မရဲ့ယောက်ျား(ဦးစောဖေ)က ဆေးရုံကိုသွားကြတယ်။ ဆေးရုံရောက်တော့ သူတို့ကိုကြည့်ပြီး ရဲဘော်ကိုထွေးက ပြုံးပြတယ်။ အဲဒီအချိန်မှာ ဆရာကြီးဘယ်မှာလဲဆိုပြီး ဆရာကြီးအကြောင်းကို မေးသေးတယ်။ သူဟာ ဒဏ်ရာရထားပေမယ့် ညည်းညူမနေဘူး။ သူ့တာဝန်ကိုသူ ကျေနပ်နေပုံရတယ်လို့ သိခဲ့ရပါတယ်"ဟုလည်း ၎င်းက ပြန်လည်ပြောပြသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက် အစိုးရအနေဖြင့် အာဇာနည်မိသားစုဝင်များအား စားဝတ်နေရေးအဆင်ပြေစေရန်အတွက် သွင်းကုန်ထုတ်ကုန်လုပ်ငန်းများချပေးခြင်း၊ BOC ရေနံကုမ္ပဏီကလည်း ဓာတ်ဆီအရောင်းဆိုင်တစ်ဆိုင်စီ ဖွင့်လှစ်ပေးခြင်းများ ပြုလုပ်ပေးခဲ့သော်လည်း ရဲဘော်ကိုထွေး၏ မိသားစုဝင်များအနေဖြင့် အာဇာနည်များ ကျဆုံးပြီးချိန်တွင် ပြည်သူလူထုက စုပေါင်းလှူဒါန်းထားသည့် ဗိုလ်ချုပ်ရန်ပုံငွေထဲမှပေးသည့် ထောက်ပံ့ကြေးငွေ ကျပ်ငါးထောင်ကိုသာ ရယူခဲ့သည်ဟု သိရှိရကြောင်း၊ ထပ်မံ၍လည်း အစိုးရထံမှ လစဉ် ထောက်ပံ့ငွေ ကျပ်သုံးရာ ရရှိခဲ့သော်လည်း ၎င်း၏မိဘများအနေဖြင့် ယင်းလစဉ်ထောက်ပံ့ငွေများကို နိုင်ငံထူထောင်ရေးလုပ်ငန်းများအတွက် ထည့်ဝင်လှူဒါန်းလိုက်ကြောင်း၊ ထို့အပြင် ဘိုကလေးဈေး၌ ဆိုင်ခန်းတစ်ခန်း ရရှိခဲ့သော်လည်း သားဖြစ်သူနှင့်ပတ်သက်၍ ရရှိခြင်းဖြစ်သောကြောင့် မိဘများအနေဖြင့် လက်ခံခဲ့ခြင်းမရှိကြောင်းကိုလည်း ဦးအောင်ကိုကို၏ ပြောကြားချက်အရ သိရသည်။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့ရရှာသည့် အတွင်းဝန်များရုံးနှင့်ပတ်သက်၍လည်း ၎င်းက "၂၀၁၆ ခုနှစ်တုန်းက အတွင်းဝန်ရုံးကို အာဇာနည်တွေနဲ့ပတ်သက်တဲ့ပြခန်းလုပ်မယ်ဆိုပြီး အာဇာနည်မိသားစုဝင်တွေကို ခေါ်ပြတယ်။ အဲဒီတုန်းက အတွင်းဝန်ရုံးကို စတင်ပြီး ပြင်နေပါပြီ။ ၂၀၁၇ ခုနှစ်လောက်ဆိုရင်တော့ ပြီးပြီလို့ စိတ်ထဲမှာထင်ထားတယ်။ ပြီးခဲ့တဲ့နှစ်တုန်းက အတွင်းဝန်ရုံးကိုရောက်တော့ ဗိုလ်ထွန်းလှအခန်းနဲ့ ဗိုလ်ချုပ်အခန်း ကူးတဲ့နေရာက အရင်အတိုင်း နံရံမဟုတ်တော့ဘဲ အပေါ်ကနေ နံရံအသစ် ထပ်ပြီးကပ်ထားလိုက်တယ်။ အဲဒီလိုလုပ်လိုက်တဲ့အတွက်ကြောင့် ဗိုလ်ချုပ်အခန်းနဲ့ ဗိုလ်ထွန်းလှအခန်းကူးတဲ့ တံခါးပေါက်ကြီး ပျောက်သွားတယ်။ အဲဒါလေးတွေကိုတော့ မူလလက်ရာမပျက်စေဘဲ အရင်အတိုင်း ထားပေးစေချင်ပါတယ်။ ပြခန်းလုပ်မယ့်ကိစ္စကိုလည်း အမြန်ဆုံး ပြီးမြောက်စေချင်ပါတယ်"ဟု ဆိုသည်။

ရဲဘော်ကိုထွေးနှင့်ပတ်သက်၍ လူငယ်များ အတုယူနိုင်စေရန် ဦးအောင်ကိုကိုက "ကိုထွေး ကို ၁၉၂၉ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့မှာ မွေးတာပါ။ ဒါပေမယ့် အခုကြည့်လိုက်ရင် အာဇာနည်ဗိမာန်မှာ မတ်လ ၃ ရက်နေ့ဆိုပြီး တွေ့ရပါလိမ့်မယ်။ ဒါဟာ သူ့အတွက် အသက် ၁၈ နှစ်ပြည့်အောင် အရင်က ပေးထားခဲ့တာပါ။ သူကျဆုံးချိန်မှာ အသက် ၁၇ နှစ်နဲ့ ၈ လပဲ ရှိပါသေးတယ်။ သူ့အသက်က တော်တော်ငယ်ပါသေးတယ်။ အသက်အားဖြင့် ငယ်ရွယ်တဲ့အတွက် သာမန်အားဖြင့်တော့ အာဇာနည်ဆိုတဲ့ ဖြစ်စဉ်ကြီးမှာ ပါစရာမလိုပါဘူး။ တာဝန်သိတတ်မှုနဲ့ စိတ်ထဲရှိတဲ့အတိုင်း ဆုံးဖြတ်ချက်ချပြီး ဆောင်ရွက်ခဲ့တာကြောင့် အခုလို အာဇာနည်တစ်ဦး ဖြစ်လာရတာပါ။ ဒါကြောင့် အတွေ့အကြုံ၊ လုပ်ရည်ကိုင်ရည်၊ ပညာအရည်အချင်း မြင့်မားတဲ့ ခေါင်းဆောင်ကြီးတွေနဲ့အတူ ဂုဏ်ပြုခံနေရတာပါ။ လူငယ်တွေအနေနဲ့ အသက်အရွယ်နဲ့ ပညာငယ်နေလို့ အားငယ်စရာမလိုပါဘူး။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအတွက် လုပ်သင့်လုပ်ထိုက်တာကိုလုပ်ရင် တိုင်းပြည်က ချီးမွမ်းဂုဏ်ပြုမှာပါ"ဟု ပြောသည်။

ရဲဘော်ကိုထွေးသည် အသက် ၁၈ နှစ်အရွယ်တွင် ကျဆုံးခဲ့ပြီး ကျဆုံးချိန်တွင် မိဘနှစ်ပါးနှင့်အတူ ၎င်း၏ အစ်ကိုသုံးဦးနှင့် အစ်မနှစ်ဦး ကျန်ရှိခဲ့သော်လည်း ယခုအချိန်တွင် အားလုံးဆုံးပါးသွားခဲ့၍ တူ၊ တူမ တော်စပ်သူများသာ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် နေထိုင်လျက်ရှိကြောင်း သိရသည်။ ။



## ရဲဘော်ကိုထွေး

**မန္တလေးမြို့တောင်ပြင် သိပ္ပံရပ်နေ ပင်စင်စား လယ်ယာစိုက်ပျိုးရေးဝန်ထောက် ဦးကိုကိုလေးနှင့် ဒေါ်မင်းရီတို့၏ ဆဋ္ဌမမြောက်သားဖြစ်သည်။ ၁၉၂၉ ခုနှစ် မတ်လ ၃ ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သည်။**

**နဝမတန်းအထိ ပညာသင်ကြားခဲ့သည်။**

**အသက် ၁၈ နှစ်အရွယ်တွင် ပညာရေးနှင့် အမျိုးသားစီမံကိန်းဌာန ဝန်ကြီး ဦးရာဇတ်၏ သက်တော်စောင့်အဖြစ် ခန့်အပ်ခြင်း ခံရသည်။**

**၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်(စနေနေ့) နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် အာဇာနည်ခေါင်းဆောင်ကြီးများကို လုပ်ကြံသော မသမာသူတို့၏ လက်ချက်ဖြင့်ပင် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။**



၁၉၉၅ ခုနှစ် အာဇာနည်နေ့တွင် ရဲဘော်ကိုထွေး၏အစ်ကို ဦးသာချိုနှင့် မိသားစုဝင်များ ပန်းခွေချစဉ်။

# မူလပထမ ဗိုလ်ချုပ်ကြေးရုပ်

နိုင်ငံရေးခေတ်ရေစီးကြောင်း ပြောင်းလဲခြင်း၏ အကျိုးရလဒ်တစ်ခုကြောင့် ယနေ့ကာလတွင် မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အမျိုးမျိုးသော ပုံစံတူရုပ်တုများ ပိုမိုပေါ်ပေါက်လာခဲ့သည်။ မြို့အနှံ့ နယ်အစုံတွင် ဗိုလ်ချုပ်ပုံတူရုပ်တုများကို ဂုဏ်ပြုထုလုပ်လာကြခြင်းဖြစ်ပြီး ဆက်လက်၍ ပြုလုပ်နေသည်ကိုလည်း တွေ့လာရသည်။

သို့သော် မြန်မာနိုင်ငံပန်းချီ၊ ပန်းပု အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ပန်းချီဆရာ ဆြာနွယ်က "အေးဗျာ ဗိုလ်ချုပ်ကို ဂုဏ်ပြုထုလုပ်ကြတာကောင်းပါတယ်။ ကြိုဆိုပါတယ်။ ဒါပေမယ့် အခုနောက်ပိုင်း အချို့ဗိုလ်ချုပ်ပုံရုပ်တုတွေက တော်တော်လေးကို ကွဲပြားခြားနားနေတာတွေ တွေ့လာရပြီး စိစစ်ဖို့တောင့်လိုလာပြီ"ဟု အကြံပြု ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ မူလပထမဦးဆုံးသော ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုမှာ ဗဟန်းမြို့နယ် နတ်မောက်လမ်း ကန်တော်ကြီးပန်းခြံရှေ့တွင် ရှိသည်။ မတ်တပ်ရပ်လက်ဆန့်ညွှန်းဆိုနေသော ရုပ်တုဟု ပန်းချီပန်းပုဆရာကြီးများထံမှ သိရသည်။ "လွတ်လပ်ရေးရရှိပြီး ဖဆပလအစိုးရလက်ထက်တွင် နိုင်ငံတော်၏ လွတ်လပ်ရေးကို အသက်စွန့်ရယူပေးခဲ့သော အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကို နောင်လာနောက်သားများ အမှတ်တရရှိစေခြင်းငှာ ကြေးရုပ်တု သွန်းလောင်းတည်ထားနိုင်ရန်အတွက် ပုံစံငယ်ရုပ်တုများ တောင်းခံခဲ့သည်။ ရှမ်းပြည်နယ် တောင်ကြီးမြို့မှ ပန်းချီ၊ ပန်းပုပညာရှင်ကြီး ဦးစံဖေ၏လက်ရာ ရုပ်တုကို ရွေးချယ်ခဲ့ကြသည်" ဟု ဦးသန့်စင်(ခ)ပန်းချီလှုတင်ထွန်း(ဒုတိယပါမောက္ခချုပ် (ငြိမ်း) အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်)၏ မှတ်တမ်းအရ သိရသည်။

ကြေးရုပ်သွန်းလောင်းနိုင်ရန်အတွက် ၁၉၅၅ ခုနှစ်တွင် အင်္ဂလန်နိုင်ငံသား ကြေးသွန်းပညာရှင် မစ္စတာကော့ပနယ်အား တာဝန်ပေးအပ်ခဲ့သည်။ ထို့အပြင် ဆရာကြီးဦးစံဖေ၏ ပန်းပုပညာကို အစိုးရက ယုံကြည်သောအားဖြင့် ကြေးသွန်းရုပ်တုပြုလုပ်ရာ အင်္ဂလန်နိုင်ငံသို့ ဆရာကြီးကို ထပ်မံစေလွှတ်ခဲ့သည်။ ထိုသို့ဖြင့် ဆရာကြီးဦးစံဖေမှာ ပန်းချီ၊ ပန်းပုပညာအပြင် ကြေးသွန်းပညာရပ်ကိုပါ တတ်မြောက်လာခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းကြေးသွန်းရုပ်တုကို ထားရန်အတွက် နေရာရွေးချယ်သောအခါ အင်္ဂလိပ်အစိုးရက အမည်ပေးခဲ့သော ဒါလဟိုဇီပန်းခြံ(ယခုကန်တော်ကြီးပန်းခြံ)ရှေ့နေရာကို ဖဆပလအစိုးရအဖွဲ့က ရွေးချယ်ခဲ့ကြသည်။ မူလက ထိုနေရာသည် ဆဋ္ဌမမြောက် ဂျော့ဘုရင်ရုပ်တု ထားရှိသောနေရာဖြစ်ပြီး ဂျပန်ခေတ်တွင် ဖယ်ရှားခံခဲ့ရသည်ဟု ရန်ကုန်မြို့သမိုင်းကိုပြုစုနေသူ စာရေးဆရာ မောင်မြတ်မွန်(ဆူးလေ)က ပြောပြခဲ့သည်။

ကန်တော်ကြီးရှေ့ရှိ ဗိုလ်ချုပ်အောင်ဆန်းရုပ်တုအား လေ့လာကြည့်သည့်အခါ ရုပ်တု၏ အောက်ခြေအုတ်ခုံ အရှေ့ဘက်တွင် ကပ်ထားသည့် ကြေးပြားကမ္ပည်းပေါ်၌ 'ပြည်ထောင်စု၏ ရှေ့ဆောင်လမ်းပြကြီး ဗိုလ်ချုပ်အောင်ဆန်း မွေးနေ့ ၁၂၇၆ ခု တပေါင်းလဆန်း ၁ ရက်၊ ကျဆုံးနေ့ ၁၃၀၉ ခု ဝါခေါင်လဆန်း ၂ ရက်'ဟု မြန်မာသက္ကရာဇ်နှင့် လအမည်၊ ရက်တို့ကိုသာ ရေးထိုးထားသည်ကို တွေ့ရသည်။






အုတ်ခုံနောက်ကျောဘက်၌

**'တတိုင်းပြည်လုံး ကြီးပွားစေချင်ယင် လူအား၊ ငွေအား၊ ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက်လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ။ ဗမာကတမျိုး၊ ကရင်ကတဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား၊ အကွဲကွဲအပြားပြားလုပ်နေကြယင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်တယ်'**

**ဗိုလ်ချုပ်အောင်ဆန်း**

ဟု ရေးထိုးထားသည်ကို တွေ့ရသည်။ ဗိုလ်ချုပ်ကျဆုံးခဲ့သည်မှာ (၇၁)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်သော်လည်း ယနေ့တိုင် သက်ဝင်နေဆဲဖြစ်သော မိန့်ခွန်းတစ်ရပ်အဖြစ် ခံယူမိသည်။

ဗိုလ်ချုပ်အောင်ဆန်း ကျဆုံးကွယ်လွန်ခဲ့သည်မှာ (၇၁)နှစ်ရှိလာခြင်းနှင့်အတူ မူလပထမဗိုလ်ချုပ်ကြေးရုပ်ကို ပုံဖော်ခဲ့သူ ပန်းချီ၊ ပန်းပု၊ ကြေးသွန်းပညာရှင် ဆရာကြီး ဦးစံဖေမှာလည်း ၁၉၁၈ ခုနှစ်တွင် မွေးဖွားခဲ့သူဖြစ်၍ ပုံဖော်ခဲ့သူ ဆရာကြီးသာ ယနေ့ရှိပါက အသက် ၁၀၀ ပြည့်သောနှစ်ဟု ပန်းချီလှုတင်ထွန်းက ဆိုသည်။

ပန်းချီပန်းပု ကြေးသွန်းပညာရှင် ဆရာကြီးဦးစံဖေသည် ဖက်ဆစ်တော်လှန်ရေး၊ အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေးတို့တွင် ဆက်တိုက်ပါဝင်ခဲ့ပြီး ရှမ်းပြည်နယ်နှင့် ပြည်မပူးပေါင်းရေးတွင် တက်ကြွစွာ လှုပ်ရှားခဲ့သူဖြစ်သည်။ သမိုင်းဝင် ဒုတိယအကြိမ်ပင်လုံညီလာခံကြီးအတွက် စည်းရုံးလှုပ်ရှားမှုတွင် ထိပ်ဆုံးကပါဝင်ခဲ့သူတစ်ဦးလည်းဖြစ်သည်။ ထိုခေတ်က ရဟန်းရှင်လူ ပြည်သူ ကျောင်းသားများကို တစ်စုတစ်စည်းတည်း ကားအစီး ၆၀ ကျော်ဖြင့်ခေါ်ကာ တောင်ကြီးမြို့မှ မိုင် ၇၀ ကျော်ခန့် ကွာဝေးသော ပင်လုံမြို့လေးဆီသို့ အောင်မြင်စွာ အရောက်လှမ်းသွားခဲ့သူလည်းဖြစ်သည်။

ဆရာကြီးဦးစံဖေ၏လက်ရာ ရန်ကုန်မြို့ ကန်တော်ကြီးပန်းခြံရှေ့မှ မြန်မာ့လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ပုံတူကြေးရုပ်တုမှာ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ထုဆစ်သွန်းလောင်းသော ရုပ်တုဖြစ်ပြီး အင်းစိန်မြို့နယ် အောင်ဆန်းမြို့ရှိ ဗိုလ်ချုပ်ရုပ်တုနှင့် တောင်ကြီးမြို့လယ် ပန်းခြံအတွင်းရှိ ဗိုလ်ချုပ်ရုပ်တုတို့မှာလည်း ဆရာကြီးဦးစံဖေ၏ သမိုင်းဝင် သမိုင်းတင် 'စံ'လက်ရာများအဖြစ် ထင်ရှားစွာ ရှိနေပါကြောင်း ဖော်ညွှန်းရေးသားလိုက်ရပါသည်။ ။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)၊ ဓာတ်ပုံ- ဘော်ဂါသွေး**

## ယနေ့ ဈေးကွက်ပေါက်ဈေးများ

၁၆-၇-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၄၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၉၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၁၅ ကျပ် | ၉၄၅/၉၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၅/၉၃၀ ကျပ် | ၉၅၅/၉၆၅ ကျပ် |
| အောက်တိန်း ၉၂ | ၈၆၅/၈၉၀ ကျပ် | ၉၃၅/၉၅၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၁၅/၉၄၀ ကျပ် | ၉၈၅/၉၉၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၄၀၈ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၆၄၄ · ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၀၃၁ · ၅ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၈၆၃ · ၇ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၂၅၁ · ၈ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၀၄၅ · ၉ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၁၀ · ၄၁ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၀ · ၅၅၅ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၂၄ · ၇၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၄၇ · ၈၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၂ · ၃၀၈ |

(ဗဟိုဘဏ်ပေါက်ဈေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

## ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

## အာဇာနည်နေ့အထိမ်းအမှတ် ကဗျာရွတ်ပြိုင်ပွဲ မယ်စဲ့မြို့တွင် ကျင်းပ




**မယ်စဲ့ ဇူလိုင် ၁၆**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ကွန်မြူနတီစင်တာ၌( ၇၁ )နှစ်မြောက် အာဇာနည် နေ့အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူများ၏ ကဗျာရွတ်ပြိုင်ပွဲကို ဇူလိုင်၁၆ရက်က ကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်အေးခန့်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှူး ဒေါ်စောဝတ်ရည်က ပြိုင်ပွဲပြုလုပ်ခြင်း ရည်ရွယ်ချက်နှင့် အမှတ်ပေးစည်းမျဉ်းစည်းကမ်းကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မူလတန်းအထက်ဆင့် ကျောင်းသားကျောင်းသူ ၂၆ ဦးတို့က အောင်ဆန်းဇာနည် ကဗျာဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ပြိုင်ပွဲသို့ မြို့နယ်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပြီး ပြိုင်ပွဲအပြီးတွင် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကိုလည်း မြို့နယ်ပြန်/ဆက်ဦးစီးဌာန၏ စီစဉ်မှုဖြင့် ဆက်လက်ကျင်းပခဲ့သည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၇-၂၀၁၈ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၆ ပါ သတင်းဆောင်းပါးတွင် အာဇာနည် ဦးအုန်းမောင်၏သား အငယ်ဆုံး အမည်အား ဦးမင်းမြတ် **(အစား)** ဦးမင်းမြင့်ဟု ပြင်ဆင်ဖတ်ရှုပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**(ဆောင်းပါးရှင်)**

မြန်မာ့အလင်း

| | | |
|---|---|---|
| **စာတည်းမှူးချုပ်** | - | အောင်နိုင်ဦး |
| **စာတည်းမှူး(တာဝန်)** | - | ဝင်းကျော် |
| **စာတည်းမှူး** | - | မြင့်ဆွေ (သတင်းထောက်ချုပ်) |
| **စာတည်းများ** | - | မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| **အကြီးတန်းသတင်းထောက်များ** | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး |
| **အငယ်တန်းသတင်းထောက်များ** | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| **ထုတ်ဝေခြင်းအမှတ်** | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

**Gmail** mmalin.npt @ gmail.com,
**Facebook** www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews
Presented by NPE
www.mdn.gov.mm

# ရေသောက်စနစ်စီမံကိန်းများ အပြီးသတ်ရေးနှင့် တိုးချဲ့ရေး

**မေနွယ်အေး**

**စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တောင်သူလယ်သမားများအား အသိပညာပေးရန်နှင့် လွယ်ကူရှင်းလင်းစွာ မှတ်မိဆောင်ရွက်နိုင်ကြစေရန် "မြေမှန်၊ မျိုးမှန်၊ စိုက်နည်းမှန်၊ ရာသီမှန်အောင်စိုက်" ဟူသော ဆောင်ပုဒ်ကို ချမှတ်ထားသည်။ စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ပထမဆုံး မြေကောင်းအောင် ပြုပြင်ရမည်။**

### မြေကောင်းရုံသာမက မျိုးကောင်းရန်လို

ထိုသို့ပြုပြင်ရာတွင် သဘာဝမြေသြဇာဖြစ်သည့် မြေဆွေးကို အသုံးပြုကြသလို ဓာတ်မြေသြဇာကိုလည်း အချိုးကျကျ ရောစပ် အသုံးပြုကြသည်။ သီးနှံအထွက်နှုန်းကောင်းရန်အတွက် မြေကောင်းရုံသာမက မျိုးကောင်းရန်လည်း လိုအပ်သေးသည်။ စိုက်ပျိုးနည်းစနစ် မှန်ကန်ရန်ကလည်း အရေးကြီးသည့်အချက်တစ်ခု ဖြစ်သည်။ ယခင်က စပါးစိုက်ပျိုးရန်အတွက် ညက်ညက်ထွန်၊ စိပ်စိပ်စိုက်စနစ်ဖြင့် စိုက်ပျိုး၍ သီးနှံအထွက်ကောင်းသည်။ ရာသီမှန်အောင် စိုက်ပျိုးခြင်းကလည်း မေ့ထား၍ မရသည့်အချက်ဖြစ်သည်။ သီးနှံများကို သူ့ရာသီအလိုက်စိုက်ပျိုးမှသာ ဖြစ်ထွန်းနိုင်မည်။ အထူးသဖြင့် မြန်မာနိုင်ငံတွင် နှစ်သီးစားစိုက်ပျိုးကြသည်။ မိုးရာသီတွင် စပါးစိုက်၍ ဆောင်းရာသီတွင် ပဲစိုက်သည်။ ပဲစိုက်ရာ၌ သတ်မှတ်ကာလထက် နောက်မကျဘဲ စိုက်ပျိုးရန်လိုသည်။ နောက်ကျပါက အပင်ဖြစ်သော်လည်း အသီးမဖြစ်ထွန်းနိုင်ပါ။ အပင်ရှင်သန်ပြီး အသီးဖြစ်ထွန်းရန်အတွက် ရာသီမှန်အောင်စိုက်ရမည်။ အထက်ပါအချက်များနှင့် ပြည့်စုံကိုက်ညီမှသာ ကောင်းမွန်အောင်မြင်သည့် သီးနှံများ ဖြစ်ထွန်းမည်ဖြစ်၍ အမှန်တကယ်သာ လိုက်နာဆောင်ရွက်နိုင်ကြလျှင် စိုက်ပျိုးထုတ်လုပ်သူများအတွက် ရလဒ်ကောင်းနှင့် အောင်မြင်မှုများရရှိမည်ဖြစ်သည်။

ဆောင်ပုဒ်တွင်မပါသော်လည်း အရေးကြီးဆုံးအချက်မှာ စိုက်ပျိုးရေကို လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ရရှိရေးဖြစ်သည်။ စိုက်ပျိုးရေရရှိရေးအတွက် ဆည်ရေသောက်စနစ်၊ Drip Irrigation စနစ် (အပင်၏ အမြစ်သို့ ရေများ တစ်စက်ချင်းကျစေရန် ပြွန် သို့မဟုတ် ပိုက်ဖြင့် ထိန်းချုပ်ပြီး ရေပေးသည့်စနစ်) အပြင် Hydroponic Growing စနစ် (မြေကိုအသုံးပြုခြင်းမရှိဘဲ ရေထဲတွင် အာဟာရဓာတ်များ ထည့်သွင်း၍ စိုက်ပျိုးသောစနစ်) တို့ကို အသုံးပြုနေကြသည်။ အဓိကမှာ ရေရရှိရေးပင်ဖြစ်သည်။ အချို့တိုးတက်သော နိုင်ငံများတွင် Drip Irrigation စနစ်နှင့် Hydroponic Growing စနစ်တို့ကို အသုံးပြုကြကြောင်း သိရသည်။

### ဆည်ရေများများနှင့် မြန်မြန်ရရန်လို

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍတွင် ဆည်ရေသောက်စနစ်ရရှိမှသာ အဆင်ပြေအောင်မြင်နိုင်မည်ဖြစ်၍ ဆည်ရေများများနှင့် မြန်မြန်ရရန်လိုသည်။ ဆည်ရေသောက်စနစ်ကို မှန်ကန်စွာကျင့်သုံးဆောင်ရွက်ခြင်းဖြင့် မည်သည့်သီးနှံမဆို အထွက်နှုန်းကောင်းခြင်း၊ သီးနှံအရည်အသွေးမြင့်မားခြင်းစသော အကျိုးကျေးဇူးများရရှိသလို၊ မိုးခေါင်မှုနှင့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုကိုလည်း အကောင်းဆုံးကုစားနိုင် သည်။ ဆည်ရေပုံမှန်ရရှိသဖြင့် စိုက်ပျိုးရေးသမားများအတွက် နွေ၊ မိုး၊ ဆောင်း သုံးရာသီလုံး အဆင်ပြေမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေးကဏ္ဍတိုးတက်ရန်အတွက် ဆည်များ တည်ဆောက်ထားပြီး အချို့ဆည်များမှာ လျှပ်စစ်ထုတ်ရန်၊ စိုက်ပျိုးရေးလုပ်ကိုင်ရန်စသည်ဖြင့် ဘက်စုံသုံးရန် ရည်ရွယ်တည်ဆောက်ထားခြင်းလည်း ရှိသည်။ ဆည်၊ တမံများ တည်ဆောက်ပြီးသော်လည်း ရေသွယ်မြောင်းများ မရှိသေးခြင်း၊ ရှိသော်လည်း မပြည့်စုံခြင်း၊ မလုံလောက်ခြင်း၊ အရည်အသွေးမမီခြင်းတို့ ရှိနေသဖြင့် မကောင်းသည်များကို ကောင်းအောင်ပြုပြင်ရမည် ဖြစ်သည်။ ရေသွယ်မြောင်း မရှိပါက မြောင်းဖောက်ရမည်ဖြစ်ပြီး မြောင်းများမကောင်းပါက ရေများ စိမ့်၍ လေလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သည့်အတွက် ပြုပြင်ရမည်ဖြစ်သည်။ သို့မဟုတ်ပါက ပြည်သူ့ဘဏ္ဍာငွေများကို အသုံးပြုပြီးတည်ဆောက်ခဲ့သော ဆည်များ၏တန်ဖိုးကို အသုံးမချနိုင်၍ ပြည်သူနှင့်နိုင်ငံတော်တို့တွင် ဆုံးရှုံးမှုဖြစ်ပေါ်စေသည့်အတွက် သတိချပ်စေလိုပါသည်။

**"ရေသွယ်မြောင်း မရှိပါက မြောင်းဖောက်ရမည်ဖြစ်ပြီး မြောင်းများမကောင်းပါက ရေများစိမ့်၍ လေလွင့်ဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သည့်အတွက် ပြုပြင်ရမည်ဖြစ်သည်။ သို့မဟုတ်ပါက ပြည်သူ့ဘဏ္ဍာငွေများကို အသုံး ပြုပြီးတည်ဆောက်ခဲ့သော ဆည်များ၏ တန်ဖိုးကို အသုံးမချနိုင်၍ ပြည်သူနှင့်နိုင်ငံတော်တို့တွင် ဆုံးရှုံးမှုဖြစ်ပေါ်စေသည့်အတွက် သတိချပ်စေလိုပါသည်"**

ယမန်နှစ်က ပဲဈေးကွက် ကမောက်ကမဖြစ်၍ ပဲစိုက်တောင်သူများ ဆုံးရှုံးနစ်နာမှုများစွာ ကြုံတွေ့ရသလို နိုင်ငံတော်အတွက်လည်း ဆုံးရှုံးမှုများ ဖြစ်ပေါ်ရသည်။ ပဲစိုက်ရာသီတွင် ရေရရှိသော လယ်မြေများ၌ နွေစပါးစိုက်ပျိုးနိုင်ကြသူများ အနေဖြင့် အဆင်ပြေစွာ ဆောင်ရွက်နိုင်ခဲ့ ကြသည်။ အထူးသဖြင့် ဆည်ရေ၊ ချောင်းရေကို အသုံးပြုနိုင်ခြင်းကြောင့် ဖြစ်ပါသည်။ ထို့ကြောင့် ပဲစိုက်ရာသီတွင် ပဲစိုက်သည့်လယ်မြေများကို ရေရရှိအောင်လုပ်ဆောင်ပေးမည်ဆိုပါက နွေစပါးကောင်း၍ တောင်သူလယ်သမားများလည်း အကျိုးရှိ၊ နိုင်ငံတော်အတွက်လည်း အကျိုးရှိမည်ဖြစ်ပြီး ပြည်တွင်းစားသုံးမှု ဖူလုံရုံသာမက ပြည်ပသို့ပါ တင်ပို့နိုင်မည်ဖြစ်သည်။ ထုတ်ကုန်တိုးတက်ပြီး ဝင်ငွေတိုးတက်ရရှိမည်ဖြစ်သည်။

ထို့အပြင် ဆည်ရေသောက်စနစ် တည်ဆောက်ထားပြီး ရေသွယ်မြောင်းများမှလည်း ကောင်းမွန်စွာ ရေရရှိလျှင် မိုးကောင်းသောက်လယ်များအနေဖြင့် မိုးခေါင်လျှင်လည်း ပူပန်ရန် မလိုတော့ဘဲ ဆည်ရေကို အသုံးပြုခြင်းဖြင့် စပါးအောင်ရေရရှိ၍ အကျိုးရှိမည်ဖြစ်သည်။

### မြေနှင့်ရာသီဥတုကို ရေက ပါဝင်ဖြည့်စွက်

ဆည်ရေသောက်စနစ်ကောင်းအောင် ပြုလုပ်ထားသည့် သာဓကများမှာ သဖန်းဆိပ်ဆည်ကြီး၏ အကျိုးကျေးဇူးကို စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်အတွင်းက တောင်သူလယ်သမားများ များစွာအကျိုးခံစားနေရပြီး ဖြစ်သည်။ ထူးခြားမှုနှင့် စိတ်ဝင်စားစရာအကောင်းဆုံးမှာ ရွှေဘိုပေါ်ဆန်းမွှေးသည် ဧရာဝတီတိုင်းဒေသကြီးထွက် ဖျာပုံပေါ်ဆန်းမွှေးထက် အရည်အသွေးသာလွန်၍ ဈေးကောင်းရရှိနေပြီး ရောင်းမလောက်အောင်ပင် ဈေးကွက်ကောင်းလျက်ရှိသည်။ ယခုနှစ်တွင် ရွှေဘိုပေါ်ဆန်းစပါး တစ်တင်းဈေးမှာ တစ်သောင်းကျော်၊ တင်း ၁၀၀ လျှင် ၁၀ သိန်းကျော် ဈေးရရှိနေပြီဖြစ်သည်။ မြေနှင့်ရာသီဥတုကို ရေက ပါဝင်ဖြည့်စွက်ပေးလိုက်သည်နှင့် တန်ဖိုးတက်လာရခြင်း ဖြစ်သည်။ ထို့ကြောင့်ရေရရှိရေး၊ ဆည်ရေသောက်စီမံကိန်းများ အပြီးသတ်ရေးနှင့် တိုးချဲ့ရေးကို စဉ်ဆက်မပြတ် ကြိုးစားရမည်ဟု ယူဆပါသည်။

ယခုလေ့လာတွေ့ရှိရသလောက် ဆည်တည်ဆောက်ပြီးသော်လည်း ရေသွယ်မြောင်းစနစ် မပြီးသေးသည့် ဆည်ရေသောက်စနစ်စီမံကိန်းများအနက် အောက်ပါထင်ရှားသော စီမံကိန်းများ ပါဝင်ကြောင်း သိရပါသည်-

(က) ရဲနွယ်ဆည်ရေသောက်စနစ်၊
(ခ) ဖြူးချောင်းဆည်ရေသောက်စနစ်၊
(ဂ) ကွန်းချောင်းရေလွှဲဆည်ရေသောက်စနစ်၊
(ဃ) မြစ်သာဆည်ရေသောက်စနစ်၊
(င) မဒန်းဆည်ရေသောက်စနစ်။

အထက်ပါ ဆည်ရေသောက်စနစ်များ အားလုံးပြီးစီးသွားပါက လယ်ဧကစုစုပေါင်း နှစ်သိန်းခန့်ကို အကျိုးပြုနိုင်မည်ဖြစ်သည်။

လေ့လာရသလောက် ဆည်ရေသောက်စနစ်မှ ထွက်ပေါ်လာမည့် နွေစပါးစိုက်ပျိုးခြင်းဖြင့် တစ်ဧကတွင် စပါးတင်း ၁၀၀ ခန့်၊ တစ်ဧကအမြတ်ငွေကျပ် နှစ်သိန်းမှ သုံးသိန်းခန့်အထိ ရှိနိုင်မည်ဖြစ်ပြီး စုစုပေါင်းဧက နှစ်သိန်းတွင် စပါးတင်းပေါင်း သန်း ၂၀ ခန့်ထွက်ရှိပြီး အမြတ်ငွေကျပ် သန်း ၄၀ ဘီလီယံမှ ၆၀ ဘီလီယံခန့်အထိ ရရှိနိုင်မည်ဖြစ်သည်။ ရရှိနိုင်မည့် အကျိုးအမြတ်များကို တွက်ချင့်ပြီး စီမံကိန်းအပြီးသတ်ရေးအတွက် ဆက်လက်ဆောင်ရွက်သင့်သည်။

### ဘက်ပေါင်းစုံမှ ပါဝင်ကြရန်လို

မြန်မာ့ဆန်စပါးကို ဝယ်ယူမည့် ဈေးကွက်လည်းရှိပြီးဖြစ်၍ လွန်ခဲ့သည့် နှစ် ၇၀ ခန့်က ကဲ့သို့ မြန်မာနိုင်ငံက ပြည်ပသို့ ဆန်အများဆုံးတင်ပို့နိုင်ခဲ့သည့် အခြေအနေကို ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။ ပြည်တွင်း ဆန်စပါးဈေးကောင်းချိန်၊ ပြည်ပဝယ်လိုအားရှိနေချိန်တွင် ဘက်ပေါင်းစုံမှ ပါဝင်ကြရန်လိုမည်။

ထို့ကြောင့် ဆန်စပါးအထွက်တိုးစေရန်အတွက် ဆည်ရေပံ့ပိုးပေးနိုင်ရန် ရေသွယ်မြောင်းစနစ်များကို စနစ်တကျစိစစ်ဆောင်ရွက်ပါက စိုက်ပျိုးထုတ်လုပ်သူ ပြည်သူများလည်း အကျိုးရှိ၊ နိုင်ငံတော်အတွက်လည်း အကျိုးရှိကာ စီးပွားရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ပါသည်။

အမှန်တကယ်တွင်မူ "စိုက်ပျိုးရေ" ကို မည်သည့်သီးနှံမဆို အလိုအပ်ဆုံးဖြစ်သည်။ ထိုလိုအပ်ချက်ကို ရေသောက်စနစ်များက ဖြည့်ဆည်းပေးကြရမည်ဖြစ်ရာ မြန်မာနိုင်ငံအတွက် အကျယ်ပြန့်ဆုံးနှင့် အထိရောက်ဆုံး ဆောင်ရွက်ပေးနိုင်မည်မှာ ဆည်ရေသောက်စနစ်ဖြစ်သည်။ တည်ဆောက်ပြီးဆည်များမှ ဆည်ရေသောက်စနစ်စီမံကိန်းများကို ပြီးမြောက်အောင်ဆောင်ရွက်ပြီး စိုက်ပျိုးသူတောင်သူလယ်သမားများနှင့် နိုင်ငံတော်အတွက် စိုက်ပျိုးထုတ်လုပ်မှု တိုးမြှင့်လာမည်ကို စောင့်မျှော်လျက်ရှိပါသည်။ သို့ပါ၍ စိုက်ပျိုးရေးတွင် ရေရရှိရေးသည် အလိုအပ်ဆုံးသော အကြောင်းအရင်းတစ်ခုဖြစ်လျှင် ရေသောက်စနစ်စီမံကိန်းများ အပြီးသတ်ရေးနှင့် တိုးချဲ့ရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်ရမည်ဟု အဓိပ္ပာယ်ရရှိပါသည်။ ။

## မှုခင်းစီမံခန့်ခွဲမှုအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရေး တိုင်းဒေသကြီးအဆင့်ဌာနအဖွဲ့အစည်းများနှင့် ဆွေးနွေး

**ပဲခူး ဇူလိုင် ၁၆**

မှုခင်းစီမံခန့်ခွဲမှု အစီအစဉ် Case Management Program (C.M.P) အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် တိုင်းဒေသကြီးအဆင့်ဌာန အဖွဲ့အစည်းများနှင့် ဆွေးနွေးပွဲကို ပဲခူးမြို့ မြို့တော်ခန်းမတွင် ဇူလိုင် ၁၆ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။



အခမ်းအနားတွင် ဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားခဲ့ပြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ က မှုခင်းစီမံခန့်ခွဲမှု အစီအစဉ်ကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေ၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး / ခရိုင် / မြို့နယ်အဆင့် တာဝန်ရှိသူများ၊ တရားရေးဝန်ထမ်းများ၊ ဥပဒေအရာရှိများနှင့်ရှေ့နေများ၊ အထောက်အကူပြု အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန့်စင် (ပဲခူး)**

## မိုင်းပျဉ်းမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေး

**မိုင်းပျဉ်း ဇူလိုင် ၁၆**

ရှမ်းပြည်နယ် အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ စိုက်ပျိုးရေး၊ မွေးမြူရေးကုန်ထုတ်လုပ်ရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းများ လုပ်ကိုင်နိုင်ရန် မြစိမ်းရောင်ရန်ပုံငွေ ပေးအပ်ပွဲကို ဇူလိုင်လ ဒုတိယပတ်က မြို့နယ်ကျေးလက်ဦးစီးဌာနမြို့နယ်ရုံး၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ဝင်းမြင့်က မှုခင်းကျဆင်းရေးနှင့် ဥပဒေပိုင်းဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်က မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးက စီမံကိန်းဝင် ကျေးရွာများဖြစ်သော ဝမ်ပုံနှင့် ဝမ်လုံကျေးရွာများမှ တာဝန်ခံများအား မြစိမ်းရောင် ကျေးရွာရန်ပုံငွေကျပ်သိန်း ၃၀၀ တို့ကိုပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့်ပတ်သက်သည့် လက်စွဲစာအုပ်များကို ပေးအပ်ခဲ့သည်။

ယင်းကဲ့သို့ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေပေးအပ်ရခြင်းကြောင့် ဝမ်ပုံနှင့် ဝမ်လုံကျေးရွာနှစ်ရွာရှိအိမ်ခြေ ၉၅ လုံး၊ လူဦးရေ ၅၁၀ အား လူမှုဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

## ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်း စကားပြောပြိုင်ပွဲ နောင်ချိုတွင် ကျင်းပ

**နောင်ချို ဇူလိုင် ၁၆** - (၇၁) နှစ်မြောက် အာဇာနည်နေ့အကြို ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းစကားပြောပြိုင်ပွဲကို ဇူလိုင် ၁၄ ရက်က နောင်ချိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာကြည့်တိုက်၌ ကျင်းပရာ မြို့ပေါ်ကျောင်းတို့မှ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲသို့ မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းထွေးနှင့် ပြိုင်ပွဲဝင်ကော်မတီအဖွဲ့တို့က ကြီးကြပ် ဆောင်ရွက်ပေးသည်။ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရ ကျောင်းသား ကျောင်းသူများအား ထိုက်တန်စွာ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ဗိုလ်ချုပ်အောင်ဆန်းပုံတူ ပန်းချီပြိုင်ပွဲကိုလည်း ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

# ဇာတိချက်ကြွေ ကျိုက်လတ်မြေသို့

**မောင်သာ(ရွှေးဟောင်းသုတေသန)**

လွန်ခဲ့သော နှစ် ၄၀ ကျော်က ထွက်ခွာခဲ့သည့် ဇာတိမြေသို့ ပြန်မရောက်ဖြစ်ခဲ့သည်မှာ ၁၁ နှစ်ကျော်ခဲ့ပါပြီ။ ကျွန်တော်၏မွေးရပ်မြေဖြစ်သည့် ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်းရှိ ကျိုက်လတ်မြို့သည် ဓမ္မပါလမြို့ဟု ထင်ရှားခဲ့ရာ ပါဠိဝေါဟာရ ဓမ္မသည် ဗုဒ္ဓဘုရားရှင်၏တရားတော်၊ ပါလသည် ထိန်းသိမ်းစောင့်ရှောက်ခြင်းဟု အဓိပ္ပာယ်ရှိသည်။ လယ်တီဆရာတော်ဘုရား အရှင်ဉာဏသည် မြန်မာသက္ကရာဇ် ၁၂၆၄ ခုနှစ်တွင် ကျိုက်လတ်မြို့သို့ကြွရောက်ခဲ့စဉ် နွားသားရှောင်ကြဉ်ရေးတရားတော်ကို ဟောကြားခဲ့ပြီးနောက် ကျိုက်လတ်တစ်မြို့လုံး အမဲသားကိုမစားဘဲ ရှောင်ကြဉ်ခဲ့ကြသဖြင့် နွားသတ်လိုင်စင်ပိတ်ခဲ့ရသည်ဟုလည်း ကျော်ကြားခဲ့ပေသည်။

ကျိုက်လတ်မြို့သည် မဟာဂီတဦးပြုံးချို၊ ဒါရိုက်တာဦးသုခ၊ စာရေးဆရာ ဒဂုန်တာရာ၊ ဆိုင်းပညာရှင် စိန်ဗိုလ်တင့်စသည့် စာပေနှင့် အနုပညာရှင်များ၏ ဇာတိချက်ကြွေမွေးရပ်မြေလည်း ဖြစ်ခဲ့သည်။

### ဘုရားပြို ကျိုက်လတ်

ပြည်ထဲရေးဝန်ကြီးဌာန၏ မှတ်တမ်းများနှင့် မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြချက်များအရ ကျိုက်လတ်မြို့ကို ခရစ်နှစ် ၁၈၄၀ ပြည့်နှစ်တွင် ဧရာဝတီတိုင်းနှင့် ပဲခူးတိုင်းတို့မှ ရောက်ရှိလာသည့် မွန်လူမျိုးများက တည်ထောင်ခဲ့သည်ဟု ဆိုသည်။ ထိုစဉ်က ကျေးရွာကြီးတစ်ရွာဖြစ်ခဲ့သည့် ကျိုက်လတ်၏ အနောက်ဘက် (ယခု (၆) ဖြတ်လမ်းနှင့် (၇)ဖြတ်လမ်းအကြား ဗိုလ်ချုပ်လမ်းနေရာ)တွင် ဉာဏ်တော်ကိုးတောင်ရှိသည့် စေတီတစ်ဆူရှိခဲ့သည်။ ယင်းစေတီသည် ရေတိုက်စားမှုကြောင့် မြစ်ကမ်းပါးနှင့်အတူ ပြိုကျခဲ့သဖြင့် မွန်ဘာသာစကားဖြင့် ကျိုက်လှိုက်(ဘုရားပြို)ရွာဟု ခေါ်တွင်ခဲ့ရာမှ ကာလရွေ့လျောလာချိန်တွင် ကျိုက်လတ်ဟု ပြောင်းလဲခဲ့ကြောင်း ရေးသားခဲ့သည်။

ကျိုက်လတ်သည် ဘုရားပြိုဟုအဓိပ္ပာယ်ရှိကြောင်း အများက လက်ခံထားပြီးဖြစ်သော်လည်း ဘုရားပြိုကျသည့်နေရာသည် မူကွဲများရှိနေခဲ့သည်။ ကျိုက်လတ်မြို့ ကွင်းပေါက်ပိုင်းဟု ခေါ်ဆိုသည့် ယခု အမှတ်(၅)ရပ်ကွက်သည် ရှေးအခါက ဖိုးတောကုန်းအရပ်ဖြစ်ခဲ့ပြီး ယခု ၁၀ ဖြတ်လမ်းနှင့် ၁၁ ဖြတ်လမ်း နေရာသည် အုန်းတောပိုင်းဖြစ်သည်။ ယင်းနေရာနှစ်ခုကိုပိုင်းခြားထားသည့် ချောင်းငယ်ကို အုန်းတောတံတားဖြင့် ဆက်သွယ်ထားခဲ့ရာ တံတား၏လက်ယာဘက်တွင် ပြိုကျနေသည့် အုတ်စေတီဟောင်းတစ်ဆူရှိခဲ့သဖြင့် ယင်းစေတီကို အစွဲပြုလျက် ကျိုက်လိုက်ဟု ခေါ်ဆိုခဲ့ကြောင်းလည်း ပြောဆိုခဲ့ကြသည်။

ကျိုက်လတ်မြို့၏ အရှေ့ဘက်ဆုံးနေရာဖြစ်သည့် ချွန်းထိပ်ဟုခေါ်ဆိုကြသော မြစ်သုံးခွဆိုင်၏ ကျိုက်လတ်ဘက်ကမ်းတွင်လည်း ရေထဲသို့ ပြိုကျနေသည့်စေတီတစ်ဆူ ရှိခဲ့သည်။ ယင်းနေရာသည် မအူပင်၊ ဒေးဒရဲ၊ တွံတေး၊ ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်း၊ ဝါးခယ်မ စသည့် ဒေသများသို့ သွားရောက်သည့် လှေသမ္ဗန်များ ရပ်နားသည့်နေရာဖြစ်ခဲ့သည်။ လှေသမ္ဗန်များဖြင့် သွားလာကြသည့် မွန်လူမျိုးများသည် ဘုရားပြိုသည့်နေရာတွင်နားကာ ရေစောင့်ကြသဖြင့် ယင်းနေရာကို ဘုရားပြိုနေရာ ကျိုက်လတ်ဟု အမှတ်အသားပြုခဲ့ကြကြောင်းလည်း မှတ်သားခဲ့ရပေသည်။

### သမိုင်းထဲက ကျိုက်လတ်မြေ

ခရစ်နှစ် ၁၈၆၁ ခုနှစ်တွင် ကျိုက်လတ်ကို မြို့အဖြစ်ထူထောင်ခဲ့ကာ ၁၈၉၂ ခုနှစ်တွင် အင်္ဂလိပ်လူမျိုး မြို့အုပ် မစ္စတာမက္ကဆွဲနှင့် အတွင်းရေးမှူး ဦးစိန်ထူးတို့က မြို့ကွက်ရိုက်ခဲ့သည်။ မအူပင်မြို့အနီးတွင် ဧရာဝတီမြစ်မှခွဲထွက်ခဲ့သည့် ပန်းတပွတ်မြစ်ကမ်းပေါ်တွင် တည်ထားပြီး ၂၇၄ ဒသမ ၁၁၂ စတုရန်းမိုင်ကျယ်ဝန်း၍ ရပ်ကွက်ခြောက်ခု၊ ကျေးရွာအုပ်စု ၈၇ အုပ်စု၊ ကျေးရွာ ၄၂၁ ရွာဖြင့် ဖွဲ့စည်းထားသည့် ကျိုက်လတ်မြို့နယ်တွင် ကျိုက်လတ်မြို့သည် ၁ ဒသမ ၂၂ မိုင်သာ ကျယ်ဝန်းသည့် မြို့ငယ်လေးတစ်ခုဖြစ်ပေသည်။ ကျိုက်လတ်မြို့နယ်၏ အရှေ့ဘက်တွင် ဒေးဒရဲမြို့နယ်၊ အနောက်ဘက်တွင် ဝါးခယ်မနှင့် မော်လမြိုင်ကျွန်းမြို့နယ်၊ တောင်ဘက်တွင် ဖျာပုံမြို့နယ်နှင့် မြောက်ဘက်တွင် မအူပင်မြို့နယ်တို့ တည်ရှိနေကြသည်။

ခရစ်နှစ် ၁၈၇၅ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် သုံးခွခရိုင်တွင် ကျိုက်လတ်မြို့နယ်သည် မအူပင်မြို့နယ်နှင့်အတူ ပါဝင်ခဲ့သည်။ ၁၉၀၃ ခုနှစ်တွင် ဖျာပုံခရိုင်ကို ဖွဲ့စည်းခဲ့ချိန်တွင် ကျိုက်လတ်မြို့နယ်သည် ဖျာပုံခရိုင်အတွင်း ပါဝင်ခဲ့သည်။ ၁၉၀၀ ပြည့်နှစ်တွင် ကျိုက်လတ်မြို့ကော်မတီကို ဖွဲ့စည်း၍ ၁၉၀၅ ခုနှစ်တွင် မြူနီစီပယ်အဖွဲ့ကို ဖွဲ့စည်းကာ ၁၉၀၅ ခုနှစ် မေ ၂၇ ရက်တွင် မြူနီစီပယ်နှင့် ဒေသန္တရအဖွဲ့က မြို့အဖြစ်သတ်မှတ်ခဲ့သည်။

မြစ်ချောင်းများပေါများပြီး မြေပြန့်ဒေသတစ်ခုဖြစ်သည့် ကျိုက်လတ်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၁၆ ဒသမ ၅၃ ပေမြင့်ကာ မြို့နယ်ကုန်းမြေကို မြစ်ချောင်းများက ဝိုင်းပတ်နေသည့်တိုင် ရေကြီးရေလျှံမှုများ ဖြစ်ခဲလှပေသည်။

သို့သော် သဘာဝလေပြင်းမုန်တိုင်းဒဏ်ကို ၁၉၇၂၊ ၁၉၇၆၊ ၂၀၀၆ ၊ ၂၀၀၈ ခုနှစ်များတွင် ရင်ဆိုင်ခဲ့သဖြင့် လူနှင့်တိရစ္ဆာန်များ သေဆုံးခဲ့ရပြီး အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့သည်။ နှစ်စဉ် မိုးရေချိန် လက်မ ၁၀၀ အထက် ရွာသွန်းလေ့ရှိသည့် ကျိုက်လတ်မြို့နယ်တွင် စပါးကို အဓိကစိုက်ပျိုးပြီး အုန်းသီး၊ ကွမ်းသီး၊ ကွမ်းရွက်၊ ငှက်ပျောနှင့် သရက်များလည်း ထွက်ရှိသည်။ ဆန်စပါးအများဆုံးထွက်ရှိသဖြင့် မြို့နယ်အတွင်း၌ ဆန်စက်ကြီး ၄၃ လုံးနှင့် တစ်နိုင်တစ်ပိုင်ကြိတ်ခွဲသည့် ဟာလာဆန်စက် ၂၀၂ လုံးရှိကာ စပါးများကိုကြိတ်ခွဲ၍ ထွက်ရှိသည့်ဆန်များကို ရန်ကုန်နှင့် အညာဒေသများသို့ တင်ပို့သည်။ မြန်မာနိုင်ငံ၏ စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် ကျိုက်လတ်မြို့နယ်က နှစ်စဉ် မိုးစပါးနှင့် နွေစပါးတင်းပေါင်း သန်း ၂၀ ကျော် ထုတ်လုပ်ပေးလျက်ရှိသည်။ မြို့နယ်အတွင်းရှိ ငါးမွေးကန် ၇၉ ကန်မှလည်း နှစ်စဉ် ငါးပိဿာ ၁၀ သိန်းကျော် ထုတ်လုပ်လျက်ရှိပေသည်။

ကျိုက်လတ်မြို့သည် အရှေ့အနောက်ရှည်လျားသည့် မြို့တစ်မြို့ဖြစ်ပြီး အရှေ့မှအနောက်သို့ လမ်းမရှည်လေးခု ဖောက်လုပ်ခဲ့ရာ ကမ်းနားလမ်း (ယခု ဗိုလ်ချုပ်လမ်း)၊ ဦးစန္ဒာလမ်း၊ ဦးပြုံးချိုလမ်းနှင့် မက္ကဆွဲလမ်းဟု အမည်ပေးခဲ့သည်။ ဦးစန္ဒာသည် ကျိုက်လတ်မြို့မှ ဆေးဆရာကြီးဖြစ်သကဲ့သို့ ဦးပြုံးချိုသည် မဟာဂီတဦးပြုံးချိုဖြစ်ကာ မက္ကဆွဲသည် ကျိုက်လတ်ကို မြို့ကွက်ချခဲ့သည့် မြို့အုပ်ဖြစ်သည်။ ၂၀၁၇ ခုနှစ် မတ်လ စာရင်းများအရ ကျိုက်လတ်မြို့နယ်၏ လူဦးရေ ၁၉၂၃၉၂ ဦးတွင် ဗမာနှင့် ကရင်လူမျိုးများက အများဆုံးဖြစ်သည်။

၁၉၉၇ ခုနှစ်မတိုင်မီအထိ ကျိုက်လတ်မြို့နယ်သူနယ်သားများသည် သယ်ယူပို့ဆောင်သွားလာရေးတွင် ရေလမ်းကိုသာ အသုံးပြုခဲ့ကြရသည်။ ရေလမ်းကြောင်းအတိုင်း ရန်ကုန်မြို့မှ ၄၈ မိုင်၊ မအူပင်မြို့မှ ၁၆ မိုင်၊ မော်လမြိုင်ကျွန်းမြို့မှ ၄၅ မိုင် ကွာဝေးသည့် ကျိုက်လတ်မြို့ကို ဖြတ်သန်း၍ ရန်ကုန်-မအူပင်-ကျိုက်လတ်-ဖျာပုံ-ဘိုကလေး မော်တော်ကားလမ်းကို ၁၉၉၇ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီးနောက် ယခုအချိန်တွင် ရေလမ်းကြောင်းကို ကုန်စည်ပို့ဆောင်ရေးအတွက်သာ အသုံးပြုကြပြီး ကုန်းလမ်းဖြင့်သာ သွားလာလျက်ရှိနေကြပေသည်။

မြို့နယ်အတွင်း စက်မှုသိပ္ပံကျောင်းတစ်ကျောင်း၊ အထက်တန်းကျောင်းကိုးကျောင်း၊ အလယ်တန်းကျောင်း ၂၉ ကျောင်း၊ မူလတန်းကျောင်း ၁၇၉ ကျောင်း ဖွင့်လှစ်ထားသည်။ ကျိုက်လတ်မြို့ပေါ်ရှိ ခုတင်(၅၀) ဆံ့ ပြည်သူ့ဆေးရုံ၊ မြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံတစ်ရုံနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၄၁ ခုက ဒေသနေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိနေသည်။ ကျိုက်လတ်မြို့နယ်တစ်ခုလုံး၌ ဘုရားစေတီပေါင်း ၅၂၃ ဆူရှိသည့်အနက် ကျိုက်လတ်မြို့ပေါ်ရှိ တိလောကမာရဇိန်၊ စန္ဒာမုနိနှင့် ရပ်တော်မူဘုရားတို့သည် အထူးထင်ရှားကြပေသည်။

### တိလောကမာရဇိန်

ကျိုက်လတ်မြို့ (၇)ဖြတ်လမ်းအဆုံးတွင် တည်ရှိသည့် တိလောကမာရဇိန်ဘုရားသည် ကျိုက်လတ်မြို့ဂုဏ်ဆောင် ဘုရားကြီးဖြစ်ကာ မှတ်တမ်းများအရ တိလောကမာရဇိန်ရုပ်ပွားတော်ကြီးကို မြန်မာသက္ကရာဇ် ၁၂၅၂ ခုနှစ် နှောင်းကဆုန်လဆန်း ၁ ရက်(ခရစ်နှစ် ၁၈၉၁ ခုနှစ် ဧပြီ ၇ ရက်) အင်္ဂါနေ့တွင် သွန်းလုပ်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၂၅၃ ခုနှစ် နှစ်ဆန်း ၁ ရက်သည် ကဆုန်လဆန်း ၉ ရက်(၁၈၉၁ ခုနှစ် ဧပြီ ၁၅ ရက်) ဗုဒ္ဓဟူးနေ့တွင် ကျရောက်ခဲ့သဖြင့် ဘုရားကြီးသွန်းလုပ်ခဲ့သည့်လကို နှောင်းကဆုန်လဟု မှတ်သားခဲ့ကြသည်။ တိလောကမာရဇိန်ရုပ်ပွားတော်ကို ဦးရန်ရှင်းအမှူးပြုသည့် ဥပသကာ ၅၆ ဦး၏ အစီအမံဖြင့် ကြေး ၄၆၇၀ ပိဿာ ၅၀ ကျပ်သား၊ ရွှေ ၆၃ ကျပ်သား၊ ငွေ ၂၄ ပိဿာ ၆၃ ကျပ်သားအသုံးပြု၍ သွန်းလုပ်ခဲ့သည်။ ရုပ်ပွားတော်သည် ဉာဏ်တော် ၉ တောင် ၁၆ လက်မရှိကာ ကြေးသွန်းခ ငွေဒင်္ဂါး ကျပ် ၈၇၀၀ ပေးချေခဲ့ရသည်။

ရုပ်ပွားတော်ကို လက်ရှိသီတင်းသုံးနေသည့် ပလ္လင်တော်သို့ မပင့်ဆောင်မီ ပစ္ဆိမာရုံကျောင်းတိုက်အဓိပတိ ပဝရမဟာဓမ္မရာဇာဓိရာဇဂုရု ဘွဲ့တံဆိပ်တော်ရ သတ္တမရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီး အမှူးပြုသော ရဟန်းသံဃာတော်များက အနေကဇာတင်တော်မူခဲ့ကြသည်။ ရွှေကျင်ဂိုဏ်းသာသနာပိုင် ဆရာတော်ကြီးက ရုပ်ပွားတော်ကြီး၏ ဘွဲ့နာမတော်ကို လောကသုံးပါး၏ မာန်ဟူသမျှအား အောင်မြင်တော်မူသောဘုရားဟူသည့် အဓိပ္ပာယ်ဖြင့် တိလောကမာရဇိန်ဟု မှည့်ခေါ်ခဲ့သည်။

တိလောကမာရဇိန်ဘုရား၏ တန်ဆောင်းများသည် ကြီးမားကျယ်ဝန်းကာ သံဃာတော် အပါး ၅၀၀၀ ကို တစ်ပြိုင်တည်းဆွမ်းကပ်နိုင်သည့် အကျယ်အဝန်းရှိသည်။ တောင်ဘက်သို့မျက်နှာမူထားသည့် တိလောကမာရဇိန်ဘုရား၏ စောင်းတန်းအရှေ့ဘက်တွင် ပုဗ္ဗာရုံ၊ အနောက်ဘက်တွင် ပစ္ဆိမာရုံ၊ မစိုးရိမ်နှင့် ညောင်ငူဘုန်းတော်ကြီးကျောင်းတို့တည်ရှိကာ ဘုရားကြီးပရိဝုဏ်အပြင် မြောက်ဘက်တွင် ဒက္ခိဏာရုံ၊ ဇေတဝန်ကျောင်းတို့ တည်ရှိနေကြသည်။

ပုဗ္ဗာရုံဆရာတော်သည် တိလောကမာရဇိန်ဘုရား ကမ္ပည်းကျောက်စာကို မြန်မာသက္ကရာဇ် ၁၂၇၂ ခုနှစ်တွင် ရေးသားခဲ့ပြီး ၁၂၇၂ ခုနှစ်တွင် ရန်ကုန်မြို့သာသနာလင်္ကာရပိဋကတ်ပုံနှိပ်တိုက်က ပထမအကြိမ်နှင့် ၁၃၀၄ ခုနှစ်တွင် ဘထွေးပုံနှိပ်တိုက်က ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ယင်းကမ္ပည်းစာကို ကျောက်ထက်အက္ခရာတင်၍ ၁၉၉၆ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ဘုရားကြီးဝင်းအတွင်း၌ စိုက်ထူခဲ့သည်။

### စန္ဒာမုနိနှင့် မတ်ရပ်တော်

ကျိုက်လတ်မြို့ရှိ ထင်ရှားသော ဘုရားတစ်ဆူဖြစ်သည့် စန္ဒာမုနိရုပ်ပွားတော်သည် (၅)ဖြတ်လမ်းပေါ်တွင် တည်ရှိပြီး မြန်မာသက္ကရာဇ် ၁၂၈၁ ခုနှစ် နတ်တော်လဆန်း ၁ ရက်(ခရစ်နှစ် ၁၉၁၉ ခုနှစ်၊ နိုဝင်ဘာ ၂၂ ရက်)စနေနေ့တွင် ကျိုက်လတ်မြို့တစ်ဖက်ကမ်းရှိ ရွှေသားချောင်းကျေးရွာမှ ဦးထွန်းနှင့် ဒေါ်စုတို့က တည်ထားကိုးကွယ်ခဲ့သည်။ စန္ဒာမုနိဘုရားတည်ထားမည့် မြေနေရာကို အင်္ဂလိပ်လူမျိုး ဖျာပုံခရိုင်အရေးပိုင်နှင့် မြန်မာအရေးပိုင် ဦးငွေကိုင်တို့က ဘုရားဝတ္တကမြေအဖြစ် သတ်မှတ်ပေးခဲ့သည်။ အလှူရှင်ဇနီးမောင်နှံသည် မန္တလေးမြို့သို့ သွားရောက်၍ ဆင်းတုတော်ထုလုပ်မည့် ကျောက်တုံးနှင့် ထုလုပ်မည့်ပန်းပုဆရာများကို ကျိုက်လတ်မြို့သို့ ခေါ်ဆောင်လာခဲ့သည်။

ဉာဏ်တော် ခုနစ်ပေခြောက်လက်မနှင့် ကိုယ်လုံးတော် ခုနစ်ပေရှိသည့် ထိုင်တော်မူ ရုပ်ပွားတော်ကြီးကို ဘုရားဝတ္တကမြေအတွင်း၌ တစ်နှစ်ကြာ ထုလုပ်ခဲ့ရသည်။ ရုပ်ပွားတော်ကြီးသည် အနောက်ဘက်သို့မျက်နှာမူကာ စန္ဒာမုနိဘွဲ့အမည်ဖြင့် သီတင်းသုံးလျက်ရှိနေပေသည်။ စန္ဒာမုနိသည် လရောင်ကဲ့သို့တင့်တယ်ထွန်းပသော ဘုရားရှင်ဟု အဓိပ္ပာယ်ရှိသည်။



အလှူရှင်မိသားစုများ မရှိတော့ချိန်တွင် စန္ဒာမုနိဘုရား၏ ဩဝါဒါစရိယဆရာတော်ကြီးများဖြစ်ကြသည့် ဦးကဝိနှင့် ကျိုက်ဝိုင်းဆရာတော် ဦးဣန္ဒကတို့ ဦးစီး၍ ဓမ္မကထိကများဖြစ်ကြသည့် ဦးလှသိန်း၊ ရတနာပုံဆရာချစ်တို့က ပထမအကြိမ် ပြုပြင်မွမ်းမံခဲ့ကြသည်။ ၁၃၂၆ ခုနှစ်တွင် ဦးကဝိနှင့် ဦးဣန္ဒကတို့က ဘုရားကြီးကို ဒုတိယအကြိမ် ပြုပြင်မွမ်းမံခဲ့ကြပြီး ခရစ်နှစ် ၁၉၉၇ ခုနှစ် စက်တင်ဘာ ၉ ရက်တွင် အလှူရှင်အများ၏ကောင်းမှုကို ပေါင်းစု၍ တတိယအကြိမ် ဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်မှုများကို ဆောင်ရွက်ခဲ့သည်။

ကျိုက်လတ်မြို့ရှိ ထင်ရှားသော ဘုရားတစ်ဆူဖြစ်သည့် ရပ်တော်မူ ရုပ်ပွားတော်သည် (၂) ဖြတ်လမ်းပေါ်တွင်တည်ရှိကာ ဉာဏ်တော် ၁၈ တောင် မြင့်သည်။ ရပ်တော်မူဘုရားကြီး သမိုင်းကျောက်စာအရ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် ‘တစ်ဆယ့်ရှစ်တောင်အား ဉာဏ်တော်ထား၊ မြတ်စွာဘုရားကြွတော်မူ၊ ကံထူး ကြာဖူး ထိုနှစ်ဦး ကြီးမှူးဒကာယူ’ ဟု တဘောင်ပေါ်ခဲ့ပြီး ၁၁ လအကြာတွင် ထိပ်ဝအချင်း ကိုးတောင်တစ်ထွာ (၁၄ ပေ သုံးလက်မ) ရှိသည့် ကြီးမားသော ကျွန်းသစ်လုံးတစ်ခုသည် ဘုရားကြီး မြောက်ဘက်ရှိ ယခုပတ္တမြားဆန်စက်နှင့် ရှမ်းကျောင်းအကြားရှိ ချောင်းအတွင်းသို့ရေစီးဖြင့် မျောပါ ရောက်ရှိလာခဲ့သည်။ ယင်းကျွန်းလုံးကြီးကို ချောင်းငယ်အတွင်းမှ တွန်းထုတ်ခဲ့ကြသော်လည်း မူလနေရာသို့ပြန်လည်ရောက်ရှိနေသဖြင့် ဦးကံထူးနှင့် ဦးကြာဖူးအမည်ရှိ အလှူရှင်နှစ်ဦးက မန္တလေးမြို့မှ ပန်းပုဆရာ ဦးလွန်းနှင့် တပည့်နှစ်ဦးတို့အား ခေါ်ယူ၍ လက်ရှိ ရပ်တော်မူရုပ်ပွားတော်ကို ထုလုပ်စေခဲ့ရာ လေးနှစ်ကြာခဲ့သည်ဟု ဆိုသည်။ အလှူရှင်နှစ်ဦးတို့သည် ရပ်တော်မူ ရုပ်ပွားတော်ကို ရှမ်းကျောင်းစာသင်တိုက် ပရိဝုဏ်အတွင်း၌ ထားရှိပူဇော်ခဲ့ကြရာ ယနေ့တိုင် ဖူးတွေ့နေကြရပေသည်။

ကျိုက်လတ်မြို့တွင် ထင်ရှားသော ဘုရားများအပြင် မြို့လူထု သောက်သုံးကြသည့် သောက်ရေကန်ကြီးသည် မြို့၏ အမှတ်လက္ခဏာတစ်ရပ်အဖြစ် ယနေ့တိုင် တည်ရှိနေပေသည်။ ကန်တော်ကြီးဟုထင်ရှားသည့် သောက်ရေကန်ကြီးသည် ကျိုက်လတ်မြို့၏မြောက်ဘက် ကျိုက်လတ်မြို့နှင့် ခနောင်ကျေးရွာအကြားတွင် တည်ရှိကာ အလျားပေ ၂၀၀၀၊ အနံပေ ၇၅၀ နှင့် အနက် ၁၀ ပေရှိသည်။ ကျိုက်လတ်ကန်တော်ကြီးကို အင်္ဂလိပ်အစိုးရလက်ထက်တွင် လူထုလုပ်အားဖြင့် တူးဖော်ခဲ့သည်ဟု ဆိုကြပြီး တူးဖော်သည့်သက္ကရာဇ် အထောက်အထား မှတ်တမ်းများကို မတွေ့ရှိကြရသေးချေ။ အဆိုပါရေကန်ကြီးကို ၁၉၇၁ ခုနှစ်တွင် မြို့လူထုလုပ်အားဖြင့် ပြန်လည်ဆယ်ဖို့ခဲ့ကာ မိုးရာသီတွင်ရွာသွန်းသည့် မိုးရေများကို အဆိုပါကန်ကြီးတွင် စုဆောင်းသိုလှောင်၍ မြို့နေလူထုအားလုံးက သောက်သုံးကြသည်။ ကန်တော်ကြီး၏ အရှေ့၊ အနောက်နှင့် တောင်ဘက်တွင် အများပြည်သူများ ရေသယ်ယူနိုင်ရန် အင်္ဂတေရေဘုံပိုင်ခေါင်းများတပ်ဆင်ပေးထားသည်။

သတ္တမရွှေကျင်သာသနာပိုင် ဆရာတော်ဘုရားကြီးက ဗုဒ္ဓတရားတော်များကို စောင့်ရှောက်သည့် မြို့အဖြစ် ဓမ္မပါလဟု အမည်ပေးခဲ့သည့် ကျိုက်လတ်မြို့သည် ဧရာဝတီတိုင်းအတွင်း အေးချမ်းသာယာစွာ တည်ရှိနေကာ ရန်ကုန်မြို့မှ အပန်းဖြေခရီး ထွက်ကြသူများ နေ့ချင်းပြန်လာရောက်လေ့ရှိသည့် မြို့ငယ်လေးတစ်ခုလည်း ဖြစ်ပေသည်။ အဝေးရောက် ကျိုက်လတ်မြို့သူမြို့သားများသည် နှစ်စဉ် အမျိုးသားနေ့တွင် ဇာတိမြေသို့ပြန်ကာ အမျိုးသားနေ့ အခမ်းအနားကို ဆင်နွှဲလေ့ရှိကြသည်မှာ နှစ်ကာလရှည်ကြာခဲ့ပြီ ဖြစ်ပေသည်။

နှစ်ပေါင်းများစွာကွဲကွာခဲ့ပြီး ဇာတိမြေသို့ ပြန်ရောက်ချိန်တွင် အဆောက်အအုံများနှင့် လမ်းများ ပြောင်းလဲခဲ့ပြီဖြစ်သော်လည်း မြို့သူမြို့သားများသည် ကန်တော်ကြီးရေကို သောက်သုံးနေကြဆဲဖြစ်သကဲ့သို့ ရပ်ကွက်အသီးသီးရှိ ဆွမ်းချက်ရုံများကလည်း မြို့လုံးကျွတ် ရဟန်းသံဃာများကို ဝါတွင်းသုံးလပတ်လုံး နေ့စဉ် အရုဏ်ဆွမ်းလောင်းလှူနေဆဲဖြစ်သည်။ ဖျာပုံခရိုင်အတွင်းရှိ ဖျာပုံ၊ ကျိုက်လတ်၊ ဘိုကလေးနှင့် ဒေးဒရဲမြို့တို့တွင် အလှည့်ကျ နှစ်စဉ်ကျင်းပပြုလုပ်သည့် လေးမြို့နယ် စာပြန်ပွဲကို ပရိယတ္တိနုဂ္ဂဟအဖွဲ့ အသင်းကြီးက ကြီးမှူး၍ ကျင်းပနေဆဲဖြစ်ကာ ကျိုက်လတ်မြို့၏ ရိုးရာအစဉ်အလာတစ်ရပ်အဖြစ် ပြုလုပ်မြဲဖြစ်သည့် ရေငံပိုင်ဦးရှင်ကြီး ပူဇော်ပွဲများကိုလည်း အရှေ့ပိုင်း၊ အလယ်ပိုင်း၊ အနောက်ပိုင်းဟု သုံးပိုင်းခွဲကာ နှစ်စဉ် တပို့တွဲ လမှစ၍ ကျင်းပမြဲဖြစ်ပေသည်။

ကုန်းဘောင်ခေတ်နှောင်း အဦးပိုင်းအချိန်ဖြစ်သည့် ခရစ်နှစ် ၁၈၄၀ ပြည့်နှစ် သာယာဝတီမင်းလက်ထက်တွင် တည်ထောင်ခဲ့သည့် ကျိုက်လတ်မြို့၏ သက်တမ်းသည် ၁၇၈ နှစ်ရှိခဲ့ပြီဖြစ်သည်။ သမိုင်းတစ်လျှောက် အေးချမ်းသာယာစွာရှိခဲ့သည့် ဇာတိမြေကို “အေးချမ်းသာယာစွာဖြင့် နိုင်ငံသားကောင်းသမီးရတနာများကို ဆက်လက်မွေးထုတ်နိုင်ပါစေကြောင်း” ဆုမွန်တောင်းလျက် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာလာခဲ့ချိန်တွင် ညနေစောင်းခဲ့ပြီဖြစ်ပါသည်။ ။

# ညောင်ဦးမြို့နယ် သဖန်းကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး တွဲဖက်မူလတန်းကျောင်း စာသင်ကျောင်းဆောင်အတွက် အလှူရှင်များ လိုအပ်နေ

ညောင်ဦး ဇူလိုင် ၁၆

**မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် အောက်ညဉ့်ကျေးရွာအုပ်စု သဖန်းကုန်းကျေးရွာတွင် ကျောင်းနေအရွယ်ကလေးငယ်များ ပညာသင်ကြားနိုင်ရေး အတွက် ဖွင့်လှစ်ထားရှိသည့် ကိုယ့်အားကိုယ်ကိုး တွဲဖက်အခြေခံပညာမူလတန်းကျောင်း (ခွဲ) ၌ စာသင်ကျောင်းဆောင်မရှိသည့်အတွက် ထန်းရွက်မိုး၊ ထရံကာ ယာယီ ကျောင်းဆောင်များဆောက်လုပ်၍ ကျောင်းသား ကျောင်းသူများ ချို့တဲ့စွာ ပညာ သင်ကြားနေရကြောင်း သိရသည်။**

ယခုကဲ့သို့ မိုးတွင်းကာလများတွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားရာတွင် အဆင်မပြေမှုများနှင့် ကြုံတွေ့နေရ၍ ဒေသခံပြည်သူများအနေဖြင့် ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားခွင့် ရရှိနိုင်ရန် ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းပေးမည့် အလှူရှင်များ လိုအပ်လျက်ရှိနေကြောင်း ညောင်ဦးမြို့နယ် အောက်ညဉ့်ကျေးရွာအုပ်စု သဖန်းကုန်းကျေးရွာမှ ဒေသခံများထံမှ သိရသည်။

ညောင်ဦးမြို့နယ် အောက်ညဉ့်ကျေးရွာအုပ်စု သဖန်းကုန်းကျေးရွာသည် အိမ်ခြေ ၆၃ အိမ်ခန့်ရှိပြီး လူဦးရေ ၅၀၀ ခန့်ရှိကြောင်း သိရကာ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ကျေးရွာရှိ ကျောင်းနေအရွယ်ကလေးငယ်များ ကိုယ့်ရပ်ကိုယ့်ရွာတွင် ပညာဆည်းပူးသင်ကြားခွင့် ရရှိနိုင်ရေးအတွက် ညောင်ဦးမြို့နယ် သူကောင်းတည်ကျေးရွာ ပရဟိတအကျိုးတော်ဆောင်ဆရာတော် ဦးဝိဇယ၏ ဦးဆောင်မှုဖြင့် ယခု ၂၀၁၈-၂၀၁၉ ပညာသင်နှစ်တွင် ညောင်ဦးမြို့နယ် သူကောင်းတည်ကျေးရွာ (အ.ထ.က-ခွဲ)နှင့် တွဲဖက်၍ ကိုယ့်အားကိုယ်ကိုး အခြေခံပညာမူလတန်းကျောင်းခွဲအား ဖွင့်လှစ်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**ကိုယ့်အားကိုယ်ကိုး တွဲဖက်မူလတန်း ကျောင်းခွဲကို ဖွင့်လှစ်နိုင်**

"ညောင်ဦးမြို့နယ် အောက်ညဉ့်ကျေးရွာအုပ်စု သဖန်းကုန်းကျေးရွာဟာ အိမ်ခြေ ၆၃ အိမ် လူဦးရေ ၅၀၀ ခန့်ရှိပြီး ဧရာဝတီမြစ်ကမ်းဘေးမှာ တည်ရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ ဒီကျေးရွာမှာ ကျေးရွာနေပြည်သူတွေအတွက် ဘုန်းကြီးကျောင်းလည်း မရှိပါဘူး၊ ကလေးတွေ ပညာသင်ကြားနိုင်ဖို့အတွက် စာသင်ကျောင်းလည်း မရှိပါဘူး။ ဒါ့ကြောင့် ဦးပဉ္စင်းက ဦးဆောင်ပြီး ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှာ သဖန်းကုန်းကျေးရွာမှာရှိတဲ့ ကျောင်းနေအရွယ်ကလေးတွေ ကိုယ့်ရပ်ကိုယ့်ရွာမှာ ပညာသင်ကြားခွင့်ရအောင် ကြိုးစားဆောင်ရွက်ခဲ့လို့ ကိုယ့်အားကိုယ်ကိုး တွဲဖက်မူလတန်းကျောင်းခွဲကို ဖွင့်လှစ်နိုင်ခဲ့တာဖြစ်ပါတယ်။ ဒီကျောင်းမှာ ကျောင်းသား ကျောင်းသူ အရေအတွက် KG တန်းကနေ စတုတ္ထတန်းအထိ စုစုပေါင်း ၆၅ ဦးရှိပါတယ်။ သင်ကြားရေးအတွက် ဆရာ ဆရာမအင်အားက ကျေးရွာအနေနဲ့ အကုန်ကျခံငှားထားတဲ့ ဆရာ ဆရာမ သုံးဦးနဲ့ ပရဟိတဆရာတွေအဖြစ် ဦးပဉ္စင်းအပါအဝင် သုံးဦး စုစုပေါင်း ဆရာ ဆရာမ ခြောက်ဦး ရှိပါတယ်။ ဦးပဉ္စင်းတို့အနေနဲ့ ဒီရွာက ကျောင်းနေအရွယ်ကလေးတွေအတွက် ပညာသင်ကြားနိုင်ရေး ကိုယ့်အားကိုယ်ကိုး တွဲဖက်မူလတန်းကျောင်းခွဲကို ဖွင့်လှစ်နိုင်ခဲ့ပေမယ့် ဦးပဉ္စင်းအနေနဲ့ ကျောင်းသား ကျောင်းသူလေးတွေ ရာသီမရွေး စိတ်အေးလက်အေး ပညာသင်ကြားသွားနိုင်အောင် ကျောင်းဆောင်သစ် လှူဒါန်းမယ့် အလှူရှင်တွေကို မျှော်လင့်မိပါတယ်။

ဒါ့အပြင် ကျောင်းဆောင်သစ် လှူဒါန်းပေးလိုတဲ့ အလှူရှင်တွေအနေနဲ့လည်း ကျောင်းဆောင်သစ်အမြန်ဆောက်လုပ်လှူဒါန်းပေးလိုပါက ဦးပဉ္စင်းရဲ့ ဖုန်းနံပါတ် ၀၉-၂၅၀၆၆၄၃၀၆ ကို ဆက်သွယ်လှူဒါန်းပေးနိုင်ပါတယ်" ဟု သဖန်းကုန်းကျေးရွာ ကိုယ့်အားကိုယ်ကိုး တွဲဖက်မူလတန်းကျောင်းခွဲ ဖြစ်မြောက်ရေး ဦးဆောင်ဆရာတော် ဦးဝိဇယ (ပရဟိတ အကျိုးတော်ဆောင်) ၏ မိန့်ကြားချက်အရ သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲ ကျင်းပ

**နမ့်စန် ဇူလိုင် ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်မြို့နယ်၌ (၇၁) နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို ယနေ့ နံနက်က အမှတ် (၂) ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ စာစီစာကုံးပြိုင်ပွဲတွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့်များ ယှဉ်ပြိုင်ကြပြီး ကဗျာပြိုင်ပွဲတွင်အလယ်တန်းနှင့် အထက်တန်းအဆင့်များ ယှဉ်ပြိုင်စေခဲ့ကြောင်း သိရသည်။ အဆိုပါ အာဇာနည်နေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲကို နမ့်စန်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများ ဖြေဆိုယှဉ်ပြိုင်နေမှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းချမ်းအောင်၊ မြို့နယ်ဒုတိယ ပညာရေးမှူး ဦးအောင်ချမ်းငြိမ်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြန်/ဆက်)**

# မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းအဆောက်အအုံ၌ အခြေခံလျှပ်စစ်သင်တန်းဖွင့်

**ရန်ကုန် ဇူလိုင် ၁၆**

မြန်မာနိုင်ငံ စက်မှုလက်မှုအထက်တန်းကျောင်းသားဟောင်းများအသင်းမှ ပထမဆုံးအကြိမ်ဖွင့်လှစ်သော အခြေခံလျှပ်စစ်သင်တန်း(၁/၂၀၁၈) သင်တန်းဖွင့်ပွဲကို ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ၌ ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့သည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မြန်မာနိုင်ငံ စက်မှုလက်မှုအထက်တန်းကျောင်းသားဟောင်းများအသင်းဥက္ကဋ္ဌ ဦးစိုးဟန်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမောင်မောင်နှင့် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းဥက္ကဋ္ဌ ဦးအောင်မြင့်တို့က အမှာစကားပြောကြားခဲ့သည်။



"ကျွန်တော်တို့တိုင်းပြည်မှာ လိုအပ်ချက်ဖြစ်တဲ့ ကျွမ်းကျင်သူပညာရှင်တွေကို မွေးထုတ်ချင်တယ်။ သင်တန်းပေးချင်တဲ့အတွက် အသင်းအနေနဲ့ စပြီး သင်တန်းဖွင့်ဖြစ်တာပါ။ ဒီလိုပညာရပ်တွေ တတ်ခြင်းအားဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေမယ်၊ ပညာတွေလည်း ရမယ်ပေါ့လေ။ ၈ တန်း၊ ၉ တန်း၊ ၁၀ တန်းနဲ့ ဘာလုပ်ရမှန်းမသိဖြစ်နေသူတွေအတွက် ဒီလိုသင်တန်းတွေပေးခြင်းအားဖြင့် မိသားစုစားဝတ်နေရေးကို အထိုက်အလျောက် ဖြေရှင်းနိုင်မှာပဲဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီလိုသင်တန်းတွေဖွင့်တာပါ"ဟု မြန်မာနိုင်ငံစက်မှုလက်မှုအထက်တန်း ကျောင်းသားဟောင်းများအသင်း ဥက္ကဋ္ဌက ပြောကြားသည်။

ယခုဖွင့်လှစ်သော အခြေခံလျှပ်စစ်သင်တန်းသို့ သင်တန်းသား ၃၆ ဦး တက်ရောက်မည်ဖြစ်ကာ သင်တန်းကာလကို နှစ်လ သတ်မှတ်ထားပြီး အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်သည်။ သင်တန်းတွင် သင်တန်းသားများအတွက် သင်ထောက်ကူပစ္စည်းများ ပြည့်စုံစွာထားရှိပြီး ရန်ကုန်မြို့ ဆိပ်ကမ်းမြို့နယ်ရှိ သိမ်ဖြူသင်္ဘောကျင်းအနီးတွင် သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် အသင်းအနေဖြင့် နောက်ပိုင်းတွင်လည်း စက်မှုနှင့် အခြားသောပညာရပ်ပိုင်းဆိုင်ရာ အခြေခံသင်တန်းများကို ဆက်လက်ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)၊ ဓာတ်ပုံ - ထိန်လင်း**

## လယ်ဝေးမြို့နယ်၌ ပြည်သူများအား အခမဲ့ကွင်းဆင်းဆေးကုသပေး

**နေပြည်တော် ဇူလိုင် ၁၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ခုတင်(၁၀၀) ဆံ့ တိုင်းရင်းဆေးရုံကြီး(နေပြည်တော်)မှ တိုင်းရင်းဆေးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများသည် လယ်ဝေးမြို့နယ်၊ သစ်ဆိမ့်ပင်ကျေးရွာမှ ပြည်သူများအား အခမဲ့ကွင်းဆင်းဆေးကုသမှုများ ဇူလိုင် ၁၄ ရက်က ဆောင်ရွက်ပေးခဲ့သည်။

ကွင်းဆင်းဆေးဝါးကုသပေးရာတွင် ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီး (နေပြည်တော်) တိုင်းရင်းဆေးမှူး ဒေါ်ခင်မေထွေးနှင့် ကျန်းမာရေးဝန်ထမ်း ၁၂ ဦးတို့က ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးမြင့်ဝေနှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၏ ပံ့ပိုးကူညီဆောင်ရွက်ပေးမှုဖြင့် ဒေသခံပြည်သူများ၏ သွေးတိုး၊ လေငန်း၊ လေဖြတ်၊ ဆီးချို၊ ထုံကျင်ကိုက်ခဲ၊ အရိုးကျီးပေါင်း၊ ယားနာ၊ သူငယ်နာ၊ အနာပေါက် အစရှိသည့် ရောဂါဝေဒနာများကို အခမဲ့စမ်းသပ်ကုသပေးခဲ့ခြင်းဖြစ်ကာ ဆေးရုံတက်ရောက်ရန် လိုအပ်သည့် ဝေဒနာရှင်များကိုလည်း ဆေးရုံသို့ ညွှန်ပို့ဆောင်ရွက်ပေးခဲ့သည်။

ခုတင်(၁၀၀)ဆံ့ တိုင်းရင်းဆေးရုံကြီးသည် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ရာဇသင်္ဂဟလမ်းမကြီးပေါ် ပတ္တာနယ်မြေရဲစခန်းအနီးတွင် တည်ရှိပြီး မည်သူမဆို အခမဲ့တက်ရောက်ကုသနိုင်ကြောင်း သိရသည်။ **မင်းမင်းလတ်(ရူပဗေဒ)**



# ဘိုကလေး၌ သဘာဝဘေးအန္တရာယ်လျှော့ချရေး သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်

**ဘိုကလေး ဇူလိုင် ၁၆**

ဖျာပုံခရိုင် ဘိုကလေးမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနတို့၏ ကြီးကြပ်မှုတို့ဖြင့် သဘာဝဘေးအန္တရာယ်ထိခိုက်မှု လျှော့ချရေးဆိုင်ရာ သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်ခြင်းနှင့် အသိပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက်က ဘိုကလေးမြို့နယ် ချောင်းပြကြီးကျေးရွာအုပ်စု ငွေးချောင်းကြီးကျေးရွာရှိ သဘာဝဘေးဒဏ်ခံကျောင်း (School Shelter)၌ ပြုလုပ်ခဲ့သည်။

သရုပ်ပြလေ့ကျင့်မှုတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့မှ ဦးစီးမှူးနှင့်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အနာဂတ်ရှေ့ဆောင် သဘာဝဘေးလျော့ပါးရေးနှင့် ဖွံ့ဖြိုးရေးကွန်ရက်အဖွဲ့ဝင်များ၊ စေတနာမြန်မာ သဘာဝဘေးလျော့ပါးရေးနှင့် ဖွံ့ဖြိုးရေးကွန်ရက် အဖွဲ့ဝင်များ၊ မြင့်မြတ်သူတို့နှလုံးသား ကျေးရွာအခြေပြု လူမှုရေးအဖွဲ့ဝင်များ၊ အနာဂတ်ကြယ်ပွင့် သဘာဝဘေးလျော့ပါးရေးနှင့် ဖွံ့ဖြိုးရေးကွန်ရက် အဖွဲ့ဝင်များ၊ ကျေးရွာအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများ၊ အနီးပတ်ဝန်းကျင်ကျေးရွာကိုးရွာမှ ကျေးရွာတာဝန်ခံများ၊ ကျေးရွာများမှ ပြည်သူများ စုစုပေါင်း ၄၅၀ ခန့် ပါဝင်ခဲ့ကြသည်။

လေ့ကျင့်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပေးပို့အကြောင်းကြားလာသည့် မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန သတင်းထုတ်ပြန်ချက်အရ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေကြောင်းကို ကျေးရွာအုပ်စု သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီက သတင်းရရှိချိန်မှစ၍ မုန်တိုင်းသတိပေးချက် အဆင့်ဆင့်အပေါ် ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းများ ဆောင်ရွက်ထားရှိခြင်း၊ အရေးပေါ် ရွှေ့ပြောင်းရေးနှင့် သယ်ယူပို့ဆောင်ခြင်း၊ မုန်တိုင်းရှောင်ပြည်သူများအား စနစ်တကျနေရာချထားခြင်း၊ စားနပ်ရိက္ခာများ ကြိုတင်စုဆောင်းထားရှိခြင်း၊ ရှာဖွေကယ်ဆယ်ခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ခြင်းများ ပြုစုဆောင်ရွက်ပေးခြင်းတို့ကို စနစ်တကျပူးပေါင်း၍ သရုပ်ပြလေ့ကျင့်ခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသူများအား သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ အသိပညာပေးဆွေးနွေးခြင်း၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကို ဆွေးနွေးခြင်း၊ သရုပ်ပြလေ့ကျင့်မှုနှင့်ပတ်သက်၍ အားသာချက်၊ အားနည်းချက်များကို ဆွေးနွေးခြင်း၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့က ရှေးဦးသူနာပြုစုခြင်းကို သရုပ်ပြရှင်းလင်းခြင်းအစီအစဉ်များ ဆက်လက်ပြုလုပ်ပြီး မုန်တိုင်း ဘေးအန္တရာယ်အကြောင်း ပညာပေးစာစောင်များဖြန့်ဝေခြင်းနှင့် ပညာပေးပိုစတာများ ပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**



## လုပ်သားရှားပါးသော်လည်း စက်ကိရိယာများကြောင့် စိုက်ပျိုးမှုအဆင်ပြေလာ

**ရေတာရှည် ဇူလိုင် ၁၆**

တောင်ငူခရိုင် ရေတာရှည်မြို့နယ်တွင် လယ်ယာလုပ်သားရှားပါးသည့်အတွက် ယခင်က မြေထောက်ခများနှင့် ငှားထားခဲ့ရပြီး ယခုအချိန်တွင် လယ်ယာသုံးစက်ကိရိယာများကို တွင်ကျယ်စွာအသုံးပြုလာသည့်အတွက် အဆင်ပြေစွာ စိုက်ပျိုးလာနိုင်ကြောင်းသိရသည်။

တောင်သူများအနေဖြင့် ကိုယ်ပိုင်ထွန်စက်များ အရစ်ကျဝယ်ယူခြင်းအပြင် ရိတ်သိမ်းခြွေစက်များကိုပါ တောင်သူများစုဖွဲ့၍ ဝယ်ယူအသုံးပြုလာခြင်းကြောင့် စပါးရိတ်သိမ်းရာတွင် ပိုမိုမြန်ဆန်ကာ ရာသီဥတုအပြောင်းအလဲကြောင့် ပျက်စီးဆုံးရှုံးမှု မရှိသလောက်ပင် အကျိုးခံစားကြရသည်ဟု တောင်သူများက ပြောသည်။ ယခုအခါ ရေတာရှည်မြို့နယ်တွင် မိုးစပါးများ စတင်စိုက်ပျိုးကြသည့်အခါ ထွန်ယက်ရာတွင် ထွန်စက်များကို ငှားရမ်းအသုံးပြုကြသည်ကို နေရာအနှံ့အပြားတွင် မြင်တွေ့ရပြီး ယခင်က မြေထောက်ခဖြင့် လုပ်ကိုင်ခဲ့ရသော တောင်သူများကပါ စက်များငှားရမ်းလုပ်ကိုင်နိုင်ကြသဖြင့် အကျိုးအမြတ်ပိုမိုရရှိနိုင်တော့မည်ဟု သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မန္တလေးမြို့တွင် ကုန်စိမ်းဈေးသီးသန့်မရှိသဖြင့် သစ်သီးပွဲရုံများအခက်ကြုံနေ

**မန္တလေး ဇူလိုင် ၁၆**

မန္တလေးမြို့တွင် ရာသီပေါ် သစ်သီးဝလံများကို လက်ကားဖြန့်ချိရောင်းချရန် ကုန်စိမ်းဈေးသီးသန့်မရှိသောကြောင့် သစ်သီးပွဲရုံများ အခက်အခဲကြုံတွေ့နေရကြောင်း မန္တလေးမြို့မှ ငွေကံ့ကော် သစ်သီးပွဲရုံပိုင်ရှင် ဦးကိုကိုထွေးက ပြောသည်။



အထက်မြန်မာနိုင်ငံတွင် စိုက်ပျိုးထွက်ရှိသည့် သစ်သီးဝလံများ၏ အဓိကအားထားရာ ဈေးကွက်တစ်ခုဖြစ်သော မန္တလေးမြို့တွင် သီးသန့်ဈေးမရှိသဖြင့် မြို့တွင်း၌ ပွဲရုံများငှားရမ်းလုပ်ကိုင်နေရခြင်းကြောင့် နေရာအခက်အခဲနှင့် သယ်ယူပို့ဆောင်ရေးစရိတ်များ ပိုမိုကုန်ကျလျက်ရှိကြောင်း သိရသည်။

"ကုန်စိမ်းဈေးမရှိတဲ့အတွက် နယ်ပေါင်းစုံကဝင်လာတဲ့ သစ်သီးတွေကို မြို့ထဲမှာ ပွဲရုံဖွင့်ပြီး တစ်ဆင့်ပြန်လည်ရောင်းချပေးမယ့် သစ်သီးတွေတင်လာတဲ့ ကားကြီးတွေ မြို့ထဲဝင်လာလို့မရတော့ ဆင့်ကဲဆင့်ကဲသယ်ပို့ရတယ်။ သယ်ယူပို့ဆောင်စရိတ်နဲ့ အလုပ်သမားစရိတ်တွေ အပိုကုန်ကျတဲ့အတွက် စားသုံးသူတွေအနေနဲ့လည်း ဈေးပိုကြီးသွားတာပေါ့" ဟု ၎င်းက ပြောသည်။

မန္တလေးမြို့တွင် ဖွင့်လှစ်ထားသည့် သစ်သီးပွဲရုံများမှာ ၂၄ နာရီ ဖွင့်လှစ်ရောင်းချလျက်ရှိသောကြောင့် သီးနှံတင်ပို့သောကားများ ဝင်ထွက်သွားလာရန်၊ မှာယူသည့်နယ်များသို့ တစ်ဆင့်ပြန်လည်တင်ပို့ပေးရန်နှင့် နေ့ဆိုင်း၊ ညဆိုင်း လုပ်ကိုင်နေရသည့် အလုပ်သမားများ အနားယူရန်တို့အတွက် နေရာအကျယ်အဝန်းလိုအပ်မှုများ ကြုံတွေ့နေရကြောင်း သိရသည်။ "ပွဲရုံတွေကလည်း ငှားပြီးဖွင့်ရတာဆိုတော့ နေရာပြောင်းရွှေ့မှုတွေများတယ်။ ဒီလိုပြောင်းရွှေ့မှုတွေအတွက် အခွန်ကောက်တဲ့နေရာမှာလည်း နစ်နာမှုတွေရှိနိုင်သလို ပွဲရုံတွေအနေနဲ့ကလည်း ခဏခဏ ပြောင်းရွှေ့မှုတွေလုပ်ရတော့ အဆင်မပြေကြဘူး" ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

ယခုအခါ မန္တလေးမြို့နှင့် ၂၉ မိုင်အကွာရှိ ပုလိပ်မြို့တွင် ပြည်တွင်းလုပ်ငန်းရှင်များစုပေါင်း၍ အထက်မြန်မာပြည် ကုန်စိမ်းဈေးလက်ကားဈေးကို တည်ဆောက်ရန် စီစဉ်လျက်ရှိပြီး အဆိုပါဈေးတွင် လက်ကားပွဲရုံများဖွင့်လှစ်ရန် ပေ (၂၀× ၄၀)အကျယ်အဝန်းရှိ အဆောက်အအုံများနှင့် လက်လီရောင်းချလိုသူများအတွက် ရှစ်ပေပတ်လည်ဆိုင်ခန်းပေါင်း ၉၀၀ ကျော် ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါဆိုင်ခန်းနေရာများကို အရစ်ကျစနစ်ဖြင့် ရောင်းချပေးနိုင်ရန် ဘဏ်များနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

## ကင်ဆာဝေဒနာရှင်များအတွက် ရောဂါရှာဖွေစစ်ဆေးသောဌာန ပင်လုံဆေးရုံတွင်ဖွင့်လှစ်

**ရန်ကုန် ဇူလိုင် ၁၆**

ကင်ဆာဝေဒနာရှင်များအတွက် PET/CT & SPECT/CT Imaging Centre နှင့် Nuclear Medicine ဖြစ်သော ပုံရိပ်ဖော်ရောဂါရှာဖွေစစ်ဆေးခြင်းနှင့် ရေဒီယိုသတ္တိကြွဆေးကိုအသုံးပြု၍ ရောဂါရှာဖွေစစ်ဆေးခြင်းများ ဝန်ဆောင်မှုပေးမည့်ဌာနကို မြောက်ဒဂုံမြို့နယ်ရှိ ပင်လုံကင်ဆာအထူးကု ပုဂ္ဂလိကဆေးရုံကြီး၌ ဇူလိုင် ၁၅ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

ယနေ့ကမ္ဘာတွင် ကင်ဆာရောဂါကို ပို၍ခံစားနေရသည့်နိုင်ငံများ တဖြည်းဖြည်းတိုးပွားလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကင်ဆာရောဂါဝေဒနာရှင်များ၏ ၆၇ ရာခိုင်နှုန်းသည် အသက် ၃၅ နှစ်မှ ၆၄ နှစ်အရွယ်အတွင်း ဖြစ်နေကြကြောင်းနှင့် ဝေဒနာရှင်အများစုသည် နောက်ဆုံးအဆင့် မကုသနိုင်တော့သည့်အခြေအနေရောက်မှသာ မိမိရောဂါကို သိကြလေ့ရှိကြောင်း၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံတွင် ကင်ဆာရောဂါဝေဒနာရှင်ပေါင်း ခြောက်သောင်းခန့် နှစ်စဉ်တိုးပွားလာလျက်ရှိသလို ကင်ဆာရောဂါဖြစ်ပွားမှုနှုန်းမှာ မြန်မာနိုင်ငံသာမက ကမ္ဘာတစ်ဝန်းတွင် တိုးပွားနေဆဲဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အဆုတ်၊ ခံတွင်း၊ အသည်း၊ အူမကြီးနှင့် အစာအိမ်ကင်ဆာတို့အဖြစ်များကာ အမျိုးသမီးများတွင် ရင်သား၊ သားအိမ်ခေါင်း၊ အဆုတ်၊ သားအိမ်နှင့် အစာအိမ်ကင်ဆာများ အဖြစ်များလေ့ရှိကြောင်း အဆိုပါရောဂါရှာဖွေရေးဌာနဖွင့်ပွဲတွင် ပညာရှင်များ၏ပြောကြားချက်များအရ သိရသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**




## ရေတာရှည်မြို့နယ်တွင် ကောက်စိုက်စက်ဖြင့်စိုက်ပျိုးမှု တောင်သူများအား သရုပ်ပြ

**ရေတာရှည် ဇူလိုင် ၁၆**

လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် တောင်သူများအနေဖြင့် အတွေ့အကြုံကောင်းများရရှိစေရန် ရည်ရွယ်လျက် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၄၈) ထွန်စက်စခန်း၊ ကူဘိုတာကုမ္ပဏီလီမိတက်နှင့် ရွှေထွန်း လယ်ယာသုံးစက်ကိရိယာရောင်းဝယ်ရေး (တောင်ငူ)တို့ ပူးပေါင်း၍ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးမှု တောင်သူသရုပ်ပြပွဲကို ဇူလိုင် ၁၆ ရက်က ရေတာရှည်မြို့နယ် ကြံသန္ဓယ်ကျေးရွာအုပ်စု စိုင်တမော့ကြီးကျေးရွာ၌ ပြုလုပ်ခဲ့သည်။

သရုပ်ပြပွဲသို့ တိုင်းဒေသကြီးစက်မှုလယ်ယာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဆန်းအောင်၊ ခရိုင် ဦးစီးမှူး ဦးသိန်းလွင်ဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်အောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကြံသန္ဓယ်ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများမှ ဒေသခံတောင်သူများ လာရောက်ကြည့်ရှုလေ့လာခဲ့ကြသည်။

"အခုစိုက်ပျိုးပြသတဲ့ ကောက်စိုက်စက်အမျိုးအစားတွေကတော့ ကူဘိုတာ NSPU 68 CMD နဲ့ ကူဘိုတာ SPW 68 CM တွေပါ၊ ခြောက်တန်းသွားဖြစ်ပြီးတော့ တန်းကြား၊ ပင်ကြားအနက်ကို တောင်သူတွေအနေနဲ့ ကိုယ်လိုသလို ချိန်လို့ရပါတယ်၊ ဒါ့အပြင် စပါးမျိုးစေ့ကို ဘယ်လိုပျိုးထောင်တယ်ဆိုတာလည်း ဒီမှာ လက်တွေ့လုပ်ပြထားပါတယ်၊ ကောက်စိုက်စက်နဲ့စိုက်ပျိုးချင်လို့ လာငှားရင်လည်း ဌာနအနေနဲ့ ထွန်စက်နဲ့ သမန်းထွန်ယက်ပေးမယ်၊ ပျိုးထောင်ပေးမယ်၊ စက်နဲ့ စိုက်ပျိုးပေးမယ်၊ တစ်ဧကမှ ကျပ်လေးသောင်းခွဲပဲ ကျသင့်ပါတယ်" ဟု မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးသန်းဦးက တောင်သူများအား ပြောကြားခဲ့သည်။



မြန်မာနိုင်ငံ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် စပါးစိုက်ပျိုးကြသည့် တောင်သူများအနေဖြင့် လက်ရှိအချိန်တွင် လုပ်သားရှားပါးမှုအခက်အခဲကို ကြုံနေရလျက်ရှိပြီး ထိုအခက်အခဲများကို တစ်ဖက်တစ်လမ်းမှ ဖြေရှင်းနိုင်ရန်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လယ်ယာသုံးစက်ကိရိယာများကို သက်ဆိုင်ရာ ကုမ္ပဏီများနှင့်ချိတ်ဆက်၍ အတိုးမဲ့ အရစ်ကျရောင်းချပေးခြင်း၊ စက်ပြုပြင်ထိန်းသိမ်းမှု သင်တန်းများ အခမဲ့ ဖွင့်လှစ်သင်ကြားပေးခြင်းနှင့် တောင်သူများအတွက် ထွန်စက်များကို ဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းထွန်ယက်ပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

**ကိုလွင်(ဆွာ)**

## ပင်းတယမြို့နယ်အတွင်းမှ ကျေးရွာများသို့ အကြိမ် ၂၇၀ မြောက် အခမဲ့ကွင်းဆင်းဆေးကုသ

**ပင်းတယ ဇူလိုင် ၁၆**

ရှမ်းပြည်နယ်တောင်ပိုင်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပွေးတောင်ကျေးရွာနှင့် နီးစပ်ရာကျေးရွာများရှိ ကျေးလက်နေပြည်သူများအား ပင်းတယမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာသန်းမင်းထွဋ်ဦးဆောင်၍ ရန်ကုန်မြို့မှ မျက်စိဆရာဝန်ဒေါက်တာသန်းထိုက်အောင်၊ ပွေးလှတိုက်နယ်ဆေးရုံမှ ဒေါက်တာမို့မို့ကျော်၊ မိုင်းအင်တိုက်နယ်ဆေးရုံမှ ဒေါက်တာအောင်ညွှန့်ဝင်း၊ တောင်ပေါ်ကြီးကျေးရွာအုပ်စု ကျေးလက်ကျန်းမာရေးဌာနခွဲမှ ဝန်ထမ်းအဖွဲ့များနှင့် ပင်းတယမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်အောင်တို့က အခမဲ့ကွင်းဆင်းဆေးကုသမှုများ ဇူလိုင် ၁၄ ရက်က ဆောင်ရွက်ပေးခဲ့သည်။

ဆေးကုသပေးရာတွင် ပင်းတယမြို့နယ် ဆရာဝန်ကြီးက သွေးတိုးရောဂါနှင့်ပတ်သက်သည့်အကြောင်းအရာများနှင့် ရှောင်ကြဉ်ရမည့် အစားအသောက်များကိုလည်းကောင်း၊ အရက်သောက်ခြင်း၏ဆိုးကျိုးများနှင့် နောက်ဆက်တွဲပြဿနာများကိုလည်းကောင်း၊ သဘာဝဘေးအန္တရာယ်များအကြောင်းကိုလည်းကောင်း၊ ပင်းတယမြို့နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌက မူးယစ်ဆေးသမိုင်းကြောင်းနှင့် မူးယစ်ဆေးများ၏ ဆိုးကျိုးများကိုလည်းကောင်း အသိပညာပေး ဟောပြောကြပြီးနောက် ပွေးတောင်ကျေးရွာနှင့် နီးစပ်ရာကျေးရွာများမှ လာရောက်ပြသကြသည့် လူနာ ၁၅၈ ဦးတို့၏ အထွေထွေရောဂါများကို ကုသပေးခဲ့ကြကာ မျက်စိဆရာဝန် ဒေါက်တာသန်းထိုက်အောင်ကလည်း မျက်စိလူနာ ၁၅ ဦးအား မျက်စိစမ်းသပ်ပေးပြီး လိုအပ်သူများအား မျက်မှန်များအခမဲ့ပေးအပ်ခဲ့သည်။

ပင်းတယမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဦးဆောင်သည့် ကျန်းမာရေးဝန်ထမ်းများသည် ကျေးရွာများသို့ အခမဲ့ကွင်းဆင်းဆေးကုသမှုများကို စေတနာရှင်များလှူဒါန်းသည့် အလှူငွေများဖြင့် ဆောင်ရွက်ခဲ့သည်မှာ ငါးနှစ်တိုင်ရှိခဲ့ပြီဖြစ်ကာ ယခုတစ်ကြိမ် ကွင်းဆင်းကုသပေးခြင်းမှာ ငါးနှစ်တာကာလအတွင်း အကြိမ် ၂၇၀ ပြည့်ခြင်းဖြစ်ကြောင်းလည်း သိရသည်။ **ခင်မျိုးနွယ်(ပင်းတယ)**

## ဝက်လက်မြို့နယ်မှ မီးဘေးသင့်တောင်သူများအား သီးနှံမျိုးစေ့ဖိုး ထောက်ပံ့ငွေပေးအပ်

**ဝက်လက် ဇူလိုင် ၁၆**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့နယ် မကျီးဖြူကျေးရွာမှ မီးဘေးသင့်တောင်သူများအား သီးနှံမျိုးစေ့များအတွက် ထောက်ပံ့ငွေပေးအပ်ပွဲကို ဇူလိုင် ၁၄ ရက်က အဆိုပါကျေးရွာဓမ္မာရုံ၌ ကျင်းပခဲ့သည်။ ထောက်ပံ့ငွေပေးအပ်ပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဝင်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးလှမိုးကျော်က သီးနှံမျိုးစေ့များအတွက် ထောက်ပံ့ငွေပေးအပ်ခြင်းအကြောင်း ရှင်းလင်းပြောကြားကာ မီးဘေးသင့်တောင်သူ ၁၇ ဦးအား မျိုးစပါး ၁၂၇ တင်းနှင့် မျိုးမြေပဲ ၃၁၅ တင်း ဝယ်ယူနိုင်ရန် ထောက်ပံ့ငွေ ကျပ် ၆၆၃၀၀၀၀ ကို တာဝန်ရှိသူများက တောင်သူတစ်ဦးချင်းလက်ဝယ်သို့ ပေးအပ်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ငါးလုပ်ငန်းစခန်း (သထုံ)၌ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းဖွင့်

**သထုံ ဇူလိုင် ၁၆**

မွန်ပြည်နယ်အတွင်း သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ငါးမွေးမြူရေးလုပ်ငန်းများ အောင်မြင်လာစေရန်အတွက် သထုံမြို့နယ် ဂေါ့ကျေးရွာအနီးရှိ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာန ငါးလုပ်ငန်းစခန်း(သထုံ)၌ အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းအမှတ်စဉ်(၂/၂၀၁၈)ကို မွန်ပြည်နယ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လမ်းညွှန်မှုဖြင့် ဇူလိုင် ၁၆ ရက်က စတင်ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ် စိုက်ပျိုးမွေးမြူရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီး ဦးထွန်းဌေးက အစိုးရအနေဖြင့် မွန်ပြည်နယ်အတွင်း ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုသင်တန်းတွင် အခြေခံငါးမွေးမြူခြင်းပညာရပ်နှင့် ငါးဆေးထိုးသားဖောက် ပညာရပ်များကို လက်တွေ့သင်ကြားမည်ဖြစ်ကြောင်း၊ ယခုအခါ နိုင်ငံအတော်များများတွင် ရာသီဥတုများ ပြောင်းလဲလာခြင်းနှင့် လူတို့၏ မဆင်မခြင်ငါးဖမ်းမှုများကြောင့် ငါးသယံဇာတများလျော့နည်းကာ စားနပ်ရိက္ခာအတွက် အခက်အခဲများရှိလာကြောင်း၊ ထို့ကြောင့် ရေချို၊ ရေငန် ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် သင်တန်းဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း၊ ၂၀၁၇-၂၀၁၈ စာရင်းများအရ မွန်ပြည်နယ်အတွင်း ငါးမွေးမြူသူ ၁၅၇ ဦးနှင့် ငါးကန် ၁၀၀၀ ဒသမ ၉၂ ဧက ရှိသော်လည်း ငါးမွေးမြူထုတ်လုပ်မှု အားနည်းနေသည့်အတွက် ယခု သင်တန်းတက်ရောက်လာသူများကတစ်ဆင့် စည်းရုံးဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ငါးလုပ်ငန်းစခန်း(သထုံ)မှ တာဝန်ခံ ဦးဝင်းဗိုလ်ကလည်း သင်တန်းကျောင်း၌ ဒုတိယအကြိမ်ဖွင့်လှစ်သည့် ယခုသင်တန်းတွင် ပြည်နယ်အတွင်းရှိ ငါးမွေးမြူသူများ၊ ငါးလုပ်ငန်းကို စိတ်ပါဝင်စားသူများ၊ မော်လမြိုင်တက္ကသိုလ် အဏ္ဏဝါဗေဒ၊ သတ္တဗေဒဌာနများမှ ဆရာများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း သင်တန်းသား သင်တန်းသူ ၃၈ ဦးအား နေစားစရိတ်ငြိမ်းအဖြစ် သုံးရက်ကြာ အခမဲ့သင်ကြားပေးမည်ဖြစ်ကြောင်း၊ တိုင်းရင်းငါးမျိုးများနှင့် ဈေးကွက်ဝင်ငါးမျိုးများ မွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ပြီး အရည်အသွေးကောင်းသည့် ငါးသားပေါက်များ မွေးမြူထုတ်လုပ်နိုင်မည့် နည်းပညာ၊ အတတ်ပညာများကို သင်ကြားပေးမည်ဖြစ်ကြောင်း ပြောသည်။

သင်တန်းတက်ရောက်သူများက ထပ်မံ၍ ငါးမွေးမြူသူများအား သင်ကြားပေးနိုင်ရန်လည်း ရည်ရွယ်ထားပြီး ငါးလုပ်ငန်းစခန်း(သထုံ)အနေဖြင့် သင်တန်းကို တစ်နှစ်လျှင် သုံးကြိမ်မှ လေးကြိမ်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း၊ သင်တန်းများတွင် နည်းပြလေးဦးက စာတွေ့လက်တွေ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

# တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော် မြိတ်မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာများနှင့်တွေ့ဆုံ

**မြိတ် ဇူလိုင် ၁၆**

မြိတ်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများနှင့် အတူ ဇူလိုင် ၁၅ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညှိနှိုင်းသာ အစည်းအဝေးခန်းမ၌ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။



တွေ့ဆုံပွဲတွင် ဝန်ကြီးချုပ်က ပြည်သူများအား ဝန်ဆောင်မှုပေးနေသည့် ဌာနဆိုင်ရာများနှင့် အမြဲမပြတ်တွေ့ဆုံဆွေးနွေးအဖြေရှာနေမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများအနေဖြင့် တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မြိတ်ကျွန်းစုတွင် ငါးမွေးမြူရန်ကောင်းမွန်သည့်အတွက် ကုမ္ပဏီများမှ စိတ်ဝင်စားလျက်ရှိကြကြောင်း၊ မြိတ်ဒေသအနေဖြင့် ရေလုပ်ငန်းဖြင့် တိုးတက်လျက်ရှိပြီး နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာများပေးသွင်းလျက်ရှိသည့်ဒေသဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ဌာနဆိုင်ရာများက ဌာနအလိုက် မြို့သန့်ရှင်းသာယာလှပရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လျှပ်စစ်မီးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ စီမံကိန်းလုပ်ငန်းများ၊ စည်ပင်သာယာနယ်နိမိတ်သတ်မှတ်ရေး၊ မူခင်းများကျဆင်းရေးနှင့် မူးယစ်ဆေးဝါးတားဆီးရေး စီမံချက်ဖြင့် ဆောင်ရွက်နေမှုများကို ဌာနဆိုင်ရာတာဝန်ရှိသူများက တင်ပြခဲ့ကြပြီး ခရိုင်အုပ်ချုပ်ရေးမှူး ဦးလင်းကိုကိုက ဖြည့်စွက်ရှင်းလင်းတင်ပြခဲ့ရာ ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားခဲ့ပြီး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြိတ်ကန်တော်မင်္ဂလာသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဝန်ကြီးချုပ်က အလှူငွေကျပ်သိန်း ၅၀၀ ပေးအပ်လှူဒါန်းခဲ့ရာ စည်ပင်သာယာရေးကော်မတီမှ လက်ခံကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ကျုံပျော်မြို့နယ်၌ မှုခင်းကျဆင်းရေး အသိပညာပေး

**ကျုံပျော် ဇူလိုင် ၁၆**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အထောင်မြို့ မြောက်မန်းကြာကျေးရွာ အလယ်တန်းကျောင်းခွဲ၌ မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ပြုလုပ်ကြောင်း သိရသည်။ ဟောပြောပွဲတွင် ကျုံပျော်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်က မှုခင်းလျော့နည်းကျဆင်းစေရန် ယခုကဲ့သို့ ပညာပေး ဟောပြောပွဲများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး၊ သက်ငယ်မုဒိမ်းမှုဖြစ်စဉ်များ၊ အခြားမှုခင်းဖြစ်ပွားမှုအခြေအနေနှင့် ပြစ်မှု ပြစ်ဒဏ်များ၊ မှုခင်းမဖြစ်ပွားစေရန် ဆောင်ရန် ရှောင်ရန်တို့အပြင် ယာဉ်စည်းကမ်း လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးတို့ကို အသိပညာပေးဟောပြောကာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် အထောင်မြို့စခန်းမှူး ရဲအုပ်သိန်းဇော်ဦးက လူကုန်ကူးမှုဖြစ်စဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပြည်သူများအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် မိမိတို့နှင့်အတူ ပူးပေါင်းပါဝင်ပေးရန် အသိပေးပြောကြားခဲ့သည်။

**နေဝင်းမြင့်(ပြန်/ဆက်)**

# ကျောင်းကျန်းမာရေးအသိပညာပေးဟောပြောပွဲကျင်းပ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေး

**ဖားဆောင်း ဇူလိုင် ၁၆**

ကယားပြည်နယ် ဖားဆောင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှုအဖြစ် အခြေခံပညာကျောင်းများသို့ ကျန်းမာရေးအသိ ပညာပေးဟောပြောခြင်း၊ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးခြင်းနှင့် အာဟာရကျွေးမွေးခြင်းတို့ကို ယနေ့နံနက်က မြို့နယ်အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့သည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီး ဦးစိုးသိန်းကြည်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအိဖြူသွယ်က ကျန်းမာရေးနှင့်သက်ဆိုင်သည့် အထွေထွေဗဟုသုတမေးခွန်းများကို ကျောင်းသား ကျောင်းသူများအား မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်းများ ပြုလုပ်ပြီး ဆုများပေးအပ်ခဲ့သည်။

ဆက်လက်၍ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးက သွေးလွန်တုပ်ကွေးရောဂါများအကြောင်းကို ကျောင်းသား ကျောင်းသူများ သိရှိနားလည်စေရန် ပြောကြားပြီး ပြည်နယ်သွားဘက်ဆိုင်ရာ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ကျော်နိုင်ဦးက သွားကျန်းမာရေးနှင့်ပတ်သက်သည့် အကြောင်းအရာများ ပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများအား သွားနှင့်ခံတွင်းစစ်ဆေးခြင်း၊ အရေပြားရောဂါရှိ မရှိ စစ်ဆေးခြင်း၊ တစ်ကိုယ်ရေသန့်ရှင်းရေး စစ်ဆေးခြင်းနှင့် သွားတိုက်နည်းအခြေခံများ လက်တွေ့သင်ကြားပြသခြင်းများကို ဆောင်ရွက်ပြီး အာဟာရဆန်ပြုတ် ကျွေးမွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# တောင်ကုတ်မြို့နယ်အတွင်း ပင်လယ်ပြင်၌ လေပြင်းတိုက်ခတ်မှုကြောင့် ဒီရေကြီးမှုဖြစ်ပွား

**တောင်ကုတ် ဇူလိုင် ၁၆**

တောင်ကုတ်မြို့နယ်အတွင်း ဇူလိုင် ၁၅ ရက်က ပင်လယ်ပြင်၌ လေပြင်းကျရောက်၍ လှိုင်းကြီးမှုဖြစ်ပွားကာ ဒီရေများတိုးလာကြောင်း သိရသည်။

ထို့နောက် ဒီရေလှိုင်းများကြောင့် ကုလားရောင်ကျေးရွာအုပ်စု အောင်မင်းချောင်ကျေးရွာ၌ နေအိမ်ခြောက်လုံးကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကာ ကမ်းပါးပြိုကျနေသော ကမ်းနီးအိမ်ခြေ ၆၈ လုံးကို စောင့်ကြည့်လျက်ရှိပြီး ဖောင်းခါးကျေးရွာ၌ ဒီရေလှိုင်းများ တာပေါင်ကျော်ဝင်ရောက်မှုကြောင့် အနိမ့်ပိုင်း၌ နှစ်ပေခန့်ရေဝင်ရောက်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါ လှိုင်းကြီးမှုကြောင့် အရှေ့ဘက်ကျေးရွာအုပ်စု ကံဆိပ်မြောက် ကျေးရွာဆည်၌ ပေ ၃၀ ခန့်၊ တောင်ရွာကျေးရွာအုပ်စု ခါးမကျဆည်၌ ၇၈ ပေခန့်၊ မိုးကျေးရွာအုပ်စု အရှေ့သားဆည်၌ ၄၅ ပေခန့်၊ လက်ပန်ကျွန်းကျေးရွာအုပ်စု ဒေါ်ပုံဆည်၌ ပေ ၃၀ ခန့်နှင့် မအီမြို့ ချက်ဖောက်ကျေးရွာအုပ်စု ရွှေမြင့်မိုရ်ဆည်၌ ၃၆ ပေခန့် ကျိုးပေါက်ပျက်စီးသွားကြောင်းနှင့် စုစုပေါင်းဆည် ၅၀ ကျိုးပေါက်ပျက်စီးသွားကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မတူပီရိုးရာ လိုဆာခ်ခိုတူးပွဲတော်အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ



**မတူပီ ဇူလိုင် ၁၆**

မတူပီရိုးရာ လိုဆာခ်ခိုတူးပွဲတော်အခမ်းအနားကို ဇူလိုင် ဒုတိယပတ်က မတူပီ အ ထ က - ၁ ခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ယဉ်ကျေးမှုအဖွဲ့မှ ရိုးရာခိုတူးအကဖြင့် ဖျော်ဖြေတင်ဆက်ပြီး သဘာပတိဦးထန်ကျင်းမှ အမှာစကားပြောကြားကာ ရိုးရာလိုဆာခ်ခိုတူးပွဲတော်အကြောင်းကို ဒေါ်ယုံယုံက ဖတ်ကြားခဲ့သည်။

ထို့နောက် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့် စာပေပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲများတွင် ဆုရကျောင်းသား ကျောင်းသူများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်း၊ မြို့နယ်ဒုတိယပညာရေးမှူး ဦးရိုထန်း၊ မြို့မိမြို့ဖ ဦးထာလ်အွမ်း၊ အ ထ က- ၁ ကျောင်းအုပ်ဆရာကြီး ဦးယုံဒုတလင်း၊ ကျင်းပရေး ကော်မတီ ဥက္ကဋ္ဌ ဦးလင်းလောတို့က ဆုများချီးမြှင့်ခဲ့ ကြကြောင်းသိရသည်။

**ဆလိုင်းအွခ်လားဘိခ်(မတူပီ)**

# ကျေးရွာလူထုမှ ကိုယ့်အားကိုယ်ကိုး ကျောက်ဆွေးလမ်းခင်း

**သာစည် ဇူလိုင် ၁၆**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် ညောင်ရမ်းကျေးရွာအုပ်စု မကျီးရိုးကျေးရွာရှိ ကျေးရွာလူထုက မကျီးရိုးကျေးရွာနှင့် ဖျောက်ဆိတ်ကုန်းကျေးရွာသို့ ဆက်သွယ်ထားသည့် လမ်းမကြီးမှ လမ်းပိုင်း ၂ မိုင် ၄ ဖာလုံမှာ ပျက်စီးနေသည့်အတွက် သွားလာမှုခက်ခဲသောကြောင့်ကျေးရွာလူထုက ငွေကျပ်သိန်းပေါင်း ၁၇၀ ခန့် အကုန်အကျခံ၍ ကိုယ့်အားကိုယ်ကိုး ကျောက်ဆွေးလမ်းခင်းကျင်းမှုကို ဇူလိုင် ၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၁၅ ရက်တွင် ပြီးစီးသွားပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လမ်းပိုင်း ကျောက်ဆွေးခင်းကျင်းမှုကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က ဦးဆောင်၍ ကျေးရွာလူထုက ငွေအား/လုပ်အားများဖြင့် ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ ဒီလမ်းကြီးက လူသွားလူလာများတဲ့အပြင် ယာဉ်ကြီး/ယာဉ်ငယ်တွေလည်း မောင်းနှင်သွားလာမှုများပါတယ်။ မိုးရာသီရောက်တိုင်း ရေအားများတဲ့အခါမှာ လမ်းပိုင်းတွေက မိုးရေတိုက်စားမှုကြောင့် မကြာခဏ ပျက်စီးပါတယ်။ ၂၀၀၆ ခုနှစ်မှာ တစ်ကြိမ်ပျက်စီးခဲ့လို့ ကျေးရွာလူထုငွေနဲ့ပဲ ကျပ်သိန်း ၁၅၀ အကုန်အကျခံပြီး ပြုပြင်ခဲ့ပါသေးတယ်။ ၂၀၁၇ ခုနှစ်မှာ မိုးများမှုကြောင့် ဒုတိယအကြိမ် ပျက်စီးခဲ့လို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်က စက်အကူအညီပေးလို့ ကျေးရွာလူထုက စုပေါင်းပြီး ငွေကျပ်သိန်း ၅၀ နဲ့ ပြန်လည်ပြုပြင်ခဲ့ပါတယ်။ အခု ၂၀၁၈ ခုနှစ်မှာတော့ ရာသီမရွေးသွားလာနိုင်အောင် ကျွန်တော်တို့ ကျေးရွာကပဲ ငွေကျပ်သိန်းပေါင်း ၁၇၀ နဲ့ ကိုယ့်အား ကိုယ်ကိုး ကျောက်ဆွေးလမ်း ခင်းလိုက်တာပါ။ ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာကို လမ်းပြုပြင်ပေးဖို့ တင်ပြတောင်းခံခဲ့ပေမယ့် မရခဲ့ပါဘူး။ အခုတော့ ကိုယ့်အားကိုယ်ကိုး ကျေးရွာလူထုရဲ့ငွေ၊ လုပ်အားတွေနဲ့ပဲ ခင်းကျင်းလိုက်တာပါ" ဟု ယင်းကျေးရွာမှ ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။ **မောင်ကို(သာစည်)**

# အာဇာနည်နေ့အထိမ်းအမှတ် ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**မိုးကောင်း ဇူလိုင် ၁၆**

(၇၁)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ပန်းချီနှင့် စာစီစာကုံးပြိုင်ပွဲကို ကချင်ပြည်နယ် မိုးကောင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြီးမှူး၍ ယမန်နေ့က အရှေ့ရပ်ကွက်မူလတန်းကျောင်းနှင့် ဈေးကုန်းရပ်ကွက် ညောင်ပင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့၌ ကျင်းပရာ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းမှ ကျောင်းသား ကျောင်းသူ ၃၃၄ ဦး ပါဝင်ဖြေဆိုခဲ့ကြောင်း သိရသည်။

စာစီစာကုံးပြိုင်ပွဲ၌ အခြေခံပညာအထက်တန်းအဆင့်တွင် ဗိုလ်ချုပ်၏မြင့်မြတ်သော အာဇာနည်စိတ်ဓာတ်ခေါင်းစဉ်ဖြင့် ယှဉ်ပြိုင်သူ ၈၀၊ အလယ်တန်းအဆင့်တွင် သမိုင်းအမွေဆိုး ဇူလိုင်တစ်ဆယ့်ကိုး ခေါင်းစဉ်ဖြင့် ၆၁ ဦး၊ မူလတန်းအဆင့်တွင် အာဇာနည်နေ့စဉ်မမေ့ခေါင်းစဉ်ဖြင့် ၂၈ ဦး၊ ပန်းချီပြိုင်ပွဲ၌ အခြေခံ ပညာအထက်တန်းအဆင့်တွင် ယှဉ်ပြိုင်သူ ၃၇ ဦး၊ အလယ်တန်းအဆင့်တွင် ၈၅ ဦး၊ မူလတန်းအဆင့်တွင် ၄၃ ဦး စုစုပေါင်း စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် မြို့နယ် ကျောင်းများရှိ ကျောင်းသား ကျောင်းသူ ၃၃၄ ဦးပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို ဇူလိုင် ၁၉ ရက် အာဇာနည်နေ့၌ မိုးကောင်းခန်းမတွင် ကျင်းပမည့် မြို့နယ်ကျောင်းပေါင်းစုံ ကဗျာရွတ်စွမ်းရည်ပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပြောပြိုင်ပွဲအပြီး ဆုများပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

**ဝင်းနိုင် (ကချင်မြေ)**



ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊ စွမ်းအင်လည်းရ၊ ပြည်လည်းလှ။

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများ အချိန်မီပြန်လည်တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းလျှောက်လွှာများအား ၇-၆-၂၀၁၈ရက်မှစ၍ တိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ထုတ်ပေးလျက်ရှိရာ **၂၆-၇-၂၀၁၈** ရက်တွင် လျှောက်လွှာများ ပိတ်သိမ်းမည်ဖြစ်ပါသဖြင့် လျှောက်လွှာထုတ်ယူလိုသူများ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် သွားရောက်ထုတ်ယူနိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများ အနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား မိမိတို့လျှောက်လွှာ ထုတ်ယူရရှိသည့် တိုင်းစစ်ဌာနချုပ်များသို့ **လျှောက်လွှာပိတ်ရက်မတိုင်မီ အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးနှိုးဆော်အပ်ပါသည်။** အသေးစိတ်သိရှိလိုပါက စစ်ရာထူးခန့်ချုပ်ရုံး ဖုန်းနံပါတ်-၀၃၆-၃၀၃၃၁၊ ၀၃၆-၃၀၃၃၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

---

### ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ညောင်အိုင်၊ အလက(ခွဲ) အဌမတန်းမှ မောင်ဖြိုးဝေထွန်းနှင့် တတိယတန်းမှ မောင်ဝဏ္ဏထွန်း တို့၏ဖခင် ဦးဇော်မိုး၏အမည်မှန်မှာ ဦးကျော်စိုး ၇/ညလပ(နိုင်)၁၁၈၇၅၈ ဖြစ်ပါကြောင်း။ **ဦးကျော်စိုး**

### ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ငှက်သိုက် အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပဉ္စမတန်းမှ မအေးပပအောင်၏ ဖခင် ဦးအောင်ဆန်းဦး၏ အမည်မှန်မှာ မောင်ဆန်းဦး ၉/ရမသ(နိုင်)၁၁၃၂၈၀ ဖြစ်ပါကြောင်း။ **မောင်ဆန်းဦး**

### ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ငှက်သိုက် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ) နဝမတန်းမှ မောင်ကျော်မင်းထွန်း၏ဖခင် ဦးအောင်ဆန်းလင်း၏ အမည်မှန်မှာ ဦးဆန်းလင်း ၉/သပက(နိုင်) ၀၀၀၀၄၃ ဖြစ်ပါကြောင်း။ **ဦးဆန်းလင်း**

### အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ ကုလားမျော ကျေးရွာနေဦးဌေးအောင်၏သမီး မလမင်းသူဇာအောင်၏ အမည်မှန်မှာ မလမင်းသူဇာဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၁-၆-၁၉၉၉ဖြစ်ပါကြောင်း။ **မလမင်းသူဇာ**

### ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ကျောင်းဖြူကုန်းမူလတန်းကျောင်း စတုတ္ထတန်းမှ မနန်းဝင့်ဝါနှင့် တတိယတန်းမှ မနန်းဝတ်ရည် တို့၏ ဖခင်အမည်မှန်မှာ ဦးမြင့်လွင်ထွန်း ၁၄/လပတ(နိုင်)၁၅၅၆၀၃ ဖြစ်ပါကြောင်း။ **ဦးမြင့်လွင်ထွန်း**

---

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
### ပညာရေးဝန်ကြီးဌာန
### နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန
## သင်တန်းသားများခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် တိုတယ်မြန်မာရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (ရတနာစီမံကိန်း)တို့ ပူးပေါင်း၍ ဂဟေဆက်သင်တန်းအမှတ်စဉ်(၈)အား အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ဖွင့်လှစ်ပါမည်-

| | | |
|---|---|---|
| **သင်တန်းဖွင့်လှစ်မည့်ရက်** | - | ၂၀၁၈ ခုနှစ် ဩဂုတ် ၂၀ ရက် |
| **သင်တန်းဖွင့်လှစ်မည့်နေရာ** | - | ရတနာဂဟေဆက် နည်းပညာသင်တန်းကျောင်း (အောင်ဆန်း) [ယခင် စက်ပစ္စည်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ပညာသင်ကျောင်း(အောင်ဆန်း) ကျောင်းဂိတ်မှတ်တိုင်အနီး]၊ အောက်မင်္ဂလာဒုံလမ်းမကြီး၊ စဉ့်ငူရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၇၇၇၃၈၇၃၆၉၊ ၀၉-၄၂၆၁၄၉၆၁၉ |
| **သင်တန်းကာလ** | - | ရက်သတ္တ ၁၂ ပတ် |

၂။ သင်တန်းအမှတ်စဉ် (၈)တွင် သင်တန်းသား ၁၅ ဦးလက်ခံသင်ကြားပေးပါမည်။
၃။ လျှောက်ထားသူသည်-
(က) အခြေခံပညာအလယ်တန်းအောင်မြင်ထားပြီး အခြေခံအင်္ဂလိပ်စာ နားလည်ဖြစ်ရမည်။
(ခ) အကျင့်စာရိတ္တကောင်းမွန်ပြီး လုပ်ငန်းခွင်နှင့်သင့်တော်သော ကျန်းမာရေးရှိရပါမည်။
(ဂ) သင်တန်းတက်ခွင့်ရသောနေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး အသက် ၃၅နှစ်ထက် မကြီးသူဖြစ်ရပါမည်။
၄။ လုပ်ငန်းခွင်ကျွမ်းကျင်သောသူများမွေးထုတ်ပေးနိုင်ရေးအတွက် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်ပါသည်။ သင်တန်းစာမေးပွဲအောင်မြင်သူများမှာ အသိအမှတ်ပြုအောင်လက်မှတ်ရရှိမည်ဖြစ်ပါသည်။
၅။ ရတနာဂဟေဆက်နည်းပညာသင်တန်းကျောင်းသို့ တက်ရောက်ခွင့်ရသူများသည် သင်တန်းကြေးအခမဲ့ဖြစ်ပြီး အသိအမှတ်ပြုအောင်လက်မှတ်ရ ထူးချွန်သော ကျောင်းသားများကို လက်တွေ့လုပ်ငန်းခွင်သင်တန်း ၄လမှ ၆လအထိ တက်နိုင်ရန် ကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးပါမည်။ လက်တွေ့လုပ်ငန်းခွင်သင်တန်းတက်ရောက်ခွင့်ရပါက ရတနာစီမံကိန်းမှ သင်တန်းကာလတစ်လျှောက် သင့်လျော်သော ထောက်ပံ့ကြေးပေးမည်ဖြစ်ပါသည်။
၆။ သင်တန်းသားအတွက်လိုအပ်သောလုပ်ငန်းခွင်ဘေးအန္တရာယ်ကာကွယ်ရေးဝတ်စုံ (Personal Protective Equipment)အတွက် ကုန်ကျစရိတ်ကို သင်တန်းသားမှ ကိုယ်တိုင်ကျခံရပါမည်။
၇။ သင်တန်းလျှောက်လွှာများကို ရတနာဂဟေဆက် နည်းပညာသင်တန်းကျောင်း (အောင်ဆန်း)တွင် ၂၃-၇-၂၀၁၈ ရက်မှစတင်၍ နံနက် ၉း၃၀နာရီမှ ညနေ ၄း၀၀နာရီ အတွင်းထုတ်ယူနိုင်ပြီး လျှောက်လွှာများအား ပတ်စ်ပို့ဆိုဒ်ရောင်စုံဓာတ်ပုံနှစ်ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ မွေးသက္ကရာဇ်နှင့် ပညာအရည်အချင်းအတွက် ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်တို့နှင့်အတူ အဆိုပါသင်တန်းကျောင်းတွင် ၁၀-၈-၂၀၁၈ ရက် နောက်ဆုံးထားပြီး ပြန်လည်လျှောက်ထားနိုင်ပါသည်။
၈။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရတနာဂဟေဆက် နည်းပညာသင်တန်းကျောင်း(အောင်ဆန်း) ဖုန်း-၀၉-၇၇၇၃၈၇၃၆၉၊ ၀၉-၄၂၆၁၇၉၆၁၉ တို့သို့ ရုံးချိန်အတွင်း နံနက် ၉း၃၀ နာရီမှ ညနေ ၄း၀၀ နာရီအတွင်း စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

---

### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်ဘူတာအနီးရှိ မြန်မာ့မီးရထားပိုင်ရိပ်သာအနီး မြေလွတ် မြေနေရာအကျယ်အဝန်း(၂.၃)ဧကနှင့် ဘူတာအနောက်ဘက် ကညနရုံးအနီး(၃.၀၉)ဧက၌ ဒေသနှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရေးအတွက် စိတ်ဝင်စားမှု အဆိုပြုလွှာ (Expression of Interest EOI)တင်သွင်းရန် ဖိတ်ခေါ်ခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်ဘူတာ၊ ရိပ်သာအနီး မြေလွတ်မြေနေရာ အကျယ်အဝန်း(၂.၃)ဧကနှင့် ဘူတာအနောက်ဘက် ကညနရုံးအနီး(၃.၀၉)ဧက နေရာများ၌ ဒေသနှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်းများ(ဟိုတယ်လုပ်ငန်းများ၊ Shopping Centre၊ ယာဉ်မောင်းသင်တန်းများ၊ အထပ်မြင့်လူနေဆိုင်ခန်းများ၊ စာသင်ကျောင်းများ၊ သင်တန်းကျောင်းများ၊ ယာဉ်ရပ်နားရန်နေရာပါဝင်သည့် အခြားလုပ်ငန်းများ)အတွက် မြန်မာနိုင်ငံသား ပြည်တွင်း လုပ်ငန်းရှင်များအား စိတ်ဝင်စားမှုအဆိုပြုလွှာ(EOI)များ တင်သွင်းရန် ဖိတ်ခေါ်ပါသည်။
၂။ အဆိုပါ(EOI)အတွက် စည်းကမ်းချက်များ၊ လုပ်ထုံးလုပ်နည်းများ အပြည့်အစုံ ဖော်ပြထားသည့် လျှောက်လွှာပုံစံများကို တစ်စုံလျှင် ကျပ် ၁၀၀၀၀ နှုန်းဖြင့် ၁၇-၇-၂၀၁၈ရက်မှ ၃၁-၇-၂၀၁၈ရက်အထိ မန္တလေးဘူတာကြီး၊ တတိယထပ်ရှိ မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃)ရုံး ဖုန်း-၀၂-၄၀၆၆၇၆၄၌ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။
၃။ (EOI)အဆိုပြုလွှာတွင် ဖော်ပြရမည့်အချက်အလက်များကို ပြည့်စုံစွာ ဖော်ပြ၍ မန်နေဂျာ (စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃)ရုံးသို့ ၃၁-၈-၂၀၁၈ရက် ၁၆း၃၀နာရီနောက်ဆုံးထား၍ ပေးပို့သွားရန် ဖြစ်ပါသည်။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသည့်(EOI)အဆိုပြုလွှာ များကို လက်ခံစဉ်းစားမည်မဟုတ်ပါ။
၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ ဖုန်း-၀၂-၄၀၃၅၁၇၂၊ အထွေထွေမန်နေဂျာ(အထက်မြန်မာပြည်)ရုံး ဖုန်း-၀၂-၄၀၃၅၈၂၉၊ မန်နေဂျာ(စီးပွားရေး/တိုင်း)၊ တိုင်းအမှတ်(၃) ဖုန်း-၀၂-၄၀၆၆၇၆၄တို့ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးနှင့် စိစစ်ရေးကော်မတီ**

---

### INVITATION TO OPEN PREQUALIFICATION OF BIDDING

The Irrigation and Water Utilization Management Department (IWUMD), Ministry of Agriculture, Livestock and Irrigation, announces the PREQUALIFICATION of International Competitive Bidding for "Procurement of Construction Machineries and Cutter Suction Dredger for IWUMD" under the Agriculture Income Improvement Project in Shwebo Area, Sagaing Region based on the Loan Aggrement (Loan No.: MY-P25) signed on 29th March, 2018 between the Japan International Cooperation Agency (JICA) and the Ministry.

The procurement works shall consist of equipment supply, site assembling, test-run, training and commissioning for the construction machineries. Please note that Joint Ventures are acceptable.

| Sr.No. | Bidding No. | Description | Qty. | Remarks |
|---|---|---|---|---|
| 1. | AIIP-Package 4-1 | Procurement of Construction Machineries and Special Vehicles for IWUMD | 1 Package | |
| 2. | AIIP-Package 4-2 | Procurement of Cutter Suction Dredger for IWUMD | 1 Package | |

A complete set of prequalification documents is available in Myanmar Kyat (50,000/-) from 10:00 to 12:00 and 14:00 to 16:00 in the working days from 16th to 23rd, July, 2018 at Procurement Director Office of Irrigation and Water Utilization Management Department, Building No. (43), Nay Pyi Taw and closing date will be 16th, August, 2018 during office hours. Submission of the Documents later than closing date will not be considered.

Contact: Director Office, Procurement Branch, IWUMD.
Telephone: +95-673-410316

---

### ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ တလင်းကုန်းကျေးရွာ အထက၊ ဒုတိယတန်းမှ မအေးမြတ်သူ၏ ဖခင်အမည်မှန်မှာ ဦးမောင်စန်း ၉/ကပတ(နိုင်)၁၅၆၈၉၅ ဖြစ်ပါကြောင်း။ **ဦးမောင်စန်း**

### ဖခင်အမည်မှန်

အောင်မြေသာစံမြို့နယ်၊ အထက (၂၀)၊ ဆဌမတန်း(ခ)မှ မောင်နိုင်မင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးတင်အောင်လတ်(MDYNW-၀၄၂၁၀၅) ဖြစ်ပါကြောင်း။ **ဦးတင်အောင်လတ်**

### ဖခင်အမည်မှန်

ကျောက်ပန်းတောင်းမြို့နယ်၊ မကျီးတိုင်းကျေးရွာ အထက(ခွဲ)၊ တက္ကသိုလ်ဝင်တန်းမှ မောင်ကောင်းထက်ဇော်၏ဖခင်အမည်မှန်မှာ ဦးလဂျာ ၇/ပမန(နိုင်)၁၂၆၇၃၈ဖြစ်ပါကြောင်း။ **ဦးလဂျာ**

### အမည်ပြောင်း

ဦးအောင်လင်း၏သား မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ ငါန်းဇွန်မြို့နယ်၊ ငါန်းမြာကြီး အထက၊ ဒုတိယတန်းမှ မောင်ဘုန်းထက်မြတ်ဇင်အား မောင်မင်းမင်းသန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းမင်းသန့်**

### ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက(ခွဲ) ဝမ်းတွင်း(၁)၊ အဌမတန်းမှ မချမ်းမြေ့သူ၏ ဖခင်အမည်မှန်မှာ ဦးမြင့် ၉/မလန(နိုင်)၀၂၈၅၆၅ဖြစ်ပါကြောင်း။ **ဦးမြင့်**

### ဖခင်အမည်မှန်

ရမည်းသင်းမြို့နယ်၊ ငှက်သိုက်အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ပဉ္စမတန်းမှ မမီမီထွန်း၏ဖခင် ဦးဝင်းထွန်း၏ အမည်မှန်မှာ ဦးနေဝင်းထွန်း ၉/ရမသ(နိုင်)၁၅၆၆၂၃ ဖြစ်ပါကြောင်း။ **ဦးနေဝင်းထွန်း**

### ဖခင်အမည်မှန်

ဝမ်းတွင်းမြို့နယ်၊ အထက သဲတော၊ တက္ကသိုလ်ဝင်တန်းမှ မောင်ဟန်ဆွေ၏ ဖခင်အမည်မှန်မှာ ဦးဘိုထွေး၉/ဝတန(နိုင်)၀၃၈၃၉၉ ဖြစ်ပါကြောင်း။ **ဦးဘိုထွေး**

### တစ်ဦးတည်းဖြစ်ပါကြောင်း

ရမည်းသင်းမြို့၊ ဝါတိုးအရှေ့ရပ်ကွက်နေ တတိယနှစ်ကျောင်းသူ မပြည့်ပြည့်ဖြိုး၏ဖခင် ဦးရဲဝင့်အောင်နှင့် ဦးဇော်မိုးအောင် ၉/ရမသ(နိုင်)၁၀၂၉၃၇ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးရဲဝင့်အောင်(ခ)ဦးဇော်မိုးအောင်**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/5145, TOYOTA KLUGER ACU 20ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဌေး ၅/ရဘန(နိုင်)၀၀၉၇၅၄က ဖောင်းကြွ ပျောက်ဆုံး၍ လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရွှေဘို)၊ ရွှေဘိုမြို့**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4B/5852 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

### ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ ဇရပ်ကြီး အထက အဌမတန်းမှ မစန္ဒာဌေး၏ ဖခင်အမည်မှန်မှာ ဦးအောင်ခိုင် ၉/တကန(နိုင်)၁၅၀၆၂၇ ဖြစ်ပါကြောင်း။ **ဦးအောင်ခိုင်**

### ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ ဇရပ်ကြီး အထက နဝမတန်းမှ မောင်သန့်ဇင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဇော် ၉/တသန(နိုင်)၀၁၆၈၉၉ ဖြစ်ပါကြောင်း။ **ဦးမြင့်ဇော်**

### ဖခင်အမည်မှန်

လယ်ဝေးမြို့၊ သာဝတ္တိ အထက တက္ကသိုလ်ဝင်တန်း(E)မှ မအေးဖြူခိုင်၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင်ဦး ၉/လဝန(နိုင်) ၁၄၆၀၀၁ ဖြစ်ပါကြောင်း။ **ဦးအောင်နိုင်ဦး**

### အမည်ပြောင်း

ဆင်ပေါင်ဝဲမြို့နယ်၊ လှေဝန်းကျေးရွာနေ ဦးနိုင်လင်း(ခ)ဦးတင်မောင်ထွန်းနှင့် ဒေါ်ချိုသဲအေးတို့၏သား အထက(ချောင်းကောက်)တက္ကသိုလ်ဝင်တန်း(D)မှ မောင်ရှင်ပုညအားမောင်မျိုးကိုကိုအောင်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မျိုးကိုကိုအောင်**

### ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ သာစည် အထက(ခွဲ)နဝမတန်းမှ မောင်ခင်မောင်ချင်း၏ ဖခင်အမည်မှန်မှာ ဦးသန်းနိုင် ၉/တသန(နိုင်)၁၆၈၉၁၀ ဖြစ်ပါကြောင်း။ **ဦးသန်းနိုင်**

### ဖခင်အမည်မှန်

နေပြည်တော်၊ လယ်ဝေးမြို့နယ် အထက(၆)တက္ကသိုလ်ဝင်တန်း(E)မှ မဟံသာဦး၏ဖခင် အမည်မှန်မှာ ဦးအောင်ဆန်းဝင်း ၉/လဝန(နိုင်) ၁၆၀၈၉၂ ဖြစ်ပါကြောင်း။ **ဦးအောင်ဆန်းဝင်း**

### ဖခင်အမည်မှန်

မင်းဘူးမြို့၊အထက(၁) တက္ကသိုလ်ဝင်တန်း(C)မှ မောင်ကောင်းဆက်လင်း (C-၉၇၁၇)၏ ဖခင်အမည်မှန်မှာ ဦးအုန်းမြင့် ၁၃/နမတ(နိုင်)၀၀၉၉၅၀ ဖြစ်ပါကြောင်း။ **ဦးအုန်းမြင့်**

### ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ သာစည် အထက(ခွဲ) အဌမတန်းမှ မအိဖြူမိုး ပဉ္စမတန်းမှ မောင်နိုင်မင်းလတ်၊ KG တန်းမှ မသဒ္ဒါထက်တို့၏ဖခင်အမည်မှန်မှာ ဦးရဲမြင့် ၉/တသန(နိုင်) ၁၆၇၈၉၀ ဖြစ်ပါကြောင်း။ **ဦးရဲမြင့်**

### တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊မြောက်လူးကန်ကျေးရွာ အထက (၃) ပခုက္ကူမှ တက္ကသိုလ်ဝင်တန်းအောင် မလှဧကရီ၏ဖခင် ဦးတင်မောင်ဆွေ ၈/ပခက(နိုင်)၀၅၃၁၇၉(ခ) ဦးတင်မောင်ရွှေမှာ တစ်ဦးတည်းဖြစ်ကြောင်း။ **ဦးတင်မောင်ဆွေ(ခ)ဦးတင်မောင်ရွှေ**

### ဖခင်အမည်မှန်

မကွေးမြို့၊ လမ်းပြကြယ်ကိုယ်ပိုင် အထက်တန်းကျောင်းမှ ၂၀၁၇-၂၀၁၈ပညာသင်နှစ်တွင် (ဖမ-၉၂၂) ဖြင့် တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သော မသဇင်ဖြိုးနှင့် အထက(ခွဲ) ဆားစည့် နဝမတန်းမှ မဖူးပွင့်ငြိမ်း တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်သိန်းထွေး ၈/မကန(နိုင်)၁၅၀၁၅၃ ဖြစ်ပါကြောင်း။ **ဦးအောင်သိန်းထွေး**

### ဖခင်အမည်မှန်

တောင်သာမြို့နယ်၊ သာစည် အထက(ခွဲ)နဝမတန်းမှ မောင်ဝေယံထွန်း၊ သတ္တမတန်းမှ မမေသူဇော်၊ ကိုင်းအမက စတုတ္ထတန်းမှ မောင်ခန့်သီဟဇော်၊ ဒုတိယတန်းမှ မောင်နိုင်းနိုင်းတို့၏ဖခင်အမည်မှန်မှာ ဦးထိန်လင်းဦး ၉/မထလ(နိုင်)၂၆၅၄၅၉ ဖြစ်ပါကြောင်း။ **ဦးထိန်လင်းဦး**

### တစ်ဦးတည်းဖြစ်ကြောင်း

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်၊ မြောက်လူးကန်ကျေးရွာ၊ အထက(၃)ပခုက္ကူမှ တက္ကသိုလ်ဝင်တန်းအောင် မလှဧကရီ၏မိခင် ဒေါ်တီစိန် ၈/ပခက(နိုင်)၁၂၂၃၁၀ (ခ)ဒေါ်အန်တီ(ခ) ဒေါ်အန်တီစိန်မှာ တစ်ဦးတည်း ဖြစ်ကြောင်း။ **ဒေါ်တီစိန်(ခ)ဒေါ်အန်တီ(ခ) ဒေါ်အန်တီစိန်**

# အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

S.D Development Co., Ltd. Sein Daung Superstore (သပြေကုန်း) နေပြည်တော်ဆိုင်သစ်ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးပင် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်းနှင့် ဆတက်ထမ်းပိုး တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

**ဒို့ခေတ်အရုပ်ဆိုင်**
**ဦးခင်မောင်ဦး-**
**ဒေါ်ခင်မြတ်မိုး**

**လောကနတ်(သင်္ကန်း)**
**ဦးစိုးမြင့်-**
**ဒေါ်အေးအေးသန်း**
**လောကနတ်သင်္ကန်း၊**
**ရန်ကုန်မြို့**

Lucky 7
Modern Furniture
**ခန်းဆီးလိုက်ကာ**
**ချုပ်လုပ်တပ်ဆင်ရေး**
